# ကြေးမုံ

The Mirror Daily

Established in 1957

၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့။ Thursday, 7 January 2021 ၁၀၂၅၀


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(မွေပဒ-၁၇၂)

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ကြေညာချက်အမှတ်( ၁/၂၀၂၁ )
၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

### တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၃၊ ၁၂၄ ပုဒ်မခွဲ(ခ)၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၇ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက် (၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

(ပုံ) တီခွန်မြတ်
ဥက္ကဋ္ဌ

## တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားလွှတ်တော်
ကြေညာချက်အမှတ် ( ၁ /၂၀၂၁ )
၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်
( ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် )

### တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅ နှင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၇ တို့အရ၊ တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက် (၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်) တနင်္လာနေ့၊ နံနက် (၁၀) နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ

# မြစ်ကြီးနားမြို့၌ အပျော်စီးရေပေါ်စက်ဘီးစီးဆိုင် စတင်ဖွင့်လှစ်

မြစ်ကြီးနား ဇန်နဝါရီ ၆

**ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ အပျော်စီးရေပေါ်စက်ဘီးစီးဆိုင်အား ပထမဆုံးအကြိမ်အဖြစ် မြို့နယ်စည်ပင်သာယာရေးရုံးအနီး ဧရာဝတီမြစ်ကမ်းဘေး၌ ယမန်နေ့က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။**

ရေပေါ်စက်ဘီးစီးဆိုင်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ "အခု ကိုဗစ်-၁၉ ကာလမှာ စာသင်ကျောင်းတွေကလည်း ပိတ်ထားတယ် ဆိုတော့ မြို့ပေါ်မှာရှိတဲ့ လူငယ်တွေ လမ်းမှားမရောက်အောင် မူးယစ်ဆေးဝါးနဲ့လည်း ဝေးအောင်၊ ကျန်းမာရေးအတွက်လည်း ကောင်းအောင် ဖွင့်လှစ်ထားတာပါ။ ဖွင့်တဲ့နေ့က အခမဲ့စီးခွင့်ပေးပါတယ်၊ စက်ဘီးစီးခဆိုရင် တစ်ဦးကို နာရီဝက် ကျပ် ၃၀၀၀ နှုန်း၊ နှစ်ဦးငှားမယ်ဆိုရင်တော့ ကျပ် ၅၀၀၀ နှုန်းနဲ့ ငှားပေးသွားမှာပါ"ဟု ဆိုင်ပိုင်ရှင် ဦးဆိုင်းခွမ်က ပြောသည်။



ရေပေါ်စက်ဘီး စီးသူများအနေဖြင့် စက်ဘီးပေါ်မတက်မီ အသက်ကယ်အင်္ကျီများ ဝတ်ဆင်ရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အဆိုပါ ရေပေါ်စက်ဘီးစီးဆိုင်ကို နံနက် ၈ နာရီမှ ညနေ ၅ နာရီထိ ဖွင့်သွားမည်ဖြစ်ပြီး ယခုလို ရေပေါ်စက်ဘီးစီးဆိုင်ကို ကချင်ပြည်နယ် မိုးညှင်းခရိုင် အင်းတော်ကြီးဒေသနှင့် ဖားကန့်မြို့တို့တွင် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

စိန်ဝင်း(မြန်/ဆက်)


ကြေးမုံ ယနေ့ ဖတ်စရာ

ဆေးတက္ကသိုလ်နောက်ဆုံးနှစ် အပိုင်း(ခ)နောက်ဆက်တွဲ အတန်း ဇန်နဝါရီလ တတိယပတ်တွင် ဖွင့်လှစ်နိုင်ရန် စီစဉ် စာမျက်နှာ » ၃

စင်ကာပူနိုင်ငံ အောင်မြင်ခြင်း လျှို့ဝှက်ချက် ၅၀ ဆောင်းပါး စာမျက်နှာ » ၆

ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ဆေး ဝယ်ယူရန်အတွက် ဧရာဝတီဖောင်ဒေးရှင်းက ငွေကျပ်နှစ်ဘီလီယံ လှူဒါန်း စာမျက်နှာ » ၁၁



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

## ကြေးမုံ

# မျိုးဆက်သစ်များကို ပျိုးထောင်မြှင့်တင်

မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀–၂၀၂၄) စာအုပ် မိတ်ဆက်ခြင်းအခမ်းအနားကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့က နေပြည်တော်တွင် အွန်လိုင်းဖြင့် ကျင်းပခဲ့ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဗီဒီယိုဖြင့် သတင်းစကားပါးခဲ့သည်။ တစ်ဆက်တည်းတွင် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁–၂၀၃၀) ရေးဆွဲရေးအတွက် လူငယ်ရေးရာကော်မတီဝင်များ အွန်လိုင်းစနစ်ဖြင့် ညှိနှိုင်းဆွေးနွေးနေကြသည်။

လူငယ်ဟူသည် နိုင်ငံအတွက်အရေးပါသော သားကောင်းရတနာများ ဖြစ်သည်။ ထို့ကြောင့် လူငယ်များအား ပြုစုပျိုးထောင်မြေတောင်မြှောက် ပေးကြသည်။ ပြုစုပျိုးထောင်ပေးနိုင်ခြင်း၊ မပေးနိုင်ခြင်းအပေါ်မူတည်၍ လူငယ်များသည် အနာဂတ်အတွက် ကောင်းမွေ၊ ဆိုးမွေတို့ကို ဖန်တီးပေးနိုင်သည်။ ကမ္ဘာပေါ်တွင် လူဦးရေစုစုပေါင်း၏ ၁၈ ရာခိုင်နှုန်းမှာ လူငယ်လူရွယ်များဖြစ်ပြီး မြန်မာနိုင်ငံတွင် လူဦးရေ၏သုံးပုံတစ်ပုံမှာ လူငယ်များဖြစ်သည်။ လူငယ်များသည် မကုန်ခန်းနိုင်သော အရင်းအမြစ်များဖြစ်၍ လူငယ်များအား ပြုစုပျိုးထောင်ခြင်းသည် အနာဂတ်နိုင်ငံအတွက် ရင်းနှီးမြှုပ်နှံပေးခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော်နိုင်ရန် လူငယ်များ၏ စွမ်းရည်မြှင့်တင်ရေးနှင့် ပါဝင်မှုအခန်းကဏ္ဍ မြင့်မားရေးအတွက် လူငယ်များ ကိုယ်တိုင် ပါဝင်ရေးဆွဲထားသော လူငယ်ရေးရာမူဝါဒကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် အတည်ပြုပြဋ္ဌာန်းထားသည်။ ထို့နောက် လူငယ်ရေးရာ မူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို မိတ်ဆက်ပြီးနောက် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကို ရေးဆွဲနေကြပြီဖြစ်သည်။

မျက်မှောက်ကာလတွင် လူငယ်လူရွယ်များသာမက ကလေးသူငယ်များ၏ ဘဝများသည်လည်း အရေးကြီးသော အချိန်အခါသို့ရောက်ရှိနေသည်။ ခေတ်ကာလ၏ ပြောင်းလဲဖြစ်ပေါ်လာမှုအခြေအနေများ၊ လူမှုဘဝနယ်ပယ် အလိုက် ကြီးမားသည့်စိန်ခေါ်မှုများကြောင့် ကလေးသူငယ်၊ လူငယ်လူရွယ် များအား ကာကွယ်စောင့်ရှောက် ပျိုးထောင်မြေတောင်မြှောက်ရေးကို အထူးဦးစားပေး ဆောင်ရွက်ပေးရမည့်အချိန်ဖြစ်သည်။ လူငယ်ရေးရာ မူဝါဒတွင် ပညာရေးကဏ္ဍသည် အဓိကကျသဖြင့် ပညာကိုအခြေခံသည့် လူငယ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာအောင် ဖန်တီးပေးရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် အနာဂတ်စွမ်းအားစုများသည် ကလေးသူငယ်၊ လူငယ်လူရွယ်များဖြစ်သည်။ ၎င်းတို့အတွက် အမျိုးသားပညာ ရေးစီမံကိန်းကို ရေးဆွဲချမှတ်ရာတွင် ထိခိုက်လွယ်သည့်အုပ်စုများ မကျန် အောင်ရေးဆွဲရေးသည်အရေးကြီးသည်။ မသန်စွမ်းကလေးသူငယ်လူငယ်များ၊ ရွှေ့ပြောင်း လုပ်သားလူငယ်များ၊ သဘာဝဘေးနှင့်ပဋိပက္ခအန္တရာယ်များကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေသူများ၊ မတူကွဲပြားသည့် လိင်စိတ် ကိုင်းညွတ်မှုနှင့် လိင်ဝိသေသခံယူမှုရှိသည့် လူငယ်များ၊ တိုင်းရင်းသား မျိုးနွယ်စုများနှင့် ဝေးလံဒေသမှ လူငယ်များ၊ လူကုန်ကူးခံရသူများ၊ မူးယစ် ဆေးဝါးစွဲနေသောလူငယ်များနှင့် ဆေးဖြတ်ပြီးသူလူငယ်များ၊ လေလွင့် လူငယ်များ၊ ဆင်းရဲပင်ပန်းရုန်းကန်နေကြရသောလူငယ်များ၊ ခုခံအားကျဆင်း မှုရောဂါ ခံစားနေရသောလူငယ်များ၊ လိင်လုပ်သား လူငယ်များ၊ သက်ငယ် မုဒိမ်းမှုကျူးလွန်ခြင်းခံရသူများသည် အရေးကြီးသောအုပ်စုများဖြစ်သည်။

အဆိုပါ လူငယ်အုပ်စုများကို ထည့်သွင်းစဉ်းစားကာ အရည်အသွေး ပြည့်ဝပြီး လိုအပ်သောကျွမ်းကျင်မှုများ ရရှိနိုင်စေရန် အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာ သင်ကြားပေးမှုများ၊ လုပ်သားဈေးကွက် လိုအပ်ချက်များ အပေါ်မူတည်၍ လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အစီအစဉ်များကို ကျေးလက်ဒေသများအထိ ခရီးရောက်နိုင်ရေးနှင့် ပညာသင်ယူမှုအခွင့်အလမ်းနည်းပါးသော ကလေးသူငယ်များအတွက် ကျောင်းပြင်ပပညာနှင့် တစ်သက်တာပညာရေးအစီအမံများကို ဆက်စပ် ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ လူငယ်ရေးရာကော်မတီဝင်များ လက်တွဲ ပူးပေါင်းဆောင် ရွက်နေကြသည်မှာ အားတက်စရာဖြစ်သည်။

သို့ဖြစ်ရာ ကလေးသူငယ်၊ လူငယ်လူရွယ်များသည် အနာဂတ်နိုင်ငံ အတွက် အရေးပါသော အရင်းအနှီးများဖြစ်သည်။ ကလေးသူငယ် လူငယ် လူရွယ်များနှင့်သက်ဆိုင်သည့် မဟာဗျူဟာစီမံကိန်းများကို သက်ဆိုင်ရာ ဌာနများ၊ ဆက်နွယ်အဖွဲ့အစည်းများ ပူးပေါင်းလက်တွဲပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်နေပြီဖြစ်ရာ နိုင်ငံအနာဂတ်ကို ပုံဖော်ထုဆစ်ကြမည့် ကလေးသူငယ်၊ လူငယ်လူရွယ် ဖွံ့ဖြိုးရေးကို တိုင်းပြည်၏အမျိုးသားရေးဟု ခံယူပြီး ဝိုင်းဝန်းလက်တွဲ အကောင်အထည်ဖော်ကြရမည် ဖြစ်ပါကြောင်း။ ။

# နေပြည်တော် သံဝေဇနိယလေးဌာန၏ မဟာဗောဓိစေတီတော်ကြီးတွင် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် သံဝေဇနိယလေးဌာနရှိ မဟာဗောဓိ စေတီတော်ကြီး၌ အဌမအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

**တက်ရောက် ကြည်ညို**

အခမ်းအနားသို့ သံဝေဇနိယ လေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ တပ်ကုန်းမြို့ ရွှေအင်းရိပ်သာ ကျောင်းတိုက်၊ နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တပညာသာမိ အမှူးပြုသော ဆရာတော်ကြီး ငါးပါးကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက် ကြည်ညိုကြသည်။

**လှူဖွယ်ပစ္စည်းများ ဆက်ကပ်**

အခမ်းအနားတွင် နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ ဘဒ္ဒန္တပညာသာမိထံမှသာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အမှူးပြုသော ဌာနဆိုင်ရာ အကြီးအကဲများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်ကို နာယူကြည်ညိုတော်မူကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပဋ္ဌာန်းစာအုပ်၊ ပဋ္ဌာန်းအိုးနှင့် လှူဖွယ်ပစ္စည်းကို ဆက်ကပ်လှူဒါန်းပြီး တာဝန်ရှိပုဂ္ဂိုလ်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။



**အမျှပေးဝေ**

ထို့နောက် နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တပညာသာမိထံမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက အနုမောဒနာတရား နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် သံဝေဇနိယလေးဌာနရှိ မဟာဗောဓိစေတီတော်ကြီးတွင် အဌမအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၆ ရက်မှ ၁၀ ရက်အထိ ပူဇော်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၆–၁–၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၉,၈၀၀ | ၂,၁၄၇ | ၂၀,၆၇၈,၃၀၀ |
| MTSH | ၃,၈၀၀ | ၃,၇၅၀ | ၉,၁၈၅ | ၃၃,၇၁၆,၁၅၀ |
| MCB | ၈,၂၀၀ | ၈,၀၀၀ | ၄၅၀ | ၃,၆၁၀,၀၀၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၀ | ၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၅၇ | ၁၅၉,၆၀၀ |
| EFR | ၃,၆၅၀ | ၃,၇၀၀ | ၈၉၆ | ၃,၂၃၃,၃၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၆

ရန်ကုန်(ရွှေဈေး) ၁၃၃၅၀၀၀ မန္တလေး(ရွှေဈေး) ၁၃၃၅၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၂၀/၆၇၀ ကျပ် | ၆၇၀/၆၉၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၆၁၀/၆၅၅ ကျပ် | ၆၅၅/၆၇၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၅/၇၃၀ ကျပ် | ၇၇၅/၇၉၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၅၈၅/၆၁၅ ကျပ် | ၆၅၀/၆၆၀ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၅၆၅/၅၈၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၇၅/၅၉၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၅၅၀/၅၆၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၁၉.၅ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၂၆.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၄.၃၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၁၃၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၈.၉၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၀၄၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၈.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၂.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၈၃.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁.၄၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
သတင်းထောက်မှူး – ဦးမြင့်စိုး
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဦးဝေမင်းသူနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## နေပြည်တော် ပြည်သူ့လွှတ်တော်ရုံးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် ဇန်နဝါရီ ၆**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာထားရာ အဆိုပါ အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ လွှတ်တော်အစည်းအဝေး တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိကြောင်း သတင်းပို့ လက်ခံဌာနများကို အောက်ဖော်ပြပါအတိုင်း ဖွင့်လှစ်ထားရှိသည် -

(က) နေပြည်တော် စည်ပင်သာယာရေးကော်မတီဧည့်ရိပ်သာတွင် တည်းခိုနေထိုင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာ (၂)၊

(ခ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရိပ်သာတွင် တည်းခိုနေထိုင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်၊

(ဂ) မိမိအစီအစဉ်ဖြင့် တည်းခိုနေထိုင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်သူ့လွှတ်တော်ရုံး၊ ရေးရာဆောင်အမှတ်-၁၂ (I-12) နှင့်

(ဃ) တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် အမှတ် (၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရွာတော်)။

၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၃ ရက် (စနေနေ့) ထက်မစော၊ ဇန်နဝါရီလ ၂၄ ရက် (တနင်္ဂနွေနေ့) ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော် အမျိုးသားလွှတ်တော်ရုံးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် ဇန်နဝါရီ ၆**

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ( ၁ )ရက် တနင်္လာနေ့ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါ အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ရန်ဖြစ်သဖြင့် **၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်နှင့် (၂၄) ရက်များတွင်** နေပြည်တော်သို့ ကြိုတင်ရောက်ရှိရမည်ဖြစ်သည်။

ထိုအစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးဖိတ်စာ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် I-19 (အိုင် - ၁၉)သို့ **၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ( ၃၀ )ရက်ထက်မစော ( ၃၁ )ရက်ထက် နောက်မကျစေဘဲ** သတင်းပို့ကြရန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ငါးစားသုံးမှု ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေး တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇန်နဝါရီ ၆**

ငါးစားသုံးမှု ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် မြန်မာနိုင်ငံမှ ငါးများ ပြည်ပတင်ပို့မှုနှင့် ပြည်တွင်းစားသုံးမှု ကျဆင်းနေသဖြင့် ပြည်တွင်း ငါးစားသုံးမှု တိုးတက်စေရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရေထွက်ပစ္စည်း တင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၇၃၂ ဒသမ ၁၅၆ သန်းရှိပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၈၅၈ ဒသမ ၈၆၉ သန်းထိ တိုးတက်လာပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် တစ်နှစ်လုံးသည် ကိုဗစ်ရောဂါကာလအတွင်း လုပ်ငန်းများ ဆောင်ရွက်ရခြင်းဖြစ်သဖြင့် ပြည်ပသို့ ငါးအပါအဝင် ရေထွက်ပစ္စည်းတင်ပို့မှုများတွင် အခက်အခဲများ၊ အဆင်မပြေမှုများ ရှိသကဲ့သို့ ပြည်တွင်းဈေးကွက်တွင်လည်း ငါးနှင့်ရေထွက်ကုန်ပစ္စည်း စားသုံးမှုများ လျော့နည်းနေသဖြင့် ပြည်တွင်းပြည်ပ ဈေးကွက်များတွင် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပူးပေါင်းဆောင်ရွက်သွားကြရန် အစည်းအဝေးပြုလုပ်၍ နှီးဆော်ရခြင်းဖြစ်ပါကြောင်း။

ပြည်တွင်းငါးစားသုံးမှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မည်သည့်နည်းလမ်းဖြင့်မဆို ကြိုးစားသွားကြရန် တိုက်တွန်းလိုပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် သယ်ယူပို့ဆောင်ရေး အဆင်မပြေမှုများ၊ ရောင်းချမှုအဆင်မပြေမှုများရှိခြင်းကြောင့် ပြည်တွင်းတွင်လည်း ငါးစားသုံးမှု တိုးတက်လာစေရေး ဝိုင်းဝန်းဆောင်ရွက်စေလိုပါကြောင်း၊ ပုံမှန်အတိုင်းသာ ရေလုပ်ငန်းကဏ္ဍကို အကောင်အထည်ဖော်နိုင်မည်ဆိုပါက နှစ်နှစ်၊ သုံးနှစ်အတွင်း အလွန်တိုးတက်သော ကဏ္ဍတစ်ခု ဖြစ်လာနိုင်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ကုန်သွယ်မှုဖွံ့ဖြိုးရေးလုပ်ငန်းများကို New Normal ပုံစံဖြင့် လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ အားလုံးက ဦးဆောင်စည်းရုံး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တက်ရောက်လာသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ စီးပွားရေးသံမှူးများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ငါးစားသုံးမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းစားသုံးမှုသာမက ပြည်ပသို့ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးအတွက် နည်းလမ်းပေါင်းစုံမှ ဝိုင်းဝန်းစဉ်းစားအဖြေရှာ အကြံပြုသုံးသပ်ပေးစေလိုပါကြောင်း ပြောကြားသည်။



အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ စီးပွားရေးသံမှူးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် သက်ဆိုင်ရာအသင်းအဖွဲ့များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ဆေးတက္ကသိုလ်နောက်ဆုံးနှစ် အပိုင်း(ခ)နောက်ဆက်တွဲအတန်း ဇန်နဝါရီလ တတိယပတ်တွင် ဖွင့်လှစ်နိုင်ရန် စီစဉ်

**နေပြည်တော် ဇန်နဝါရီ ၆**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယာယီရပ်နားထားသည့် ဆေးတက္ကသိုလ်သင်တန်းများမှ နောက်ဆုံးနှစ် အပိုင်း(ခ)နောက်ဆက်တွဲအတန်းကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလ တတိယပတ်တွင် ပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပြီး တက်ရောက်မည့် ကျောင်းသား/ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဆေးတက္ကသိုလ်(၁)ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးက "ကျွန်တော်တို့ ဆေးတက္ကသိုလ်တွေက နောက်ဆုံးနှစ်မှာ အပိုင်း(က) နဲ့ (ခ) ဆိုပြီး ရှိပါတယ်။ အဲဒီမှာ နောက်ဆုံးနှစ် အပိုင်း(ခ)က တကယ်တော့ တစ်နှစ်ခွဲ တက်ရပါတယ်။ ဒါပေမယ့် အဲဒီမှာ ဆပ်ပလီဆိုတဲ့အတန်းတစ်တန်းကျန်နေသေးပါတယ်။ ဆပ်ပလီဆိုတာ သူ့ရှေ့ကလူတွေက အောင်သွားတယ်။ ပုံမှန်စာမေးပွဲအောင်ပြီး အခု ဟောက်စ်ဆင်းလို့ ပြီးသွားပြီ။ အဲဒီဟာနဲ့အတူတူက ကျန်ခဲ့တာ ဆပ်ပလီတန်း၊ နောက်ဆက်တွဲတန်းဖြစ်ပါတယ်။

အဲဒါက ကျွန်တော်တို့ကျောင်းမှာဆိုရင် ၂၇ ယောက်ရှိပါတယ်။ ကျောင်းသား တစ်ယောက်ချင်းစီကို ကျွန်တော်တို့ အကြောင်းကြားပါတယ်။ အချို့ကလည်း ခရီးလွန်နေတာဆိုတော့ သူတို့ကို အကြောင်းကြားတာတွေ လုပ်နေပါတယ်။ ရောက်လာတဲ့အခါ ဆေးစစ်တာတွေလုပ်ပြီးရင် သူတို့ကို စာသင်မယ်။ နှစ်ပတ်သင် တစ်ပတ်နားပြီးတော့ နောက်တစ်ပတ်ကျရင် စာမေးပွဲစစ်ပါမယ်။

သူတို့က တကယ်တမ်းတော့ ကျောင်းတက်ပြီးသားတွေဖြစ်ပါတယ်။ နောက်ဆက်တွဲ ဆိုတာက ပုံမှန်ကျောင်းတက်ပြီးသား စာမေးပွဲဖြေဖို့ပဲ ကျန်တော့တဲ့သူတွေဖြစ်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ် အထူးသဖြင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်က အရေးကြီးပါတယ်။ အဲဒါတွေရဖို့အတွက် ဒီသင်တန်းတွေက တစ်ခုပြီးတစ်ခု ဆက်ပြီးဖွင့်သွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးအတွက်ကလည်း အရေးကြီးပါတယ်။ ကျောင်းတွေဖွင့်တာကို ကျွန်တော်တို့က ကြိုဆိုပါတယ်။ အကောင်းဆုံးနဲ့ အဆင်ပြေဆုံးဖြစ်အောင် ဝိုင်းဝန်းကြိုးစားဖို့ လိုပါတယ်။ ကိုဗစ် Negative ဖြစ်တဲ့နေရာတွေမှာပဲ သူတို့ကိုသင်ကြားဖို့ ပြင်ဆင်ထားပါတယ်။ ဗီဒီယိုကွန်ဖရင့်စနစ်နဲ့ သင်ကြားနိုင်အောင်၊ အွန်လိုင်းကနေ သင်ကြားနိုင်အောင် ပြင်ဆင်ထားပါတယ်။ အွန်လိုင်းနဲ့ Face to Face နဲ့ပေါင်းပြီး သင်တဲ့နည်းနဲ့ သင်ဖို့ပြင်ဆင်ထားပါတယ်" ဟု ပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီလတတိယပတ်တွင် ပြန်လည်ဖွင့်လှစ်ပေးမည့် ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း(ခ) နောက်ဆက်တွဲအတန်းကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ရန် ရှိနေကြောင်း၊ ဆေးတက္ကသိုလ် နောက်ဆုံးနှစ်အပိုင်း(ခ) ပုံမှန်အတန်းကိုလည်း ဖွင့်လှစ်ပေးနိုင်ရန် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနမှတစ်ဆင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနထံ တင်ပြထားကြောင်း သိရသည်။

**ထက်လျှံ**

## မအူပင်မြို့နယ် သမဝါယမအသင်းစုက ရေထွက်ကုန်ပစ္စည်းများ ရောင်းချဖြန့်ဖြူးပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏လမ်းညွှန်ချက်ဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလအတွင်း ရေထွက်ကုန်ပစ္စည်းထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများ၏ အခက်အခဲများကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေးနိုင်ရန်နှင့် အများပြည်သူများ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရေးအတွက် သမဝါယမကဏ္ဍမှ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်သမဝါယမဦးစီးဌာနနှင့် မအူပင်မြို့နယ်သမဝါယမအသင်းစုတို့ ပူးပေါင်း၍ အသင်းစုပိုင် ငါးမွေးမြူရေးကန်ရှိ ငါးမြစ်ချင်းပိဿာချိန် ၁၅၀၀ ခန့်အား တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀ မှ ၃၀၀၀ နှုန်းဖြင့် မြို့နယ်အတွင်းရှိ သမဝါယမအသင်းသားပြည်သူများထံသို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မြန်မာပြည်သူ ပြည်သားများထံသို့ ဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ယခုကဲ့သို့ စိန်ခေါ်မှုကာလမှာ တစ်ကမ္ဘာလုံး သာယာဝပြောရေးအတွက် နိုင်ငံတစ်နိုင်ငံချင်းစီမှ ပါဝင်ပံ့ပိုးမှုများသည် အလွန်အရေးကြီးကြောင်း မိမိတို့အား ထပ်မံသတိပေးလိုက်ခြင်း ဖြစ်ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါအား ကျော်လွှားနိုင်ရေးအတွက် မိမိတို့ အတူတကွ ပူးပေါင်းဆောင်ရွက်နေသည့်အလျောက် ပိုမိုခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့သည့် တရားမျှတသော လူမှုအဖွဲ့အစည်းကို တည်ဆောက်နိုင်ရန် ပြန်လည်ထူထောင်မှုမှတစ်ဆင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မိမိတို့အနေဖြင့် ရာသီဥတုဆိုင်ရာ အရေးပေါ်အခြေအနေကို ဖြေရှင်းရန်အတွက် တိကျပြတ်သားသည့် အရေးယူဆောင်ရွက်မှုများကို ဆောင်ရွက်ရမည်ဖြစ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များသို့ ရောက်ရှိနိုင်ရန်အတွက် ကြိုးပမ်းအားထုတ်မှုများကိုလည်း မြှင့်တင်ရမည် ဖြစ်ပါသည်။

ယခုကဲ့သို့ နိုင်ငံတော်၏ နေ့ထူးနေ့မြတ်တွင် မိမိအနေဖြင့် ကုလသမဂ္ဂ ပိုမိုခိုင်မာမှု ရှိစေရန်နှင့် အားလုံးအတွက် ပိုမိုကောင်းမွန်ပြီး ငြိမ်းချမ်းမှုရှိသည့် ကမ္ဘာတည်ဆောက်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပူးပေါင်းပါဝင်မှုကိုလည်း အားထားပါကြောင်း ဖော်ပြအပ်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံခေါင်းဆောင်များမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့

၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များနှင့် နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ကြသည်။

## ကမ္ဘောဒီးယားနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

အဆွေတော် ကျန်းမာပျော်ရွှင်စေရန်နှင့် မြန်မာနိုင်ငံ ဆက်လက်သာယာဝပြော၍ ကြွယ်ဝတိုးတက်စေရန်အတွက်လည်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပြီး အထူးကောင်းမွန်လျက်ရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် လာမည့်နှစ်များတွင် ဆက်လက်ရှင်သန် ထွန်းကားနေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ဘယ်လာရုစ်သမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ အလက်ဇန္ဒား လူကာရှန်ကိုထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ ဘယ်လာရုစ်ပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

အဆွေတော်တို့၏နိုင်ငံသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းရာတွင် အောင်မြင်မှုများရရှိခဲ့သည့်အတွက် နှစ်ထောင်းအားရဖြစ်ရပါသည်။

မိမိတို့နှစ်နိုင်ငံအကြား သာတူညီမျှမှုနှင့် အပြန်အလှန် လေးစားမှုတို့အပေါ် အခြေခံသော အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ထွန်းကားမည်ဟု မိမိအနေဖြင့် မျှော်လင့်ပါသည်။

အဆွေတော် ကျန်းမာအသက်ရှည်၍ လုပ်ငန်းများ အောင်မြင်ပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ငြိမ်းချမ်း၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိအနေဖြင့် အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## မာရှယ်ကျွန်းစုသမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ မာရှယ်ကျွန်းစုသမ္မတနိုင်ငံ သမ္မတ ဒေးဗစ် ခဘူဝါထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မာရှယ်ကျွန်းစုသမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများထံသို့ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မာရှယ်ကျွန်းစုသမ္မတနိုင်ငံအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဆက်ဆံရေးအပေါ် တန်ဖိုးထားပြီး မိမိတို့နှစ်နိုင်ငံပြည်သူများအကျိုးကိုရှေးရှု၍ နှစ်ဖက်အကျိုးစီးပွားကို ဖော်ဆောင်လျက် ပိုမိုရင်းနှီးသည့်ဆက်ဆံရေးအား တည်ထောင်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ယခုကဲ့သို့သော နိုင်ငံတော်အတွက် အရေးပါသည့်အထိမ်းအမှတ် အခမ်းအနားကျင်းပသည့် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားများနှင့် အစိုးရတို့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ယူကရိန်းနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ယူကရိန်းနိုင်ငံ သမ္မတ ဗိုလိုဒီဗီးရ် ဇီလန်းစကီးထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ ယူကရိန်းနိုင်ငံကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီထွန်းကားရေးနှင့် ရင်ကြားစေ့ရေးအား ရည်ရွယ်သည့် အဆွေတော်ရွေးချယ်ထားသော နိုင်ငံရေးလမ်းကြောင်းအား မြန်မာပြည်သူပြည်သားများမှ အပြည့်အဝယုံကြည်မှုမှာ မကြာသေးမီက ကျင်းပခဲ့သည့် လွှတ်တော်ရွေးကောက်ပွဲများ ရလဒ်၌ ထင်ဟပ်ခဲ့ပါသည်။ အပြန်အလှန်လေးစားမှု၊ အာဆီယံမူဘောင်အပါအဝင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် အခြေခံသည့် နှစ်နိုင်ငံဆက်ဆံရေးကို တက်ကြွစွာ တိုးမြှင့်တည်ဆောက်သွားရန် ယူကရိန်းနိုင်ငံအနေဖြင့် အသင့်ရှိပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော် ကျန်းမာ၍ နိုင်ငံတော်၏ လုပ်ငန်းဆောင်တာများ အောင်မြင်ပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ငြိမ်းချမ်းမှု၊ စည်းလုံးညီညွတ်မှုနှင့် သာယာဝပြောမှုတို့ရရှိစေရေး ဆုမွန်ကောင်းပို့သအပ်ပါသည်။

## ဟန်ဂေရီနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဟန်ဂေရီနိုင်ငံ သမ္မတ ဂျားနို့စ် အာဒါထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများထံသို့ မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဟန်ဂေရီသမ္မတနိုင်ငံတို့အကြား ၁၉၅၆ ခုနှစ်မှစတင်၍ သံတမန်ဆက်ဆံရေးထူထောင်ခြင်းဖြင့် မိမိတို့နှစ်နိုင်ငံအကြားတွင် ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုအုတ်မြစ်ကို ချမှတ်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကြောင့် လွန်ခဲ့သောနှစ်များအတွင်း နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာလာခဲ့သည့်အပေါ် များစွာနှစ်ထောင်းအားရဖြစ်မိပါသည်။ ဟန်ဂေရီနိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရန် မိမိတို့အနေဖြင့် သန္နိဋ္ဌာန်ချထားသည်ကို အတည်ပြုအပ်ပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်းနှင့် တာဝန်များကို ထမ်းဆောင်ရာတွင် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ သမ္မတ ရှက်ဗ်ကတ်မီဇီဇိုင်းယဗ်ထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများထံသို့ မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးသည် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဘက်ပေါင်းစုံ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် မိမိတို့ပြည်သူပြည်သားများနှင့် နှစ်နိုင်ငံ၏ အကျိုးစီးပွားများကို အပြန်အလှန် အားဖြည့်ဖော်ဆောင်ပေးသွားနိုင်မည်ဖြစ်ကြောင်း မိမိအနေဖြင့် အခိုင်အမာယုံကြည်ပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော် ကျန်းမာရွှင်လန်း၍ လုပ်ငန်းဆောင်တာများ အောင်မြင်ပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

## ဟန်ဂေရီနိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဟန်ဂေရီနိုင်ငံ ဝန်ကြီးချုပ် ဗစ်ခ်တာ အော်ဘန်ထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ယခင်နှစ်အတွင်းက ဘူဒါပတ်(စ်)မြို့သို့ လာရောက်ခဲ့သည့် အဆွေတော်၏ခရီးစဉ်သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ပိုမိုအဆင့်မြှင့်တင် တိုးတက်စေရန် အခွင့်အလမ်းများ ဖြစ်ထွန်းစေခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စိန်ခေါ်မှုတို့ရှိသော်လည်း အပြန်အလှန်လေးစားမှုနှင့် ယုံကြည်မှုတို့အပေါ် အခြေခံသည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားရန် ကတိကဝတ်ပြုအပ်ပါသည်။

မကြာသေးမီက ကျင်းပပြီးစီးခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ထူးကဲများပြားစွာ ပါဝင်မဲပေးခဲ့ကြသည့် မြန်မာပြည်သူများအတွက်လည်း ဂုဏ်ယူမိပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်းနှင့် တာဝန်များ ထမ်းဆောင်ရာတွင် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲကို သောကြာနေ့ ညတွင် ဆက်လက် ဖျော်ဖြေမည်

**နေပြည်တော် ဇန်နဝါရီ ၆**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့အသံ(ရေဒီယို)တွင် ထင်ရှားကျော်ကြားခဲ့သော တေးသီချင်းများအနက်မှ ၇၅ ပုဒ်ကို ရွေးချယ်ပြီး အပတ်စဉ် သောကြာနေ့တိုင်း MRTV ၏ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်လျက်ရှိရာ ဇန်နဝါရီ ၈ ရက် ညတွင် ပွဲစဉ် (၅)ကို ဆက်လက်ဖျော်ဖြေမည်ဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဂီတမှူးနိုင်ဇော်နှင့် ART ROBOTS တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် မြန်မာပြည်သိန်းတန်၊ စိန်ဝင်းထွန်း၊ မေခလာ၊ Lဆိုင်းဇီ၊ မေစံပယ်ညို၊ သဲနုဝါနှင့် အေးမြဖြူတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ယင်းတင်ဆက်မှုကို ဇန်နဝါရီ ၁၀ ရက် တနင်္လာနေ့ နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀) ရေးဆွဲခြင်းအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဝင်များ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာအမျိုးသားအဆင့်ကော်မတီဝင်များနှင့် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၆**

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) (National Education Strategic Plan – NESP) (2021–2030) ရေးဆွဲရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဝင်များနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာနမှ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်လူမှုရေးဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဝင်များနှင့် တာဝန်ရှိသူများက အွန်လိုင်းဖြင့် ပါဝင်ဆွေးနွေးကြသည်။

## ရေးဆွဲထား

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) ကို ရေးဆွဲထားပါကြောင်း၊ စီမံကိန်းပါ လုပ်ငန်းနယ်ပယ် ၁၂ ရပ်ကို သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) တွင် ပညာရေးနှင့်ပတ်သက်၍ အမျိုးသမီးများနှင့် အသက်မွေးဝမ်းကျောင်းမှု၊ အမျိုးသမီးများနှင့် ပညာရေးလေ့ကျင့်သင်ကြားရေးဆိုသည့် လုပ်ငန်းနယ်ပယ်နှစ်ခုကို ထည့်သွင်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ အရည်အသွေးပြည့်မီသော ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေးတို့ကို အမျိုးသမီးများနှင့် အမျိုးသမီးငယ်များရရှိနိုင်စေသည့်စနစ်များ၊ ဖွဲ့စည်းပုံများနှင့် လုပ်ထုံးလုပ်နည်းများ ပိုမိုအားကောင်းလာစေရေးကို အဓိကဦးတည်၍ ရေးဆွဲထားခြင်း ဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းကာ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခန်းကဏ္ဍများတွင် ကျား၊ မ ကွာဟချက်ကို လျော့နည်းစေရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် ၂၀၁၉ ခုနှစ်တွင် ကဏ္ဍစုံမှာ ကျား၊ မရေးရာ ထည့်သွင်းဆောင်ရွက်ခြင်း နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့၏ ပူးတွဲသဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့လုပ်ဆောင်ခြင်းသည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား အကျိုးခံစားခွင့် ညီမျှစွာရရှိစေရေးကို ပံ့ပိုးပေးသည့် နည်းလမ်းတစ်ခုလည်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီမှာ လက်ရှိအထိ အဖွဲ့ဝင် ၁၁ ဖွဲ့ ပါရှိပါကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံရင်ခွင်မဲ့ ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၊ ကျား၊ မရေးရာ တန်းတူညီမျှရေးကွန်ရက်၊ အမျိုးသမီးအဖွဲ့များကွန်ရက်၊ စီးပွားရေးလုပ်ငန်းရှင်များ ကျား၊ မ တန်းတူညီမျှရေး ပူးပေါင်းဆောင်ရွက်မှုအသင်း၊ လေးကျွန်းသူဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်နှင့် ဝိသာခါဖောင်ဒေးရှင်းတို့ ဖြစ်ကြပါကြောင်း။

အမျိုးသမီးအဖွဲ့အစည်းအသီးသီးသည် နယ်ပယ်အသီးသီးတွင် အမျိုးသမီးများအတွက် ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ဘဝတစ်သက်တာ ကျန်းမာစွာ နေထိုင်မှုပုံစံရရှိခြင်းနှင့် မျိုးဆက်ပွားကျန်းမာရေးပညာပေးခြင်းနှင့် လိုအပ်သော ပံ့ပိုးကူညီခြင်းစသည့် ကဏ္ဍများမှာလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြပါကြောင်း၊ အမျိုးသမီးကော်မတီအသီးသီး၏ ကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်ချက်များကို ပညာရေးဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်မှုများတွင် ချိတ်ဆက်ပူးပေါင်း ပံ့ပိုးဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း။

အမျိုးသား ပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၂၁ – ၂၀၃၀) တွင် အသက်အရွယ်အလိုက် ကလေးများအားလုံး ပညာသင်ခွင့် အခွင့်အလမ်းများရရှိစေရေး၊ ထိခိုက်လွယ်သောအုပ်စုတွင် ပါဝင်သည့်မသန်စွမ်းကလေးများ၏ပညာရေး၊ အလားတူရွှေ့ပြောင်းကလေးများနှင့် လမ်းပေါ်နေကလေးများအတွက် အသက်မွေးဝမ်းကျောင်းမှု သင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ နိုင်ငံတာဝန်များ ပခုံးပြောင်းလက်လွှဲယူမည့် လူငယ်များအတွက် ပညာရေးနယ်ပယ်သာမက အသက်မွေးဝမ်းကျောင်းမှု ပညာရပ်များပါ ထည့်သွင်းထားရှိရေး နည်းဗျူဟာများကို ထည့်သွင်းရေးဆွဲမည် ဖြစ်သည့်အတွက် နိုင်ငံအနာဂတ်အတွက် များစွာအကျိုးပြုမည့် စီမံကိန်းတစ်ခုဖြစ်ပေါ်လာမည်ဟု ယုံကြည်မိပါကြောင်း။

ထို့ကြောင့် ယနေ့အစည်းအဝေးမှာ ပါဝင်ဆွေးနွေးခွင့်ရရှိခြင်းသည် သင်ယူနိုင်စွမ်း အမြင့်မားဆုံးအခြေအနေ ရောက်ရှိစေရန် ရှေးဦးအရွယ်ကလေးသူငယ်ဘဝကပင် စတင်ဆောင်ရွက်နိုင်ရန်နှင့် အမျိုးသမီးငယ်ရွယ်သူများ၊ အမျိုးသမီးများ၏ ဘဝတစ်သက်တာ အသက်မွေးမှုဆိုင်ရာပညာရပ်များ လေ့လာဆည်းပူးခွင့်ရရှိနိုင်ရေး မိမိတို့ဝန်ကြီးဌာန၊ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဝင် အမျိုးသမီးအဖွဲ့အစည်းဝင်များ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဝင်များနှင့် ဆက်စပ်အဖွဲ့အစည်းဝင်များက ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး အခွင့်အလမ်းများရရှိခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးများ ဖော်ဆောင်ရေးအတွက် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုဖြစ်ပါကြောင်းနှင့် ရလဒ်ကောင်းများရရှိစေရန် ကြိုးပမ်းကြပါရန် တိုက်တွန်းပြောကြားခဲ့သည်။

## အနန္တရတနာသိုက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမှာစကားပြောကြားရာတွင် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရာတွင် သင်ယူခြင်းသည် တန်ဖိုးမဖြတ်နိုင်သော အနန္တရတနာသိုက်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အမျိုးသားပညာအရည်အချင်းမူဘောင် (National Qualification Framework – NQF) သည် တစ်သက်တာသင်ယူမှုအတွက် အရေးကြီးပါကြောင်း၊ မူလတန်းသင်ယူပြီးမြောက်လျှင် Level – 1 ဖြစ်ပါကြောင်း၊ အလယ်တန်းသင်ယူပြီးမြောက်လျှင် Level – 2 ဖြစ်ပါကြောင်း၊ အထက်တန်းသင်ယူပြီးမြောက်လျှင် Level – 3 ဖြစ်ပါကြောင်း၊ Level – 4 သည် Short Cycle တစ်နှစ်အထိ သင်တန်းလေးများဖြစ်ပြီး တက္ကသိုလ်တိုက်ရိုက်တက်၍မရသော်လည်း Level – 5 ကို သွားလို့ရပါကြောင်း၊ Level – 5 သည် တစ်နှစ်ကနေ နှစ်နှစ်အထိရှိသည့် ဒီပလိုမာသင်တန်း၊ အဆင့်မြင့်ဒီပလိုမာသင်တန်းများဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီပါက Level – 6 သို့ ဆက်လက်ကူးပြောင်းသင်ယူလို့ရပါကြောင်း၊ Level – 6 သည် Bachelor Degree ဖြစ်ပြီး Level – 3 မှ Level – 4 နှင့် Level – 5 ကို ခုန်ကျော်ပြီး Level – 6 သို့ တိုက်ရိုက်တက်ရောက် ပညာသင်ယူနိုင်ရန်မှာ အင်္ဂလန်တွင် GCE– A စာမေးပွဲ၊ အမေရိကန်တွင် SAT စာမေးပွဲ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဂေါင်းဂေါင်စာမေးပွဲ၊ ဂျပန်တွင် National Examination ကဲ့သို့ မြန်မာနိုင်ငံတွင် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (Matriculation Examination) သည် Level – 3 မှ Level – 6 တက္ကသိုလ်သို့ တိုက်ရိုက်ခုန်တက်နိုင်ရေး ကျောင်းသားကျောင်းသူအားလုံးအတွက် တရားမျှတသော စစ်ဆေးအကဲဖြတ်ခြင်း ဖြစ်ပါကြောင်း၊ Level – 7 သည် မဟာဘွဲ့ဖြစ်ပြီး Level – 8 သည် ပါရဂူဘွဲ့ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ မသင်မနေရ အခြေခံပညာရေးအဆင့်အပေါ်မူတည်ပြီး Level အဆင့်သတ်မှတ်ချက်မတူညီသဖြင့် ဂုဏ်သိက္ခာရှိသော ကောင်းမွန်သည့်အလုပ်အကိုင်များရရှိရန်အတွက် Level သတ်မှတ်ချက်များ၊ Credit Transfer System, Quality Assurance and Accreditation သတ်မှတ်ချက်များနှင့်အညီ တစ်သက်တာသင်ယူမှုအခွင့်အလမ်းများ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးရန် အရေးကြီးပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် အရည်အသွေးရှိသောပညာရေးအတွက် ရေရှည်ရင်းနှီးမြှုပ်နှံဆောင်ရွက်ရပါကြောင်း၊ နိုင်ငံတော်ကလည်း ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုကို အားပေးနေသည့်အတွက် မည်သည့်ပေးခြင်းယူခြင်းမျှ လုံးဝခွင့်မပြုပါကြောင်း၊ ပြည်သူ့ဘဏ္ဍာများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီ အထောက်အပံ့များ၊ ချေးငွေများကို အလေအလွင့်မရှိစေဘဲ အကျိုးရှိထိရောက်ပွင့်လင်းမြင်သာစွာအသုံးပြု၍ ဆရာအရည်အသွေးမူဘောင် (Teacher Competency Framework) နှင့်အညီ အရည်အချင်းပြည့်ဝသည့်ဆရာများ ခန့်ထားရန်နှင့် Reskilling၊ Upskilling၊ Continuous Professional Development အခွင့်အလမ်းများဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရန်၊ တိုင်းရင်းသားဒေသများ ဦးစားပေး၍ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို အထောက်အကူပြုရန်၊ နည်းပညာနှင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းရန်၊ ဒေသအကျိုးပြု၊ ပြည်ထောင်စုအကျိုးပြုသည့် နည်းပညာနှင့် သက်မွေးသင်တန်းများ၊ ဘွဲ့သင်တန်းများ ဖြည့်ဆည်းရန်၊ နည်းပညာခေတ်နှင့် လိုက်လျောညီထွေရှိသည့် သင်ရိုးညွှန်းတမ်းများ၊ သင်ကြားသင်ယူမှုနည်းလမ်းများ၊ စစ်ဆေးအကဲဖြတ်မှုများကို အားပေးပံ့ပိုးပေးရန်တို့အတွက် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကပညာရေးကဏ္ဍကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အားပေးပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ သင်ယူသူများ၊ တိုင်းရင်းသားပြည်သူများ၏ ဆွေးနွေးချက်များနှင့် အကြံပြုချက်များကိုလည်း တန်ဖိုးထားပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါကြောင်း။

နည်းပညာအသုံးပြုသင်ယူခြင်း (High–Tech Learning)၊ သင်ကြားပို့ချသူ ဆရာဖြင့် သင်ယူခြင်း (High–Touch Learning)၊ ပေါင်းစပ်သင်ကြားသင်ယူခြင်း (Blended Learning) စသည့် နည်းလမ်းများဖြင့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ သင်ယူသူများကို တစ်သက်တာသင်ယူမှုအခွင့်အလမ်းများရရှိစေရန်နှင့် ၂၁ ရာစု၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်နိုင်ရန် မေတ္တာ၊ ကရုဏာ၊ မုဒိတာစိတ်အပြည့်ဖြင့် လက်တွဲညီညီပူးပေါင်းပြီး စုပေါင်းအင်အားဖြင့် တာဝန်ယူ တာဝန်ခံ၍ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

## ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာဇော်မြင့်က အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲခြင်းလုပ်ငန်းကို မိတ်ဆက်ရှင်းလင်းကာ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက အခြေခံပညာကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုင်းကျော်နိုင်ဦးက နည်းပညာနှင့် သက်မွေးပညာကဏ္ဍနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက အဆင့်မြင့်ပညာ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာသူများက ရင်းနှီးပွင့်လင်းစွာ မေးမြန်း၊ ဆွေးနွေး၊ အကြံပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

**❂ ကိုကိုးကျွန်းမှ**

လုပ်ငန်းဆောင်ရွက်မှုအပိုင်းကတော့ Finishing ပိုင်းပဲ လိုတော့တယ်။ ဒီသဘော်မှာဆိုလို့ရှိရင် ဒီဇယ်အင်ဂျင်နဲ့ လိုအပ်လို့ရှိရင် မောင်းနှင်နိုင်ဖို့အတွက် 500 KV အင်ဂျင်တစ်လုံးအပြင် စက်သုံးဆီပါထည့်ပေးလိုက်ပါတယ်။ အဓိကအားဖြင့်တော့ ဆိုလာနဲ့ပေးတာဖြစ်ပါတယ်။ လိုအပ်တဲ့အချိန်မှသာ ဒီဇယ်အင်ဂျင်နဲ့မောင်းပေးသွားမှာ ဖြစ်ပါတယ်။ ကိုကိုးကျွန်းဒေသကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC)အနေနဲ့ လျှပ်စစ်ရအောင် ဆောင်ရွက်ပေးမှုမှာ ပြည့်စုံသလောက်ဖြစ်သွားပါပြီ။ လက်ရှိဆိုလာနဲ့ ၁ ဒသမ ၅ မီဂါဝပ် စက်နဲ့ပေးနေတာပါ။ နောက်ထပ် ၁ ဒသမ ၅ မီဂါဝပ် တိုးပေးနိုင်အောင်လည်း အခုသင်္ဘောနဲ့ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ကို ထည့်ပေးလိုက်ပါတယ်” ဟု ပြောသည်။

ကိုကိုးကျွန်းဒေသ ဖွံ့ဖြိုးရေးနှင့် မီးလင်းရေးဆောင်ရွက်ရာတွင် YRTA သာမက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကလည်း ပစ္စည်းများပို့ဆောင်ရေးကို ကူညီဆောင်ရွက်ပေးလျက်ရှိရာ ခရီးစဉ်အားဖြင့် သုံးခေါက်ပို့ပြီးသွားပြီဖြစ်ကြောင်း၊ YRTA က ယခု လေးခေါက်မြောက်ပို့ခြင်းဖြစ်၍ စုစုပေါင်း ခုနစ်ခေါက်ရှိပြီဖြစ်ကြောင်း သိရသည်။

ကိုကိုးကျွန်းသည် ရန်ကုန်တိုင်းဒေသကြီး၏ ၄၄ မြို့နယ်ထဲမှ တစ်မြို့ဖြစ်ပြီး ရန်ကုန်မှတောင်ဘက် ရေမိုင် ၂၅၇ မိုင်အကွာ ဘင်္ဂလားပင်လယ်အော်အတွင်း၌ တည်ရှိကြောင်း၊ ဧရိယာစတုရန်းမိုင် ၂၀ ဒသမ ၅၄ စတုရန်းကီလိုမီတာကျယ်ဝန်းပြီး အဓိကကျွန်းများဖြစ်သည့် ကိုကိုးကျွန်းကြီး၊ ကိုကိုးကျွန်းလေးနှင့် စားပွဲကျွန်းတို့အပါအဝင် ကျွန်းခုနစ်ကျွန်းပါဝင်ကြောင်း၊ ယခင်က ကိုကိုးကျွန်းသည် ပင်လယ်ရေကြောင်းဝေးကွာမှုကြောင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့သော်လည်း ယခုနိုင်ငံတော်အစိုးရလက်ထက်တွင် ဖွံ့ဖြိုးမှုလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မောင်ကျော်**

# စင်ကာပူနိုင်ငံအောင်မြင်ခြင်းလျှို့ဝှက်ချက် ၅၀

ကောင်းမြတ်နွယ်
(စင်ကာပူ)

နိုင်ငံတစ်နိုင်ငံ ကမ္ဘာ့အလယ်မှာ ဝင့်ထည် မျက်နှာပန်းလှပြီး အဲဒီနိုင်ငံသူနိုင်ငံသားတွေ ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာမြင့်မားစွာ အရေးထားခံရပြီဆိုရင် အဲဒီနိုင်ငံဟာ အောင်မြင်တိုးတက်တဲ့နိုင်ငံလို့ သတ်မှတ်နိုင်ပါတယ်။

အာရှမှာတော့ အောင်မြင်ခဲ့ညားစီးပွားရေး တိုးတက်တဲ့နိုင်ငံတွေကို အာရှကျားလို့ ခေါ်ပါတယ်။ တစ်ချိန်က အာရှကျားတစ်ကောင်ဖြစ်ခဲ့ဖူးတဲ့ မြန်မာဟာလည်း အခုအခါ အာရှကျားတစ်ကောင်ဖြစ်ဖို့ ခေါင်းထောင်ထလာပါပြီ။

x x x x x

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစကာလမှသည် ၁၉၆၀ ပြည့်နှစ်ကျော် ကာလများအထိ အာရှမှာ ခံ့ညားလှတဲ့ အာရှကျား မြန်မာကို စင်ကာပူနိုင်ငံ စတင်ထူထောင်သူ ဝန်ကြီးချုပ် လီကွမ်ယုက မြန်မာနိုင်ငံ အောင်မြင်ခြင်း လျှို့ဝှက်ချက်များကို စထရင်းဟိုတယ်မှာ တည်းခိုကာ လေ့လာဆည်းပူးအတုယူခဲ့ရကြောင်း သူကိုယ်တိုင်ရေးသားတဲ့ "တတိယကမ္ဘာမှ ပထမသို့ (Third World to First)" မှာ ရေးသားဝန်ခံထားပါတယ်။

စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ကွယ်လွန်သူ မစ္စတာ လီကွမ်ယုက "မြန်မာနိုင်ငံကို စင်ကာပူနိုင်ငံကမီဖို့ နှစ်ပေါင်း ၂၀ ကြိုးပမ်းရဦးမှာဖြစ်တဲ့အကြောင်း" လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၅ နှစ် စင်ကာပူနိုင်ငံကို စတင်တည်ထောင်စက ပြောကြားခဲ့ပါတယ်။ တကယ်လည်း သူပြောပြီး ၁၀ နှစ် မကြာခင် ကျော်တက်သွားခဲ့ပါတယ်။

x x x x x

၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ်လာရောက်စဉ် "မြန်မာနိုင်ငံဟာ စင်ကာပူနိုင်ငံကို နှစ်ပေါင်း ၂၀ အတွင်း ကျော်တက်မယ်"လို့ပြောခဲ့တဲ့အတွက် မီဒီယာတွေနဲ့ ကမ္ဘာ့နိုင်ငံတွေက အံ့သြခဲ့ကြပါတယ်။

x x x x x

အခုဆောင်းပါးမှာ စင်ကာပူနိုင်ငံရဲ့ အောင်မြင်ခြင်း လျှို့ဝှက်ချက်များကို " Fifty Secrects of Singapore's Success" စာအုပ်မှ ကောက်နုတ်ဖော်ပြထားပါတယ်။ တိုင်းပြည်တစ်ပြည် တိုးတက်အောင်မြင်ဖို့ နည်းလမ်းတွေကို လေ့လာနိုင်ပါတယ်။

ဒီစာအုပ်မှာ ဘာသာရပ်အသီးသီးမှ ကျွမ်းကျင်သူတွေ၊ တက္ကသိုလ်မှပါရဂူတွေ၊ ပါမောက္ခတွေ ပါဝင်ရေးသားတဲ့ ဆောင်းပါးပေါင်း ၅၀ ကို ပရော်ဖက်ဆာ တော်မီခိုး (Professor Tommy Koh)က တည်းဖြတ်ခဲ့တာ ဖြစ်ပါတယ်။ တော်မီခိုးဟာ စင်ကာပူ အမျိုးသား တက္ကသိုလ်(The National University of Singapore) ဥပဒေဌာနရဲ့ ပါမောက္ခတစ်ဦးဖြစ်သလို နိုင်ငံခြားရေး ဝန်ကြီးဌာနနဲ့ နိုင်ငံတော်ရဲ့အရေးပါတဲ့ လုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်နေသူတစ်ဦး ဖြစ်ပါတယ်။

x x x x x

ဒီစာအုပ်ဖြစ်ပေါ်လာခြင်းရဲ့ နောက်ကွယ်မှာ ပုံပြင်လေး နှစ်ပုဒ်ရှိတယ်ဆိုပါတယ်။

မက္ကဆီကိုနိုင်ငံမှ တက္ကသိုလ်ကျောင်းသူ ကျောင်းသား ၂၈ ဦးက သူတို့ပြည်နယ်အုပ်ချုပ်သူရဲ့ အကြံပြုချက်နဲ့အညီ စင်ကာပူနိုင်ငံမှာ ရက်သတ္တပတ်ကြာနေထိုင်လေ့လာခဲ့ကြပါတယ်။ အဲဒီနောက် တော်မီခိုးနဲ့ တွေ့ဆုံဖို့ တောင်းဆိုပြီး တွေ့ဆုံဆွေးနွေးပွဲမှာ ကျောင်းသူတစ်ယောက်က "စင်ကာပူနိုင်ငံ အောင်မြင်ခြင်းရဲ့ လျှို့ဝှက်ချက်"ကို မေးမြန်းခဲ့ပါတယ်။ ပါမောက္ခက အောင်မြင်ခြင်းဟာ တစ်ချက်တည်းမဟုတ်ပါဘူး၊ အကြောင်းပေါင်းများစွာ ရှိပါတယ်လို့ ပြောကြားခဲ့တဲ့အတွက် အဲဒီကျောင်းသူက စင်ကာပူနိုင်ငံရဲ့ အောင်မြင်ခြင်း လျှို့ဝှက်ချက်များစာအုပ် ရေးသားဖို့ တိုက်တွန်းခဲ့ပါတယ်။

အဲဒီနောက် ရက်အနည်းငယ်အတွင်းမှာပဲ စင်ကာပူနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံအမျိုးသမီး သံအမတ် ပေါ်လာ ပါဗီယမ်နန် (Paula Parviainen) ထံက မမျှော်လင့်တဲ့ လက်ဆောင်ကို လက်ခံရရှိပါတယ်။ ပေါ်လာက "ဖင်လန်နိုင်ငံ လူ့အလွှာဆန်းသစ်တီထွင်မှု ၁၀၀"(100 Social Innovation From Finland)စာအုပ်ကို ပေးပို့လိုက်တာပါ။ ဒီစာအုပ်က နိုင်ငံတကာ အရောင်းရဆုံးစာအုပ်စာရင်းဝင် ဖြစ်ပြီး ဘာသာပေါင်း ၂၇ ဘာသာသို့ ပြန်ဆိုပြီးလည်း ဖြစ်ပါတယ်။

ဒါဟာ တော်မီခိုးကို စင်ကာပူအောင်မြင်မှုစာအုပ်လုပ်ဖို့ အားအင်ဖြစ်စေခဲ့တယ် ဆိုပါတယ်။

မည်သို့ပင်ဆိုစေ ဒီစာအုပ်မှ လေ့လာစရာများစွာ ပါဝင်တာတွေ့ရပါတယ်။

x x x x x

ယနေ့ ကမ္ဘာကြီးမှာ သတင်းဆိုးများကသာ စိုးမိုးခြယ်လှယ်နေကြပြီး သတင်းကောင်းများကား ငတ်မွတ်ရှားပါးလျက်ရှိပါတယ်။

အောင်မြင်ခြင်းသတင်းကောင်းကို ကြွားဝါဖို့မဟုတ် ရိုးရိုးကုပ်ကုပ် နှိမ့်ချတင်ပြသကဲ့သို့ တိုးတက်မှုလမ်းစဆီ လှမ်းချီနေသောနိုင်ငံတွေအတွက် လှုံ့ဆော်အားပေးမှု တစ်ခုဖြစ်မယ်လို့ ယုံကြည်ကြောင်း ဒီစာအုပ်ကို စီစဉ်တည်းဖြတ်သူ တော်မီခိုးက စကားပလ္လင်ခံထားပါတယ်။

x x x x x

တိုင်းပြည်က သေးငယ်နေပါစေ၊ သဘာဝ သယံဇာတ အရင်းအမြစ်က မရှိရင်နေပါစေ၊ လက်မှိုင်ချနေဖို့မဟုတ်။ သင်တို့မှာ ခိုင်မာတဲ့ နိုင်ငံရေးပေါ်လစီရှိပြီ၊ အခွင့်အလမ်းကောင်းတွေရှိပြီ၊ အရည်အချင်းကောင်းနဲ့ ရိုးဖြောင့်တဲ့ ခေါင်းဆောင်ကောင်းရှိပြီ၊ ပြည်သူ့အမှုထမ်းကောင်းများရှိပြီ၊ စက်မှုလုပ်ငန်းကောင်းများနဲ့ ဆီလျော်လိုက်လျောညီသော လူဦးရေရှိပြီဆိုလျှင် သင့်ရဲ့သဘာဝအရင်းအမြစ်မရှိမှုနဲ့ အကန့်အသတ်ဘောင်ကျဉ်းမှုအားလုံးကို ကျော်လွှားအောင်မြင်နိုင်မှာဖြစ်ပါတယ်လို့ တော်မီခိုးက အားပေးပါတယ်။

စင်ကာပူနိုင်ငံဟာ စံပြနိုင်ငံရယ်လို့ မကြွားလိုပါဘူး၊ ဒါပေမယ့် ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ပြဿနာတွေကိုဖြေရှင်းဖို့ အဖြေရှိတဲ့ အရင်းအမြစ်ပဲဖြစ်ပါတယ်လို့ ဆိုပါတယ်။

> **စင်ကာပူက အမြော်အမြင်ကြီးပြီး စိတ်ကူးဉာဏ် မြင့်မားတဲ့အပြင် ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိတဲ့ ခေါင်းဆောင်တွေ ရထားတယ်။ စွမ်းအားရှိတဲ့ ပြည်သူ့ဝန်ဆောင်မှုတွေရှိတယ်။ ဝန်ဆောင်မှုတွေကို ဖွံ့ဖြိုးရေးစီမံကိန်းတွေနဲ့ ပြင်ဆင်ထားတယ်။ လုပ်ဆောင်ရာမှာ ပူးပေါင်းပါဝင်မှုတွေ ရှိတဲ့အတွက် ပြည်သူ့လုပ်ငန်းတွေ ဝန်ဆောင်မှုပေးရာမှာ ကျွမ်းကျင်လိမ္မာအကျိုးထိရောက်မှုရှိ။**

x x x x x

စာမျက်နှာ ၃၄၀ ပါတဲ့ ဒီစာအုပ်မှာ ဆောင်းပါးပေါင်း ၅၀ ပါဝင်ပြီး ကဏ္ဍပေါင်းကိုးခု ခွဲထားပါတယ်။

**၁။ စီးပွားရေးအောင်မြင်မှု**

၁၉၆၅ ခုနှစ်က ပြည်တွင်းထုတ်ကုန်ပမာဏ (Gross Domestic Product – GDP) နှစ်စဉ် ထုတ်ကုန်နှင့် ဝန်ဆောင်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅၀၀ သာရှိခဲ့ရာကနေ ပြီးခဲ့တဲ့နှစ်က အမေရိကန်ဒေါ်လာ ၆၄,၀၀၀ အထိ တိုးတက်လာတဲ့အတွက် အဆပေါင်း ၁၂၈ ဆ မြင့်တက်လာတာ ဖြစ်ပါတယ်။ ၂၀ ရာစုနှစ်အတွင်း အကြီးမားဆုံး တိုးတက်မှု မှတ်တမ်းလည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။

ဘာကြောင့် အောင်မြင်တိုးတက်ရသလဲဆိုတာကို စီးပွားရေးပရော်ဖက်ဆာ တန်ကောင်ရမ်း (နန်ယန်းနည်းပညာတက္ကသိုလ်)က အဖွင့်ဆောင်းပါးမှာ အဖြေရှာပြထားပါတယ်။ စင်ကာပူက အမြော်အမြင်ကြီးပြီး စိတ်ကူးဉာဏ် မြင့်မားတဲ့အပြင် ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိတဲ့ ခေါင်းဆောင်တွေ ရထားတယ်။ စွမ်းအားရှိတဲ့ ပြည်သူ့ဝန်ဆောင်မှုတွေ ရှိတယ်။ ဝန်ဆောင်မှုတွေကို ဖွံ့ဖြိုးရေးစီမံကိန်းတွေနဲ့ ပြင်ဆင်ထားတယ်။ လုပ်ဆောင်ရာမှာ ပူးပေါင်းပါဝင်မှုတွေ ရှိတဲ့အတွက် ပြည်သူ့လုပ်ငန်းတွေ ဝန်ဆောင်မှုပေးရာမှာ ကျွမ်းကျင်လိမ္မာအကျိုးထိရောက်မှုရှိတယ်။

မူဝါဒတွေ ချမှတ်ရာမှာလည်း လူကြိုက်များရုံ ရေတိုစီမံကိန်းတွေကို လုပ်မယ့်အစား မယိုင်မလဲနိုင်တဲ့ ရေရှည်စီမံကိန်းတွေကို ဆွဲပါတယ်။ စင်ကာပူရဲ့ အစိုးရကောင်းကတာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှု၊ ရေရှည်စီမံကိန်းနဲ့ လူမှုရေးတရားမျှတမှုရှိတယ်လို့ အဖြေထုတ်ပါတယ်။

တိုင်းပြည်များစွာ ရင်ဆိုင်နေရတဲ့ပြဿနာက အထူးသဖြင့် လူငယ်တွေအကြားမှာ အလုပ်လက်မဲ့မြင့်တက်ခြင်းဖြစ်ပါတယ်။ စင်ကာပူနိုင်ငံက အလုပ်လက်မဲ့နှုန်းအလွန်နည်းပါတယ်။ နိုင်ငံတကာကနေ အလုပ်သမားတွေ ခေါ်ခန့်ရသေးတယ်။ စင်ကာပူနိုင်ငံ စီးပွားရေးမြင့်တက်လာတဲ့ ၁၉၇၄ ခုနှစ်ကစလို့ အလုပ်လက်မဲ့ဦးရေ လေးရာခိုင်နှုန်းအောက်ကို ကျဆင်းသွားပြီး လူတိုင်းအလုပ်ကိုယ်စီရှိလာတယ်။

၁၉၇၄–၁၉၇၅ ခုနှစ် ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်မှုနဲ့ ၁၉၈၆ ခုနှစ် ကမ္ဘာ့စီးပွားရေးကပ်ကြောင့် ဂယက်ထတာကလွဲရင် ၁၉၈၉ ခုနှစ်မှာ နှစ်ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပြီး ၁၉၉၇ ခုနှစ်မှာ ၁ ဒသမ ၄ ရာခိုင်နှုန်းအထိ ကျဆင်းသွားပါတယ်။ လူတစ်ရာမှာ ၉၈ ယောက် အလုပ်ကိုယ်စီရှိကြတယ်ဆိုပါတော့။ ၁၉၉၇–၁၉၉၈ ခုနှစ် အာရှစီးပွားရေးကပ်၊ ၂၀၀၃ ခုနှစ် SARS ရောဂါတွေ ပြန့်ပွားနေစဉ်မှာပင် အလုပ်လက်မဲ့ဦးရေ လေးရာခိုင်နှုန်းထက်မပိုခဲ့ပါဘူး။

အလုပ်လက်မဲ့ဦးရေနည်းဖို့ လူတိုင်းအလုပ်လုပ်နိုင်ဖို့ အလုပ်အကိုင်အခွင့်အလမ်းတွေကို ဖန်တီးပေးနိုင်ခဲ့ပါတယ်။ ပြည်တွင်းလုပ်ငန်းတွေ ပွင့်လန်းလာသလို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ အလုံးအရင်းနဲ့ ဝင်ရောက်လျက်ရှိပါတယ်။ နိုင်ငံခြားလုပ်ငန်းကြီးများ ဝင်ရောက်လာတဲ့အခါ အလုပ်အကိုင်တွေရသလို နည်းပညာတွေလည်းရပါတယ်။

စင်ကာပူနိုင်ငံမှာ ရင်းနှီးမြှုပ်နှံရတာ စရိတ်စကအလွန်ကြီးပါတယ်။ မြေဈေးကြီးတယ်၊ လုပ်အားခကြီးတယ်၊ အခွန်ကလည်း ကုန်စည်နဲ့ ဝန်ဆောင်မှုအခွန် ခုနစ်ရာခိုင်နှုန်းနဲ့ အစစအရာရာ အခွန်အခမြင့်ပါတယ်။ လျှပ်စစ်နဲ့ရေ မီတာခကလည်းကြီးပါတယ်။

သို့သော် လျှပ်စစ်တွေ၊ ရေတွေ မပြတ်တောက်ဘူး၊ ခါတ်ဆီ၊ ဒီဇယ်ဆီ အလွယ်တကူဝယ်ယူရရှိတယ်။ လမ်းပန်းဆက်သွယ်ရေးက ပြောစရာမရှိ။

စိတ်ချရတဲ့ ဘဏ်လုပ်ငန်းရှိတယ်။ ခိုင်မာတဲ့ငွေကြေးစနစ်ရှိတယ်။ ငွေလဲနှုန်းနဲ့ ကုန်ဈေးနှုန်းက တည်ငြိမ်တယ်။ ဒါကြောင့် ရင်းနှီးမြှုပ်နှံသူတွေက ရင်းနှီးမြှုပ်နှံမှုပမာဏပိုကြီးပေမယ့် စင်ကာပူနိုင်ငံကို ရွေးချယ်ကြတယ်။

လူသားအရင်းအမြစ်ကျတော့ တက္ကသိုလ်နဲ့ ကျောင်းတွေက စက်ရုံ၊ အလုပ်ရုံလုပ်ငန်းဌာနတွေနဲ့ အံဝင်ခွင်ကျပညာကို ကမ္ဘာနဲ့ရင်ပေါင်တန်းပြီး မွေးထုတ်ပေးပါတယ်။ စင်ကာပူကုန်ထုတ်လုပ်မှု တိုးမြှင့်ရေးဘုတ်အဖွဲ့(Singapore Productivity and Standard Board) က သင်တန်းနဲ့ တက္ကသိုလ်အဆင့်ပညာရပ်တွေ အထောက်အကူပေးပါတယ်။ သက်ကြီးရွယ်အိုအလုပ်သမားတွေ ခေတ်မီကွန်ပျူတာအပါအဝင် နည်းပညာတွေ လေ့လာနိုင်ဖို့ ရာသက်ပန်ပညာရေး(Life Long Learing) ကျောင်းတွေက ထောက်ပံ့ငွေပေးပြီး ရက်ရက်ရောရော ပို့ချပေးလျက်ရှိတာကြောင့် အလုပ်လက်မဲ့ ပြဿနာမရှိဘူးဆိုရပါမယ်။

**၂။ လူမှုရေးဆိုင်ရာအောင်မြင်မှု**

လူမှုရေးနဲ့ သက်ဆိုင်တဲ့ အောင်မြင်မှု ၁၀ ခုကို တင်ပြထားပါတယ်။ ပါမောက္ခတွေ၊ ပါရဂူတွေက လာဘ်စားမှု၊ ခြစားမှုတွေကို ဘယ်လိုအောင်မြင်စွာတိုက်ဖျက်နိုင်ခဲ့သလဲ၊ လူမျိုးရေးနဲ့ ဘာသာရေး စိတ်သဘောထား ညီညွတ်အောင် ဘယ်လိုထိန်းချုပ်စီမံနိုင်ခဲ့သလဲ၊ ပြည်သူ့ စုပေါင်းအိမ်ရာစနစ်နဲ့ စင်ကာပူလူမျိုးအားလုံး ကိုယ်ပိုင်အိမ်ရရှိနိုင်စေခဲ့သလဲဆိုတာ ဆောင်းပါးတစ်ပုဒ်စီ ရေးသားတင်ပြထားတာ အလွန်စိတ်ဝင်စားစရာကောင်းသလို စိတ်ကူးစိတ်သန်းတွေကို မျှဝေခံစားဖို့လည်း ကောင်းပါတယ်။

စင်ကာပူအုပ်ချုပ်ရေးတက္ကသိုလ် (Singapore Management University–SMU) မှ ပါမောက္ခ လီလီကောင်းက ဟော့ကာစင်တာ စားသောက်ဆိုင်တန်းရဲ့ အောင်မြင်မှုကိုရေးပါတယ်။ ချက်ပြုတ်ချိန် မရလောက်အောင် အလုပ်လုပ်နေကြရပြီး မနက်စာ၊ ညစာကို ဟော့ကာစင်တာလို့ နာမည်ကြီးနေတဲ့ စားသောက်တန်းမှာ မိသားစုဝင်အားလုံးက ကိုယ်ကြိုက်ရာ ဝယ်စားကြရပါတယ်။ ကိုယ့်အိမ်နဲ့ မလှမ်းမကမ်းမှာ ဟော့ကာစင်တာ တစ်ခုနှစ်ခုရှိစမြဲပါ။ စားသောက်ဖွယ် အမည်များစွာ ရောင်းချတဲ့ဆိုင်ပေါင်း ၁၀၀၊ ၂၀၀ အထိ ရှိတတ်ပါတယ်။ မီးဖိုချောင်နဲ့ ညှော်ခန်း၊ အိမ်ခန်းများ တွဲလျက်ရှိတဲ့ စင်ကာပူအိမ် ဖွဲ့တည်မှုမှာ မီးဖိုချောင်ညစ်ပတ်မှာကြောက်တဲ့ စင်ကာပူအိမ်ရှင်မတွေအတွက် တွက်ခြေကိုက်တဲ့ ဟော့ကာစင်တာကိုပဲ အားကိုးကြရပါတယ်။

ဟော့ကာစင်တာကို မြို့နယ်အုပ်ချုပ်ရေးကောင်စီက ရေ၊ မီး၊ အခွန်အခ၊ သန့်ရှင်းရေးအတွက် စီမံအုပ်ချုပ်ပါတယ်။ ကျီး၊ ငှက်၊ ကြွက်နဲ့ ပိုးဟပ်အပြင် ကျန်းမာရေးဆိုင်ရာ ကွပ်ကဲအုပ်ချုပ်မှုကို အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ (National Environment Agency– NEA)က ထိန်းကွပ်ပါတယ်။ စင်ကာပူနိုင်ငံမှ ဟော့ကာစင်တာက မြန်မာနိုင်ငံရဲ့ လေဟာပြင် ညဈေးတန်း သဘောတရားဆင်တူပေမယ့် ဟော့ကာစင်တာ ယဉ်ကျေးမှုဆိုပြီး ကမ္ဘာကျော်နေပါပြီ။

အဲဒီကဏ္ဍအောက်မှာပဲ

- အမျိုးသမီးများလုပ်ပိုင်ခွင့်၊
- ကျန်းမာရေးစောင့်ရှောက်မှု၊
- မွေးကင်းစကလေးနဲ့ မိခင်သေဆုံးမှုလျော့ပါးရေး၊
- အလုပ်သမားနောင်ရေးအတွက် စုဆောင်းငွေ (Central Provident Fund –CPF)၊
- ဘာသာတရားအချင်းချင်း ညီညွတ်မှု၊
- လူမှုရေးဆိုင်ရာ ဆောင်ရွက်ချက်များ ဆောင်းပါး (၁၀)ပုဒ် တင်ဆက်ထားပါတယ်။

အလုပ်သမားနောင်ရေးစုဆောင်းငွေ CPF စနစ်က မြန်မာပြည်မှာ ရေးဆွဲခဲ့တဲ့ အိုနာစာ ရန်ပုံငွေစနစ်လို့ ကြားဖူးပါတယ်။ အလုပ်ရှင်နဲ့ အလုပ်သမားက လစာငွေကတည်းက သတ်မှတ်ထားတဲ့ အချိုးကျငွေပမာဏကို အစိုးရထံ အပ်ထားရပါတယ်။ ကျန်းမာရေးအတွက် ဆေးကုရင် စုဆောင်းငွေထဲက Medisave ကိုသုံးရပါတယ်။ အလုပ်ကအနားယူတဲ့အခါ အထောက်အပံ့ပေးမယ့် နောင်ရေးစုဆောင်းငွေ ဆောင်းပါးက အလွန်စိတ်ဝင်စားစရာကောင်းပါတယ်။

x x x x x

**၃။ ပညာရေးအောင်မြင်မှုများ**

ပညာရေးကဏ္ဍအတွက် အရေးပါတဲ့ဆောင်းပါးတွေကို တက္ကသိုလ်မှ ပါမောက္ခတွေ၊ ပိုလီတက္ကနစ်မှ ကျောင်းအုပ်တွေနဲ့ အမျိုးသားပညာရေးသိပ္ပံမှ ဒါရိုက်တာတွေက ရေးသားတင်ပြထားပါတယ်။

ကမ္ဘာ့အဆင့်မီကျောင်းပညာရေးစနစ်ကို ဘယ်လိုတည်ဆောက်ထားသလဲဆိုတာကို–

- ချီးကျူးဂုဏ်ယူဖွယ်အမျိုးသားပညာရေးသိပ္ပံ၊
- စင်ကာပူ ပိုလီတက္ကနစ်ပညာရေး၊
- စင်ကာပူ ကမ္ဘာ့အဆင့်မီ တက္ကသိုလ်များ၊
- ပြည်သူ့စာကြည့်တိုက်များနဲ့
- စင်ကာပူဂဏန်းသင်္ချာဆောင်းပါးများနဲ့တင်ပြထားပါတယ်။

**၄။ ယဉ်ကျေးမှုဆိုင်ရာအောင်မြင်မှုများ**

- အက်ပလဲနိတ် Esplanade Theatres by the Bay
- Singapore Symphony Orchester စင်ကာပူ အော်ခက်စတြာ သံစုံတီးဝိုင်း
- ရုက္ခဗေဒဥယျာဉ်များ
- ရာသီဥတုပြောင်းလဲခြင်းကို ပညာပေးထားတဲ့ ပင်လယ်အော်ဘေးက ဥယျာဉ်(Garden by the Bay)နဲ့
- ပြတိုက်များပြုပြင်ပြောင်းလဲခြင်းတို့ကို စိတ်ဝင်စားစွာ ဖတ်ရှုနိုင်ပါတယ်။

x x x x x

(ဆက်လက်ဖော်ပြပါမည်)

# သူနာပြုနှင့်သားဖွားဒီပလိုမာ (သုံးနှစ် သင်တန်း) နှင့် သားဖွားဒီပလိုမာ (နှစ်နှစ် သင်တန်း) နောက်ဆုံးနှစ်များ၌ အီလက်ထရွန်နစ်စနစ်သုံး သင်ကြားသင်ယူမှုပုံစံထည့်သွင်းကာ စတင်သင်ကြားမည့်အစီအစဉ်မိတ်ဆက်မှု အခမ်းအနားကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၆**

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ Access to Health Fund နှင့် Jhpiego – Johns Hopkins University Affiliate တို့ ပူးပေါင်းဆောင်ရွက်သည့် သူနာပြုနှင့်သားဖွားဒီပလိုမာ (သုံးနှစ် သင်တန်း)နှင့် သားဖွားဒီပလိုမာ (နှစ်နှစ် သင်တန်း) နောက်ဆုံးနှစ်များ၌ အီလက်ထရွန်နစ်စနစ်သုံး သင်ကြားသင်ယူမှုပုံစံ (E-Learning Platform) ထည့်သွင်းကာ စတင်သင်ကြားမည့် အစီအစဉ်မိတ်ဆက်မှုအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

**ကဏ္ဍပေါင်းစုံတွင် ထိခိုက်မှုများရှိ**

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကား ပြောကြားရာတွင် ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ဖြစ်စဉ်ကာလ ကဏ္ဍပေါင်းစုံတွင် ထိခိုက်မှုများရှိပြီး ဆေးနှင့် ဆေးပညာနှီးနွှယ်ပညာသင်ကြားရေးကဏ္ဍတွင်လည်း ထိခိုက်မှုများစွာရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ဖြစ်စဉ်ကာလအတွင်း ဆေးနှင့် ဆေးပညာနှီးနွှယ်ပညာ တက္ကသိုလ် ၁၆ ခု၌ သင်ကြားမှုများ ခေတ္တရပ်ဆိုင်းထားရခြင်းကို အမြန်ဆုံးပြန်လည်စတင်နိုင်ရေးနှင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ပိုမိုကောင်းမွန်တိုးတက်စေရေးတို့အတွက် ဆောင်ရွက်လျက်ရှိရာ ခေတ်မီအီလက်ထရွန်နစ်နည်းပညာသုံး ပညာသင်ကြားမှုများလည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ခေတ်မီ အီလက်ထရွန်နစ်နည်းပညာသုံး သင်ကြားသင်ယူမှုပုံစံကို အသုံးပြုရန်အတွက် လိုအပ်သည့် ပစ္စည်းများ ဖြည့်ဆည်းခြင်း၊ ဆောင်ရွက်ပုံနည်းစနစ်များ သင်ကြားခြင်းနှင့် ကနဦးစမ်းသပ်ခြင်းလုပ်ငန်းများကို စီမံချက်ပုံစံဖြင့်ပြုလုပ်၍ စနစ်တကျ ဆောင်ရွက်ပြီးစီးပြီဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ သူနာပြုများနှင့် သားဖွားဆရာမများသည် ကျန်းမာရေးစနစ်တစ်ခု၏ အဓိကနယ်ပယ်ကြီး လေးခုဖြစ်သော ပြည်သူများ၏ကျန်းမာရေး အဆင့်မြှင့်တင်ရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ပြန်လည်သန်စွမ်းရေးဟူသည့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအားလုံးတွင် ပါဝင်ဆောင်ရွက်နေသူများဖြစ်ပြီး နိုင်ငံတော်နှင့်ဝန်ကြီးဌာနတို့အတွက် အရေးကြီးသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့်လည်း ၂၀၁၆ ခုနှစ် ဧပြီလမှစ၍ အဓိကဦးစားပေး သုံးခုတွင် သူနာပြုနှင့် သားဖွားကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ထည့်သွင်းပြီး သူနာပြုနှင့် သားဖွားလောက ပိုမိုအဆင့်အတန်းမြင့်မားလာရေးကို ဦးတည်၍ အထူးအလေးထားကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများတွင်လည်း သူနာပြုများနှင့် သားဖွားဆရာမများသည် ရောဂါကူးစက်ခံရနိုင်ခြေအန္တရာယ်ရှိသည့် ရှေ့တန်းနေရာမှ အစွမ်းကုန် ကြိုးပမ်းထမ်းဆောင်နေသည်ကို ပြည်သူများအနေဖြင့်လည်း သိရှိမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နေမှုများအပေါ် ဝန်ကြီးဌာနအနေဖြင့် ကျေးဇူးတင်ရှိမှတ်တမ်းတင်အပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အရည်အသွေးပြည့်ဝသော သူနာပြုနှင့် သားဖွားဆရာမ လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ၂၀၁၆ ခုနှစ် ဧပြီလမှစတင်ကာ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ မွမ်းမံပြင်ဆင်ရေးဆွဲခြင်း၊ ခေတ်မီ သင်ကြားသင်ယူမှု ပုံစံနည်းစနစ်များဖြင့် သင်ကြားစေခြင်း၊ သင်တန်းဝင်ခွင့်များ ပိုမိုတိုးမြှင့်ခေါ်ယူခြင်း၊ သင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်းနှင့် ခေတ်မီ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၆ ခုနှစ် ဧပြီလမှ ယခုအထိ သူနာပြုဆရာ/ဆရာမ ၇၄၅၅ ဦး၊ သားဖွားဆရာမ ၃၈၄၄ ဦးနှင့် အကူသူနာပြု ၉၃၀ တို့ကို ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါကြောင်း၊ လက်ရှိတွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ၅၃ ခုတွင် တက်ရောက်နေသည့် သင်တန်းသား သင်တန်းသူ ၉၅၃၈ ဦးနှင့် သူနာပြုတက္ကသိုလ်များတွင် တက်ရောက်နေသည့် သင်တန်းသား သင်တန်းသူ ၁၄၉၉ ဦးရှိပြီး အဆိုပါ သင်တန်းသား သင်တန်းသူများအတွက် သင်ကြားသင်ယူမှု လုပ်ငန်းများ အဆက်မပြတ်စေရေးသည် နိုင်ငံအတွက် အရေးကြီးပါကြောင်း၊ ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို အသုံးချကာ သင်ကြားသင်ယူမှုများကို ဝန်ကြီးဌာန၏ တက္ကသိုလ်များနှင့် သင်တန်းကျောင်းများတွင် ဆောင်ရွက်လျက်ရှိခဲ့ပြီး ယခုအခါ အီလက်ထရွန်နစ်စနစ်သုံး သင်ကြားသင်ယူမှုပုံစံ (E-Learning Platform)ကို သူနာပြုတက္ကသိုလ်များနှင့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများ၏ သင်ကြားသင်ယူမှုအစီအစဉ်များတွင် ထည့်သွင်းပေါင်းစပ်ကာ စတင်ဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနရှိ တက္ကသိုလ်များမှ ပါမောက္ခများ၊ ဆရာ ဆရာမများ၏ ဘာသာရပ်ဆိုင်ရာ သင်ကြားမှုဗီဒီယိုများကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့် သက်ဆိုင်ရာ တက္ကသိုလ်များ၏ အင်တာနက်စာမျက်နှာများတွင် လွှင့်တင်ထားလျက်ရှိရာ သင်တန်းသား သင်တန်းသူများက သင်ယူလေ့လာနိုင်ရုံသာမက၊ ဆရာဝန်များ၊ ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာပညာရှင်များ၊ သူနာပြုများ၊ ကျန်းမာရေးမှူးများ၊ အခြေခံကျန်းမာရေး ပညာရှင်များနှင့် သားဖွားဆရာမများက မြန်မာနိုင်ငံနေရာအနှံ့မှ အင်တာနက်ကွန်ရက်အသုံးပြုကာ ပညာရပ်ဆိုင်ရာ နောက်ဆုံးပေါ် အချက်အလက်များကို လေ့လာနိုင်သဖြင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်သူများအား ပေးလျက်ရှိပါကြောင်း။

သူနာပြုတက္ကသိုလ်များမှ ပါမောက္ခများနှင့် ဆရာ ဆရာမများအနေဖြင့်လည်းကောင်း၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ၅၃ ကျောင်းမှ ဆရာ ဆရာမများအနေဖြင့်လည်းကောင်း ဘာသာရပ်ဆိုင်ရာ သင်ကြားမှုဗီဒီယိုများ ပိုမိုရိုက်ကူးကာ လွှင့်တင်ထားကြရန်ကိစ္စကို ဦးစားပေးအဖြစ်ဆောင်ရွက်ရန် ပြောကြားလိုပါကြောင်း၊ သင်ကြားသင်ယူမှု လုပ်ငန်းများဆောင်ရွက်ရာတွင် သင်တန်းသား သင်တန်းသူများ၏ သင်ခန်းစာအပေါ် နားလည်သဘောပေါက်မှုနှင့် သုံးသပ်ချက်အမြင်တို့ကို အမြဲလေ့လာဆန်းစစ်နေရမည်ဖြစ်ပြီး ပိုမိုနားလည် သဘောပေါက်လွယ်စေရေးအတွက် ဆောင်ရွက်ကြစေလိုပါကြောင်း၊ သင်ရိုးညွှန်းတမ်းများကိုလည်း ဆေးနှင့် ဆေးပညာ နှီးနွှယ်လောကရှိ ဘာသာရပ်အလိုက် နောက်ဆုံးပေါ် အချက်အလက်များ၊ တွေ့ရှိချက်များနှင့်အညီ အမြဲတမ်းမွမ်းမံပြင်ဆင်၍ သင်ကြားရမည်ဖြစ်ပါကြောင်း။

**တတ်ကျွမ်းရန်အရေးကြီးမှု**

သင်ကြားသင်ယူမှုများပြုလုပ်ရာတွင် အပြန်အလှန် တက်ကြွစွာဆွေးနွေးခြင်း ပုံစံများဖြင့် ဆောင်ရွက်စေလိုပါကြောင်း၊ ဘာသာရပ်သင်ခန်းစာများသင်ကြားရာတွင် သင်ခန်းစာအားလုံးအတွက် အချိန်တစ်ပြေးညီတည်း မဟုတ်ဘဲ တတ်ကျွမ်းရန်အရေးကြီးမှု အတိုင်းအတာအလိုက် သင်ကြားချိန်များကို ချိန်ဆဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သူနာပြုနှင့် သားဖွားဆရာမများအား ဆေးရုံများ၌ လက်တွေ့သင်ကြားပြသရာတွင် ပိုမိုကောင်းမွန်တတ်မြောက်စေရေးအတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဆေးရုံများမှ အထူးကုဆရာဝန်ကြီးများ ဆွေးနွေးပြီး ဆောင်ရွက်စေလိုပါကြောင်း၊ စာမေးပွဲများတွင်လည်း အလွတ်ကျက်မှတ်ပြီး အကြောင်းအရာများကို မေးမြန်းဖြေဆိုရသည့် ပုံစံဖြင့် မဟုတ်ဘဲ နားလည်သဘောပေါက်နိုင်စွမ်းနှင့် လက်တွေ့အသုံးချနိုင်စွမ်းတို့ကို စစ်မေးသည့်ပုံစံဖြင့် ဆောင်ရွက်စေလိုပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများတွင် ကျင့်သုံးနေသည့် စာအုပ်စာတမ်းများကို ကြည့်ရှုကိုးကားပြီး ကိုယ်ပိုင်စဉ်းစားဉာဏ်ဖြင့် စာအုပ်ဖွင့် ဖြေဆိုရသည့်စနစ် (open book exam system) နှင့် မေးခွန်းလွှာကို မိမိနေထိုင်ရာသို့ ယူဆောင်ဖြေဆိုရသည့်စနစ် (take home exam) တို့ကိုလည်း ထည့်သွင်းကျင့်သုံးစေလိုပါကြောင်း။

ဆရာ ဆရာမများ၏ သင်ကြားမှုစွမ်းရည်များ ပိုမိုမြင့်မားစေရေးလုပ်ငန်းများကိုလည်း ဆက်လက်တိုးမြှင့်ဆောင်ရွက်စေလိုပါကြောင်း၊ ပိုမိုကောင်းမွန်သည့် သင်ကြားသင်ယူမှုပတ်ဝန်းကျင်များ ရရှိစေရေးအတွက်လည်း ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ သင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများက ဆောင်ရွက်ကြစေလိုပါကြောင်း၊ ဆေးနှင့်ဆေးပညာနှီးနွှယ် တက္ကသိုလ်များ၌ လိုအပ်သည့် သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများအား ဝန်ကြီးဌာနမှ ဆက်လက်၍ ဦးစားပေးအနေဖြင့် ပံ့ပိုးသွားမည်ဖြစ်ပါကြောင်း၊ ယခု အီလက်ထရွန်နစ်စနစ်သုံး သင်ကြားသင်ယူမှုပုံစံ (E-Learning Platform) ကို အသုံးပြုရာ၌ တွေ့ကြုံနိုင်သည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို အမြဲတမ်းသုံးသပ်၍ ကျော်လွှားကြရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် အင်တာနက်အမြန်နှုန်းနှေးသည့် နေရာအနည်းငယ်၌လည်း ပုံစံတစ်နည်းဖြင့် ဆောင်ရွက်ထားသည်ကို တွေ့ရှိရသည့်အတွက် အဆင်ပြေချောမွေ့မည်ဟု ထင်မြင်ပါကြောင်း၊ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် လူတိုင်း လက်လှမ်းမီလွှမ်းခြုံပေးနိုင်သော ကျန်းမာရေးပန်းတိုင် (UHC) ကို ရရှိအောင်မြင်စေရေးတို့အတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင်ပါဝင်နေသော သူနာပြုနှင့် သားဖွားဆရာမများ ဘက်စုံပိုမိုဖွံ့ဖြိုး တိုးတက်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ဦးစားပေးသတ်မှတ်ကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး တာဝန်ရှိသူများအနေဖြင့်လည်း စုစည်းညီညွတ်စွာဖြင့် ဆက်လက်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ Jhpiego အဖွဲ့မှ Country Director Ms. Leah Thayer က သင်ကြားသင်ယူမှုကဏ္ဍတွင် E-Learning Platform ၏ အရေးပါမှုနှင့် Jhpiego အဖွဲ့မှ E-Learning Platform ဆောင်ရွက်နိုင်ရေး ပါဝင်ကူညီခဲ့မှုများအား ပြောကြားသည်။

ယင်းနောက် Nursing Now Myanmar Video Clip ကို ပြသသည်။

ဆက်လက်၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်ငွေငွေလှိုင်က E-Learning Platform ၏ နောက်ခံအချက်အလက်များကိုလည်းကောင်း၊ Jhpiego အဖွဲ့၏ Deputy Technical and Program Director ဒေါ်နန်းနန်းအောင်က E-Learning Platform ကို ပြင်ဆင်ဆောင်ရွက်ခဲ့မှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း (စစ်တွေ) မှ ကျောင်းအုပ်ကြီး ဒေါ်နုနုဇံက E-Learning Platform အသုံးချသင်ကြားသင်ယူမှု အတွေ့အကြုံများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦး၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သူနာပြုတက္ကသိုလ် (ရန်ကုန်)နှင့် သူနာပြုတက္ကသိုလ် (မန္တလေး) တို့မှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ သူနာပြုနှင့် သားဖွားသင်တန်းသူများ၊ UNFPA၊ UNICEF၊ Access to Health Fund နှင့် Jphiego အဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာအမှတ် ၁ / ၂၀၁၂**
**၁၃၇၂ ခုနှစ် ၊ နတ်တော်လပြည့်ကျော် ၆ ရက်**
**( ၂၀၁၂ ခုနှစ် ၊ ဇန်နဝါရီလ ၄ ရက် )**

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း၊ ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်-

**(ယမန်နေ့မှအဆက်)**

**မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်(အဆက်)**

၇၇။ ဘဒ္ဒန္တပညောဘာသ၊ ကမ္ဘောဇသျှမ်းကျောင်းကြီးဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ အမှတ်(၁)ရပ်ကွက်၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ်
၇၈။ ဘဒ္ဒန္တကဝိန္ဒ၊ အနောက်ကျောင်းပရိယတ္တိစာသင်တိုက်၊ ဝမ်ဟွေရပ်ကွက်၊ မိုင်းပွန်မြို့၊ လွိုင်လင်မြို့နယ်၊ ရှမ်းပြည်နယ်
၇၉။ ဘဒ္ဒန္တဇာဂရ ၊ ပရိယတ္တိသဒ္ဓမ္မပါလဆိုင်မိန်းကျောင်းတိုက်၊ အမှတ်(၃) ရပ်ကွက်၊ မိုင်းရယ်မြို့၊ ရှမ်းပြည်နယ်
၈၀။ ဘဒ္ဒန္တဝါယာမိန္ဒာဘိပါလ ၊ နန်းဦးပရိယတ္တိစာသင်တိုက်၊ ဇတ်စုရပ်ကွက်၊ သီပေါမြို့၊ ရှမ်းပြည်နယ်
၈၁။ ဘဒ္ဒန္တက္လန္ဒက ၊ အောင်လှိုင်ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းကျောင်း၊ အမှတ်(၄) ရပ်ကွက်၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၈၂။ ဘဒ္ဒန္တကဝိနန္ဒ ၊ ရွှေကျောင်းဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ ပြင်ခရိုင်ကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး
၈၃။ ဘဒ္ဒန္တဓမ္မသာမိ ၊ ရွာလယ်ကျောင်းသစ်ပရိယတ္တိစာသင်တိုက်၊ ရွာလယ်ရပ်ကွက်၊ ဝါးခယ်မမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၈၄။ ဘဒ္ဒန္တဝိသုတာဘိဝံသ၊ မဟာမင်္ဂင်ကျောင်းတိုက်၊ ဝါးတောကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး
၈၅။ ဘဒ္ဒန္တဒေဝိန္ဒ ၊ မင်းကျောင်းပရိယတ္တိစာသင်တိုက်၊ အမှတ် (၄) ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၈၆။ ဘဒ္ဒန္တကောမလသာရာဘိဝံသ၊ ဓမ္မဝိနယပထမပြန်ပရိယတ္တိစာသင်တိုက်၊ အမှတ်(၉) ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၈၇။ ဘဒ္ဒန္တဇောတိက၊ မဟာပုညဝဍ္ဎနစာသင်တိုက်၊ အမှတ်(၁၁)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၈၈။ ဒေါက်တာဘဒ္ဒန္တခေမိန္ဒ၊ ပရိယတ္တိမင်းကျောင်းတိုက်၊ အမှတ်(၃) ရပ်ကွက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၈၉။ ဘဒ္ဒန္တထေရဝံသ၊ ဝရခေတုရတနာရာမ(ခေတ်တော်တိုက်ကျောင်း)၊ NO.57, Lorong 4 Geylang ၊ စင်ကာပူနိုင်ငံ
၉၀။ ဘဒ္ဒန္တသောဘဏ၊ တိရတနာထေရဝါဒဗုဒ္ဓဘာသာမြန်မာကျောင်း၊ ယုကဘမ်းမြို့၊ ဆွီဒင်နိုင်ငံ
၉၁။ Ven.Thumbowila Dhammaratana Thero, 139, Sri Saddharmarama Purana Viharaya, Thumbowila, Piliyandala, Colombo, Sri Lanka
၉၂။ ဘဒ္ဒန္တနာရဒ၊ သာသနာ့ရောင်ခြည်ဘုန်းတော်ကြီးကျောင်း၊ အဲ(လ်)မွန်းတီမြို့၊ လော့စ်အိန်ဂျယ်လိစ်ကောင်တီ၊ ကယ်လီဖိုးနီးယားပြည်နယ်၊ အမေရိကန်ပြည်ထောင်စု
၉၃။ ဘဒ္ဒန္တအာစာရ၊ အောင်မင်္ဂလာဆုတောင်းပြည့်ဘုရားကျောင်းတိုက်၊ ဒေလီစီးတီးမြို့၊ ကယ်လီဖိုးနီးယားပြည်နယ်၊ အမေရိကန်ပြည်ထောင်စု
၉၄။ ဘဒ္ဒန္တတိက္ခဉာဏာလင်္ကာရ၊ ယောနွယ်ဓမ္မစင်တာကျောင်းတိုက်၊ မာရှယ်တောင်းမြို့၊ အိုင်အိုဝါပြည်နယ်၊ အမေရိကန်ပြည်ထောင်စု
၉၅။ ဘဒ္ဒန္တနန္ဒိယ၊ သာသနဓဇဘုန်းတော်ကြီးကျောင်း၊ ဆစ်ဒနီမြို့၊ နယူးဆောက်ဝေးပြည်နယ်၊ ဩစတြေးလျနိုင်ငံ

**သီလရှင်ဆရာကြီးများ**

၉၆။ ဒေါ်ပညာဝတီ၊ မြဝတီသီလရှင်စာသင်တိုက်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၉၇။ ဒေါ်ဓမ္မေရီ၊ ဓမ္မိကာရာမသီလရှင်ပရိယတ္တိ၊ ပဋိပတ္တိကျောင်း၊ ကျိုက်အင်းကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၉၈။ ဒေါ်ခေမာစာရီ၊ အောင်ရတနာသီရိသီလရှင်ကျောင်း၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံသီလရှင်ဆရာကြီးများ**

၉၉။ HYE SONG SNIM , BAEKRYUN-AM , JIKJI-SA-GIL 95 , DAEHANG-MYUN, GIMCHEOM-SI, GYUNG BUK, SEOUL, REPUBLIC OF KOREA
၁၀၀။ ဒေါ်ဒီပင်္ကရာထေရီ၊ Cakkavala ကမ္မဋ္ဌာန်းရိပ်သာကျောင်းတိုက်၊ စင်ကာပူနိုင်ငံ

**လူပုဂ္ဂိုလ်များ**

၁၀၁။ ဦးမောင်မောင်၊ အမှတ် (၁၄/ ၅၁၇)၊ ပေါင်းလောင်း(၁)နယ်မြေ၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၁၀၂။ ဦးသူရ၊ တိုက်(၁၂၀၃)၊ အခန်း(၀၆)၊ ခနသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
၁၀၃။ ဦးညွန့်ငွေး၊ အမှတ်(၈၃)၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၀၄။ ဒေါက်တာရဲအောင်၊ အမှတ်(၂၇/က)၊ ဖိုးစိန်လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၀၅။ ဒေါက်တာတင်စိန်(ခ) ဦးနီနီ၊ အမှတ်(ခ/၂)၊ ခရေလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၀၆။ ဦးအောင်မြတ်၊ အမှတ်(၃၇)၊ ဝေဇယန္တာလမ်း၊ အမှတ်(၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၀၇။ ဒေါက်တာခင်ယုနွယ်၊ အမှတ်(၃၈)၊ အောင်မြေသာစည်(၁)လမ်း၊ အမှတ်(၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံလူပုဂ္ဂိုလ်**

၁၀၈။ Chair Prof Mr. Asanga Tilakaratne, 36, Quinlan Avenue, Mirihana, Kotte, Sri Lanka

**သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တကောလိတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကောင်းမှုလုံကျေးရွာ၊ မချမ်းဘောမြို့နယ်၊ ကချင်ပြည်နယ်
၂။ ဒေါက်တာဘဒ္ဒန္တဉာဏဓဇ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ ရန်ကြီးအောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၃။ ဘဒ္ဒန္တဝဏ္ဏသီရိ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဝမ်ချယ်ကျေးရွာ၊ ဘောလခဲမြို့နယ်၊ ကယားပြည်နယ်
၄။ ဘဒ္ဒန္တသြဇေယျ၊ သီရိမင်္ဂလာရတနာသုခ (မြို့မ)ကျောင်းတိုက်၊ တောင်ပိုင်းရပ်ကွက်၊ မယ်စဲ့မြို့၊ ကယားပြည်နယ်
၅။ ဘဒ္ဒန္တက္လန္ဒောဘာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နန်းဖဲကျေးရွာ၊ ဘောလခဲမြို့နယ်၊ ကယားပြည်နယ်
၆။ ဘဒ္ဒန္တကောဝိဒ၊ ရေပူစမ်းဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ရေပူစမ်းကျေးရွာ၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ်
၇။ ဘဒ္ဒန္တပညိသရ၊ သာသနမုခ်ဦးဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ မီးခတ်ချောင်းကျေးရွာ၊ သံတောင်ကြီးမြို့နယ်၊ ကရင်ပြည်နယ်
၈။ ဘဒ္ဒန္တနန္ဒိယ၊ သာသနာ့ရက္ခိတပရိယတ္တိစာသင်တိုက်၊ လုံပီးရပ်ကွက်၊ ဖလမ်းမြို့၊ ချင်းပြည်နယ်
၉။ ဘဒ္ဒန္တအာလောက၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဖုန်းတွီးကျင်းကျေးရွာ၊ ကန်ပက်လက်မြို့နယ်၊ ချင်းပြည်နယ်
၁၀။ ဘဒ္ဒန္တပညာဇောတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ တွီဒိန်ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်
၁၁။ ဘဒ္ဒန္တက္လသရိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဝေါက်ကြုတ်ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်
၁၂။ ဘဒ္ဒန္တသုဇာတ၊ သဲပုံစေတီကျောင်းတိုက်၊ မြကန်သာရပ်ကွက်၊ ခင်ဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တဝေပုလ္လ၊ မဟာစမ္ပါရုံကျောင်းတိုက်၊ ကံကုန်းကျေးရွာ၊ ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တကိတ္တိသာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မွန်တုံးညိုကျေးရွာ၊ လဟယ်မြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တကုလဝံသာစာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဖားမောင်ကျေးရွာ၊ ခန္တီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တကောဝိဒ၊ သဒ္ဓမ္မပါလကျောင်းတိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၇။ ဒေါက်တာဘဒ္ဒန္တကောဝိဒ၊ လယ်ဝိုင်းကျောင်းတိုက်၊ အမှတ်( ၂ ) ရပ်ကွက်၊ ပုလောမြို့၊ တနင်္သာရီတိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တဝိဇ္ဇောတက၊ ငွေတောင်တောရပရိယတ္တိစာသင်တိုက်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်
၁၉။ ဘဒ္ဒန္တဥတ္တမသာရ၊ အင်တိုင်းသာကျောင်းတိုက်၊ အမှတ် (၅)ရပ်ကွက်၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်
၂၀။ ဘဒ္ဒန္တဇဝန၊ သန္တိသုခရွှေမေတ္တာကျောင်းတိုက်၊ ဒိုးနွယ်ကျေးရွာ၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်
၂၁။ ဘဒ္ဒန္တအဂ္ဂရာဇာ၊ ဘူးကွဲရွာဦးကျောင်းတိုက်၊ သုခသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
၂၂။ ဘဒ္ဒန္တပဏ္ဍဝ ၊ ရွှေဟင်္သာကျောင်းတိုက်၊ ငန်းစပ်ကျေးရွာ၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်
၂၃။ ဘဒ္ဒန္တပဒုမ၊ ကုန်းဝိုင်းကြီးဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ ကုန်းဝိုင်းကြီးကျေးရွာ၊ ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၂၄။ ဘဒ္ဒန္တနန္ဒိယ၊ သီရိဇေယျာဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ ကျွန်းသာယာရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၂၅။ ဘဒ္ဒန္တရာဇိန္ဒ၊ ဖွဲ့ဘာကျောင်းတိုက်၊ ဖွဲ့ဘာကျေးရွာ၊ ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၂၆။ ဘဒ္ဒန္တဝိမလ၊ ရွှေညောင်ပင်ကျောင်းတိုက်၊ ချောင်းဒေါင့်ရပ်ကွက်၊ ကျီးသဲမြို့၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၂၇။ ဘဒ္ဒန္တက္လန္ဒက၊ သာသနပါလဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရေစုပွင်ကျေးရွာ၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၂၈။ ဘဒ္ဒန္တကေသရ၊ မြို့တော်ဦးကျောင်းတိုက်၊ မြို့မရပ်ကွက်၊ ငဖဲမြို့၊ မကွေးတိုင်းဒေသကြီး
၂၉။ ဘဒ္ဒန္တက္လန္ဒက၊ စည်သာချိုင်းဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ စည်သာကျေးရွာ၊ နတ်မောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး
၃၀။ ဘဒ္ဒန္တဝိသုတ၊ ဒက္ခိဏာရုံကျောင်းတိုက်၊ ကျောက်ဆောင်စမ်းစံပြကျေးရွာ၊ ဆင်ပေါင်ဝဲမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၃၁။ ဘဒ္ဒန္တဗာကုလ၊ သီရိမင်္ဂလာဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ညောင်ကုန်းကျေးရွာ၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၃၂။ ဘဒ္ဒန္တဝိဇယ၊ ဇေတဝန်ကျောင်းတိုက်၊ ကံသာကျေးရွာ၊ ရေနံချောင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၃၃။ ဘဒ္ဒန္တစန္ဒကုမာရ၊ ကျောင်းကြီးကျောင်းတိုက်၊ တောင်လွှဲကျေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃၄။ ဘဒ္ဒန္တသောဘဏ၊ သာသနဟိတကာရီမှန်ကျောင်းတိုက်၊ အမှတ်(၂) ရပ်ကွက်၊ နွားထိုးကြီးမြို့၊ မန္တလေးတိုင်းဒေသကြီး
၃၅။ ဘဒ္ဒန္တကောသိယ၊ ပြည်လုံးချမ်းသာရွှေတန်ဆာပရိယတ္တိစာသင်တိုက်၊ ပြည်တော်သာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး
၃၆။ ဘဒ္ဒန္တသုမင်္ဂလ၊ ပြည်လုံးချမ်းသာပရဟိတမိဘမဲ့ကျောင်း၊ ရဲဘော်ကွက်သစ်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃၇။ ဘဒ္ဒန္တဝိသုဒ္ဓါစာရ၊ ကိုးတောင်ပြည့်ကျောင်းတိုက်၊ အမှတ်( ၁ ) ရပ်ကွက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး
၃၈။ ဘဒ္ဒန္တရာဇိန္ဒ၊ စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃၉။ ဒေါက်တာဘဒ္ဒန္တဝိဇ္ဇောဘာသာလင်္ကာရာဘိဝံသ၊ ပေါင်လောင်လေးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပေါင်လောင်လေးကျေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄၀။ ဒေါက်တာဘဒ္ဒန္တခေမိသရ၊ အောင်မြေသုခပရိယတ္တိစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ မတ္တရာမြို့၊ မန္တလေးတိုင်းဒေသကြီး
၄၁။ ဘဒ္ဒန္တသုန္ဒရဓမ္မ၊ ဘေးမဲ့ရိပ်သာအထက်ခြံကျောင်းတိုက်၊ အောက်ကျင်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၄၂။ ဘဒ္ဒန္တသုမန ၊ သာသနဟိတသီရိကျောင်းတိုက်၊ ကင်မွန်းချောင်းကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်
၄၃။ ဘဒ္ဒန္တသီလဝန္တ၊ ဓမ္မရုံသီကျောင်းတိုက်၊ မြို့မ(၄)ရပ်ကွက်၊ မုဒုံမြို့၊ မွန်ပြည်နယ်
၄၄။ ဘဒ္ဒန္တဟံသာဓဇ၊ ဗောဓိစေတီကျောင်းတိုက်၊ ကမာဝက်မြို့၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်
၄၅။ ဘဒ္ဒန္တပုပ္ဖရမ္မ၊ ဂေါ်ခေတ္တာပရိယတ္တိစာသင်တိုက်၊ အောင်သုခရပ်ကွက်၊ ရေးမြို့၊ မွန်ပြည်နယ်
၄၆။ ဒေါက်တာဘဒ္ဒန္တဝရသာမိ၊ ဓညဝတီပညာပါရမီကျောင်းတိုက်၊ တရားသိစုရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်
၄၇။ ဘဒ္ဒန္တဓမ္မိက၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာပညာရာမကျောင်းတိုက်၊ အမှတ်(၁၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၈။ ဘဒ္ဒန္တဉာဏိန္ဒ၊ ဗလအားမာန်ငါးတန်လူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်းတိုက်၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး
၄၉။ ဒေါက်တာဘဒ္ဒန္တသီလာစာရ၊ အောင်သိဒ္ဓိကျောင်းတိုက်၊ အမှတ်(၉) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၀။ ဘဒ္ဒန္တကုသလ၊ ကုသလာရာမချမ်းမြေ့ရိပ်သာကျောင်းတိုက်၊ စာဘူးတောင်းကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၁။ ဒေါက်တာဘဒ္ဒန္တဝါယာမ၊ သာသနာ့ဟိတကာရီဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၂။ ဘဒ္ဒန္တပညာနန္ဒ၊ ဇေတဝန်ကျောင်းတိုက်၊ ရေခလာကျေးရွာ၊ သုံးခွမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၃။ ဘဒ္ဒန္တပိဏ္ဍောလာစာရ၊ ရွှေဟင်္သာညောင်တုန်းကျောင်း၊ အရှေ့ဥယျာဉ်တိုက်၊ လင်းလွန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၄။ ဘဒ္ဒန္တက္လန္ဒာစက္က၊ ကျားကူးပရိယတ္တိစာသင်တိုက်၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၅။ ဘဒ္ဒန္တတိလောက၊ သစ္စာအလင်းရောင်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ တိုးချဲ့ (၃)ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၆။ ဘဒ္ဒန္တစန္ဒာဝရ၊ စန္ဒာရာမဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ အမှတ်(၂၂) ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၇။ ဘဒ္ဒန္တသီရိန္ဒ၊ ဗြဟ္မနိမ္မိတာရုံကျောင်းတိုက်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၈။ ဒေါက်တာဘဒ္ဒန္တအရိယဝံသ၊ မဟာဗောဓိမိုးကုတ်ရိပ်သာကျောင်းတိုက်၊ အမှတ်(၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

စာမျက်နှာ ၉ သို့ ✪

❂ စာမျက်နှာ ၈ မှ

၅၉။ ဒေါက်တာဘဒ္ဒန္တအဂ္ဂဇေယျ၊ ရတနာအောင်မြေကျောင်းတိုက်၊ မယ်ဇလီကုန်းကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၀။ ဒေါက်တာဘဒ္ဒန္တကုလ္လနန္ဒက၊ ဓမ္မဗေယျာပရိယတ္တိစာသင်တိုက်၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၁။ ဒေါက်တာဘဒ္ဒန္တဝိစာရ၊ ရွှေစေတီဝိစာရဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ်(၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၂။ ဘဒ္ဒန္တသောပါက၊ သာသနာ့ဇောတိပါလပခုက္ကူကျောင်းတိုက်၊ တပ်ကြီးကုန်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၃။ ဘဒ္ဒန္တကုလ္လနန္ဒသီဟ၊ ဗုဒ္ဓဆာယာ(စစ်ကိုင်း)ကျောင်းတိုက်၊ ရှမ်းရွာကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၄။ ဘဒ္ဒန္တရာဇိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ လောက်ကိုင်မြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်
၆၅။ ဘဒ္ဒန္တပဏ္ဍိတ၊ တင်းထက်ကျောင်းတိုက်၊ တင်းထက်ကျေးရွာ၊ ပင်လောင်းမြို့နယ်၊ ရှမ်းပြည်နယ်
၆၆။ ဘဒ္ဒန္တကောသလ၊ သာသနာ(၂၅၀၀)တိုက်သစ်ကျောင်းတိုက်၊ တောင်မြို့ရပ်ကွက်၊ သီပေါမြို့၊ ရှမ်းပြည်နယ်
၆၇။ ဘဒ္ဒန္တကလျာဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မိုင်းဟန်ကျေးရွာ၊ မိုင်းခတ်မြို့နယ်၊ ရှမ်းပြည်နယ်
၆၈။ ဘဒ္ဒန္တသာသန၊ နမ့်စမ်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ နမ့်စမ်ကျေးရွာ၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်
၆၉။ ဘဒ္ဒန္တကေသရ၊ အောင်သီရိမင်္ဂလာကျောင်းတိုက်၊ မိုင်းယု(၁၀၅)မိုင်ကျေးရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်
၇၀။ ဒေါက်တာဘဒ္ဒန္တပညာလင်္ကာရ၊ သဖန်းကိုင်းဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ သဖန်းကိုင်းကျေးရွာ၊ နောင်ချိုမြို့နယ်၊ ရှမ်းပြည်နယ်
၇၁။ ဘဒ္ဒန္တသုနန္ဒ၊ အောင်ချမ်းသာမန်တောက်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ အမှတ်(၁)ရပ်ကွက်၊ မန်တုံမြို့၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်
၇၂။ ဘဒ္ဒန္တကောဝိဒ၊ မျဉ်းကြောင်းကျောင်းတိုက်၊ မြင်းချောင်းကျေးရွာ၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး
၇၃။ ဘဒ္ဒန္တဝိနယက၊ ဇယမေဒနီပရဟိတကျောင်းတိုက်၊ သပြုကွင်းကျေးရွာ၊ ဇလွန်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး
၇၄။ ဘဒ္ဒန္တဥတ္တမာစာရ၊ အောင်ရတနာကျောင်းတိုက်၊ ထိပ်ဝလေးကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး
၇၅။ ဘဒ္ဒန္တကုဝေရ၊ သာသနာ့ဇောတိကာရုံကျောင်းတိုက်၊ တူးမြောင်းကျေးရွာ၊ လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၇၆။ ဘဒ္ဒန္တကိတ္တိဃောသ၊ ဓမ္မပါလကျောင်းတိုက်၊ အော်ရိုးရာမြို့၊ ကော်လိုရာဒိုပြည်နယ်၊ အမေရိကန်ပြည်ထောင်စု

**သီလရှင်ဆရာကြီးများ**

၇၇။ ဒေါ်ကုလ္လနန္ဒမာရုံသီ၊ သာသနကာရီသီလရှင်စာသင်တိုက်၊ ပေါက်ကုန်းရပ်ကွက်၊ ဗန်းမော်မြို့၊ ကချင်ပြည်နယ်
၇၈။ ဒေါ်ယုသိင်္ဂီ၊ မဟာပုညကာရီသီလရှင်သင်ပညာရေးမူလတန်းလွန်ကျောင်း၊ မင်္ဂလာရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်
၇၉။ ဒေါ်စန္ဒမာလာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်စာသင်တိုက်၊ ကျင်မွာလ်ရပ်ကွက်၊ ဖလမ်းမြို့၊ ချင်းပြည်နယ်
၈၀။ ဒေါ်စန္ဒာသီရိ၊ ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်စာသင်တိုက်၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၈၁။ ဒေါ်နန္ဒသိင်္ဂီ၊ သဒ္ဓမ္မဂုဏ်ရည်သီလရှင်သင်ပညာရေးမူလတန်းကျောင်း၊ ရပ်ကွက်ကြီး(၈)၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၈၂။ ဒေါ်သုဓမ္မစာရီ၊ သုခကာရီသီလရှင်သင်ပညာရေးကျောင်း၊ အမှတ်(၃)ရပ်ကွက်၊ မင်းဘူး(စကု)မြို့၊ မကွေးတိုင်းဒေသကြီး
၈၃။ ဒေါ်ပါရမီ၊ အေးမြချမ်းသာသီလရှင်သင်ပညာရေးမူလတန်းလွန်ကျောင်း၊ နန္ဒဝန်ရပ်ကွက်၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး
၈၄။ ဒေါ်ဝရထေရီ၊ ထေရီဓမ္မရိပ်သာကျောင်း၊ ဘန့်ဘွေးကုန်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၈၅။ ဒေါ်ပညာစာရီ၊ ရွှေရတနာပရဟိတသီလရှင်စာသင်တိုက်၊ သံဒင်း(၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၈၆။ ဒေါ်မိတ်မာထေရီ၊ သာသနဟိတကာရီသီလရှင်သင်ပညာရေးမူလတန်းလွန်ကျောင်း၊ ရပ်ကွက်(၈)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်
၈၇။ ဒေါ်ကုသလဉာဏီ၊ သုဇနကာရီပရိယတ္တိစာသင်တိုက်၊ အောင်ဆန်းရပ်ကွက်၊ ကျုံပျော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၈၈။ ဒေါက်တာဒေါ်ရူပစန္ဒာ၊ နဂါးရစ်တောင်ဓမ္မပါလတောရကျောင်း၊ ပန်းပုကွင်းကျေးရွာ၊ ငါးသိုင်းချောင်းမြို့၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**လူပုဂ္ဂိုလ်များ**

၈၉။ ဦးဒီးဒုတ်(ခ)ဦးတင်မင်းထွေး၊ အမှတ်(၅၂၅)၊ ပြည်ထောင်စုလမ်း၊ မြေမြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၉၀။ ဦးမြကြည်ပန်တျာ(ခ)ဦးယဉ်ထွန်း၊ အမှတ်(က/၄၇)၊ အောင်ဇေယျလမ်း၊ ပါရမီရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၉၁။ ဦးကျော်ဝင်း(ခ)ဦးဗင်းဗဟာဒူး၊ အမှတ်(၁၁/၁၇)၊ ချမ်းမြေ့အောင်စည်လမ်း၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၉၂။ ဦးမင်းထိုက်၊ အမှတ်(၂)ရပ်ကွက်၊ ရွှေပြည်အေးမြို့၊ ဟုမ္မလင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၉၃။ ဦးအောင်သီဟ(ခ)ဦးအောင်သွေးဦး၊ အမှတ်(၁၁)၊ ဈေးလမ်း၊ မိုးဇာရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၉၄။ ဦးတင်ဝင်း၊ အောင်မြေသာဇံလမ်း၊ အမှတ်(၇)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး
၉၅။ ဦးတင်မိုးအောင်(ခ)ဦးနေရှိုင်း၊ အမှတ်(၁၀)၊ ပိတောက်မြိုင်လမ်း၊ အမှတ်(၉)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၉၆။ ဦးအောင်ကျော်မိုး၊ အမှတ်(၄)၊ အဝေရာလမ်း၊ အမှတ်(၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၉၇။ ဦးဇော်ဇော်မင်းဦး၊ အမှတ်(၁၈)၊ မြို့ပတ်လမ်း၊ နယ်မြေ(၉)၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၉၈။ ဦးရန်နိုင်သိန်း၊ အမှတ်(၇၀၄/၁)၊ ရွှေတောင်ကြား(၁)လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၉၉။ ဒေါ်အိအိခိုင်၊ အမှတ်(၂၅)၊ ဗဟန်း(၃)လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၀၀။ ဒေါ်ဝင်းပပ(ခ)ဒေါ်ဝင်းပပမေ၊ အမှတ်(၁၈)၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တအာဒိစ္စဝံသ၊ အောင်နန်းမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ အောင်နန်းရိပ်သာရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တသြဘာသ၊ မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်၊ ရမ်ပူရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၃။ ဘဒ္ဒန္တဉာဏဗလ၊ သဒ္ဓမ္မမဉ္ဇူကျောင်းတိုက်၊ ပေါင်းတလည်မြို့၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တစန္ဒောသာရ၊ အောင်မင်္ဂလာမိုးကုတ်ရိပ်သာကျောင်းတိုက်၊ အမှတ်(၁၃)ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး
၅။ ဒေါက်တာဘဒ္ဒန္တပညိသာရာဘိဝံသ၊ ဓမ္မဒူတတောရသာသနာ့ရိပ်သာကျောင်းတိုက်၊ ဘူးလယ်အင်းကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တမဟိန္ဒ၊ မဟာဂန္ဓာရုံတိုက်သစ်ကျောင်းတိုက်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တလာဘ၊ စိတ္တပါလဂူကျောင်းစာသင်တိုက်၊ အောင်မင်္ဂလာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တသောဘန၊ သာမည-မိုးကုတ်ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၉။ ဘဒ္ဒန္တဝဏ္ဏိတ၊ ဓမ္မဒါယာဒသဒ္ဓမ္မရံသီရိပ်သာကျောင်းတိုက်၊ ရွှေကုန်းရပ်ကွက်၊ ကျောက်တန်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ မဟာဆေးဝက်ဘာအာလိန်ငါးဆင့်ကျောင်းတိုက်၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တသောဘဏ၊ ရွှေမြင့်မိုရ်ကျောင်းတိုက်၊ အမှတ်(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တကုလ္လနန္ဒာစရိယ၊ ဗောဓိရိပ်ငြိမ်တောရရိပ်သာကျောင်းတိုက်၊ ဝါးနက်ချောင်းကြီးစံပြကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တပုညနန္ဒ၊ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်၊ ရပ်ကွက်(၁၂)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်
၁၄။ ဘဒ္ဒန္တပညာဝံသ၊ ကန်ကလေးတောရဓမ္မရိပ်သာကျောင်းတိုက်၊ သမ္ဘာရာအင်းလေးကျေးရွာ၊ ကြံခင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တသီလာစာရ၊ မင်္ဂလာရွှေကျောင်းမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ အမှတ်(၆) ရပ်ကွက်၊ မြန်အောင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၁၆။ ဒေါက်တာဘဒ္ဒန္တဝိသုဒ္ဓ၊ နဂါးရစ်တောင်ဓမ္မပါလတောရကျောင်းတိုက်၊ ပန်းပုကွင်းကျေးရွာ၊ ငါးသိုင်းချောင်းမြို့၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၁၇။ ဘဒ္ဒန္တဃောသိတာဘိဝံသ၊ မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာကျောင်းတိုက်၊ ဖရီးမောင့်မြို့၊ ကယ်လီဖိုးနီးယားပြည်နယ်၊ အမေရိကန်ပြည်ထောင်စု
၁၈။ ဘဒ္ဒန္တမဏိဇောတိ၊ ရတနာ့ဗိမာန်ရိပ်သာကျောင်းတိုက်၊ မက်ဒေါနောက်မြို့၊ ဂျော်ဂျီယာပြည်နယ်၊ အမေရိကန်ပြည်ထောင်စု

**မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တဇဋိလ၊ သာသနဝေပုလ္လာရာမကျောင်းတိုက်၊ ဇာသပြင်ကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်
၂။ ဘဒ္ဒန္တသီရိန္ဒ၊ ဓမ္မစွမ်းရည်မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တဓမ္မာနန္ဒ၊ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ အောင်မြေမာန်ရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တကုလ္လနန္ဒဉာဏ၊ မဟာစည်မြို့မယဉ်ငေးသာသနာ့ရိပ်သာကျောင်းတိုက်၊ ကျောက်မော်ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တသုစိတ္တ၊ သီရိသုခမိဂဒါဝုန်ဓမ္မရိပ်သာကျောင်းတိုက်၊ ရှောက်ကုန်းကျေးရွာ၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်
၆။ ဘဒ္ဒန္တဝိမလ ၊ ဝါဆိုကမ္မဋ္ဌာန်းရိပ်သာကျောင်းတိုက်၊ ရွာမမြောက်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တဉာဏသာမိ၊ ရွှေပေါက်ပင်ကျောင်းတိုက်၊ စက်ရုံရပ်ကွက်၊ အောင်လံမြို့၊ မကွေးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တပညာဝံသ၊ ပါရမီဓမ္မရိပ်သာကျောင်းတိုက်၊ မြင့်ချိုင့်ကျေးရွာ၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တကစ္စာယန၊ စံပယ်ရုံမိုးကုတ်ဝိပဿနာရိပ်သာ၊ မာရ်အောင်တိုက်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဒေါက်တာဘဒ္ဒန္တတိလောက၊ ဖားအောက်တောရရိပ်သာကျောင်းတိုက်၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ အင်းခုန်တောင်ကျောင်းတိုက်၊ ကံပိုင်ရပ်ကွက်၊ တောင်ကုတ်မြို့၊ ရခိုင်ပြည်နယ်
၁၂။ ဘဒ္ဒန္တကုလ္လနန္ဒာစာရာဘိဝံသ၊ သဒ္ဓမ္မရံသီမဟာစည်ရိပ်သာကျောင်းတိုက်၊ အမှတ်(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တဓမ္မပီယ၊ ဖွဲ့စုံသာသနာရာမပရိယတ္တိစာသင်တိုက်၊ အမှတ်( ၈ ) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တကေသရ၊ ရွှေမင်းကံမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ်(၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တဝိသာရဒ၊ ဓမ္မဝိဟာရီကျောင်းတိုက်၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တဝိနယာစာရ၊ ရွာမပဋ္ဌိပတ္တိမဟာစည်ရိပ်သာတပ်ဦးကျောင်းတိုက်၊ တူးချောင်းကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တသီလဝံသ၊ သစ္စဝါဒီဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တကေလာသ၊ အပြည်ပြည်ဆိုင်ရာဗောဓိအေးငြိမ်းရိပ်သာကျောင်းတိုက်၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တဇယဒိသ၊ မိုးကုတ်ဓမ္မမဂ္ဂင်ရိပ်သာနယားကျောင်းတိုက်၊ သိမ်ဖြူမီးရထားရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တဓမ္မာလောက၊ သုမင်္ဂလာရာမလယ်တီဝိပဿနာကျောင်းတိုက်၊ (ဆ/က) ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တစန္ဒသေန၊ သုညတဓမ္မမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ ၇/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၂။ ဒေါက်တာဘဒ္ဒန္တသီလာနန္ဒ၊ သီလာနန္ဒာရာမမိုးကုတ် ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ် (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တဂုဏဝံသာလင်္ကာရ၊ ရွှေတောရဓမ္မရိပ်သာကမ္မဋ္ဌာန်းကျောင်းတိုက်၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်
၂၄။ ဘဒ္ဒန္တသောဘိတာဘိဝံသ၊ ရွှေဟင်္သာမစိုးရိမ်ကုဋ္ဌာသယဓမ္မရိပ်သာကျောင်းတိုက်၊ အောက်စုစံပြကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တမာလာ၊ သဒ္ဓမ္မဂီရိတောရဓမ္မရိပ်သာကျောင်းတိုက်၊ နဝဒေးရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တပညာဝံသ၊ ဇမ္ဗူရတနာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ သံတံတားရပ်ကွက်၊ ဒိုက်ဦးမြို့၊ ပဲခူးတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တသြသဓ၊ အုံ့တုံးတောင်တောရဓမ္မရိပ်သာကျောင်းတိုက်၊ စိုင်ဒူးကျေးရွာ၊ ဂန့်ဂေါမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တကေလာသ၊ ရတနာဝေပုလ္လကျောင်းတိုက်၊ အရှေ့ထူးမကျေးရွာ၊ မြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တဓမ္မပီယ၊ ငါးဆင့်အရှေ့ကျောင်းတိုက်၊ ရွှေအိုး(၂) ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တကုမာရ ၊ ပင်မမိုးကုတ်ဝိပဿနာမင်္ဂလာရိပ်သာကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တအဂ္ဂဝံသ၊ သီရိမင်္ဂလာသိမ်ကုန်းဓမ္မရိပ်သာကျောင်းတိုက်၊ သီရိမင်္ဂလာရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တခေမာစာရ၊ ပုပ္ဖာရုံမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ မြို့မတောင်ရပ်ကွက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တစန္ဒာသီရိ၊ မိုးကုတ်ဝိပဿနာမဟာစေတျာရာမချောင်းပတ်ကျောင်းတိုက်၊ ချောင်းပတ်ကျေးရွာ၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တတေဇဝန္တ၊ သဲကုန်းမိုးကုတ်ဝိပဿနာရိပ်သာကျောင်းတိုက်၊ သဲကုန်းစံပြကျေးရွာ၊ မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တကုသလ၊ ဆင်ဖြူကံကျောင်းတိုက်၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တစန္ဒိမာ၊ မေတ္တာစွမ်းရည်ရွှေသိမ်တော်ကျောင်းတိုက်၊ ကသဲကုန်း-ရှမ်းရွာကျေးရွာ၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တဥက္ကံသ၊ ဖားအောက်တောရသာသနာ့ရိပ်သာ(ပင်မ)ကျောင်းတိုက်၊ ဖားအောက်ကျေးရွာ၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်

(ဆက်လက်ဖော်ပြပါမည်)

# ငွေကြေးစုဆောင်း၊ နည်းကောင်းလမ်းပြ၊ ကိုဗစ်-၁၉ ကာလ

**စစ်လွမ်းနောင်(မန်းမြေသား)**

ယနေ့အချိန်အခါသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြောင့် လူအများ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသဖြင့် ထိခိုက်နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိပေသည်။ အထူးသဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ဖြစ်ပေါ်နေသည့် အရပ်ဒေသများ၌ ကိုဗစ်-၁၉ ဆိုင်ရာ လိုက်နာရမည့် စည်းကမ်းများဖြစ်သည့် နေအိမ်တွင်သာ နေထိုင်ရခြင်း၊ ခရီးသွားလာမှုများ ကန့်သတ်ထားခြင်း၊ စက်ရုံ၊ အလုပ်ရုံများ ပိတ်ထားရခြင်း စသည့် ကန့်သတ်ထိန်းချုပ်မှုများကြောင့် ကုန်ထုတ်လုပ်မှုများ ကျဆင်းခြင်း၊ ကုန်စည်စီးဆင်းမှုများ နှေးကွေးခြင်း၊ ရောင်းဝယ်ဖောက်ကားမှုများ အရှိန်အဟုန် တန့်သွားခြင်းနှင့် ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းသွားခြင်း စသည့် စီးပွားရေးစိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပေသည်။ အဆိုပါ စီးပွားရေးစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေး၊ စီးပွားရေး အကျပ်အတည်းများကို ဖြေလျှော့ပေးနိုင်ရေးနှင့် အလုံးစုံ ပပျောက်ရေးတို့အတွက် နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များ၊ သက်ဆိုင်ရာပညာရှင်များက နည်းလမ်းမျိုးစုံဖြင့် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

**မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်းကိန်းအရ လေ့လာတွေ့ရှိချက်**

ကိုဗစ်-၁၉ ကာလအတွင်း ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် The Asia Foundation ၏ လေ့လာဆန်းစစ်ချက် စစ်တမ်းပါ မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်းကိန်း(MBEI 2020)အရ မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်း ၇၅၀ အနက် ၂၉ ရာခိုင်နှုန်းမှာ လုံးဝပိတ်သိမ်းထားကြောင်း၊ စီးပွားရေးလုပ်ငန်း ၇၆ ရာခိုင်နှုန်းသည် လုပ်ငန်းလည်ပတ်မှုလျော့ကျလာကြောင်း၊ စီးပွားရေးလုပ်ငန်း ၇၄ ရာခိုင်နှုန်းသည် ရောင်းအား ထက်ဝက်ခန့် သို့မဟုတ် ထက်ဝက်ထက်ပို၍ ကျဆင်းလာကြောင်း၊ စီးပွားရေးလုပ်ငန်း ၅၂ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ကပ်ရောဂါကာလမတိုင်မီကထက် ဆုံးရှုံးမှု ၁၂ ရာခိုင်နှုန်း ရှိသည့်အတွက် အမြတ်အစွန်းရရှိမှု နည်းပါးလာကြောင်း၊ စီးပွားရေးလုပ်ငန်းများ၏ သုံးပုံနှစ်ပုံခန့်သည် ငွေသားစီးဆင်းမှုပြဿနာကို ရင်ဆိုင်ရနိုင်ကြောင်း၊ စီးပွားရေးလုပ်ငန်း ထက်ဝက်ခန့်သည် ကိုဗစ်-၁၉ ကပ်ရောဂါ အကျပ်အတည်းကာလအတွင်း ဆက်လက်ရပ်တည်ရန် အခက်အခဲ (စီးပွားပျက်မည့်အန္တရာယ်)များ ရှိလာနိုင်ကြောင်း၊ စီးပွားရေးလုပ်ငန်းများက ၎င်းတို့၏ လုပ်သား ၁၈ ရာခိုင်နှုန်းခန့်ကို လျှော့ချခဲ့ရကြောင်း လေ့လာတွေ့ရှိရပေသည်။

**နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှု**

နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကာလအတွင်း ပြည်သူလူထုအများစု ရင်ဆိုင်နေရသည့် စီးပွားရေးအကျပ်အတည်းများကို ဖြေလျှော့ပေးနိုင်ရေးအတွက် ပုံမှန်ဝင်ငွေမရရှိသည့် လက်လုပ်လက်စားပြည်သူများကို ငွေကြေးများ ထောက်ပံ့ပေးခြင်း၊ အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကိုဗစ်-၁၉ အရေးပေါ်ချေးငွေများ ထုတ်ချေးပေးခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်များကို ဆိုင်းငံ့ပေးထားခြင်း၊ သုံးလတစ်ကြိမ် ဝင်ငွေခွန်ပေးဆောင်မှုကို ဆိုင်းငံ့ပေးထားခြင်း၊ ပို့ကုန်အပေါ်နှစ်ရာခိုင်နှုန်း ကြိုတင်ဝင်ငွေခွန် ပေးဆောင်ရခြင်းမှ ကင်းလွတ်ခွင့်ပြုခဲ့ခြင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းမှ ချေးငွေများ ပြန်လည်ပေးဆပ်ခြင်းကို ဆိုင်းငံ့ပေးထားခြင်း စသဖြင့်ပံ့ပိုး ကူညီဆောင်ရွက်ပေးထားကြောင်း လေ့လာတွေ့ရှိရပါသည်။

**ပြည်သူတစ်ဦးချင်းကလည်း စီးပွားရေးဆိုင်ရာ ဗဟုသုတများရှိရန်လိုအပ်**

ပြည်သူများအနေဖြင့်လည်း ယခုလို ကိုဗစ်-၁၉ ကာလအတွင်း စီးပွားရေးအကျပ်အတည်းများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရချိန်တွင် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုများကိုပဲ အားကိုးမနေသင့်ဘဲ မိမိတို့တစ်ဦးချင်း၊ မိသားစုတစ်စုချင်း၊ လုပ်ငန်းတစ်ခုချင်းအလိုက် ငွေကြေးဆိုင်ရာကိစ္စရပ်များ အဆင်ပြေအောင် ဘယ်လိုလုပ်ဆောင်ရမလဲ၊ ဘယ်လိုစီမံခန့်ခွဲရမလဲ၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်နစ်နာခဲ့ရသည့် စီးပွားရေးလုပ်ငန်းများကို နည်းပညာများအသုံးပြုပြီး ဘယ်လိုဖြေရှင်းဆောင်ရွက်ရမလဲ၊ ငွေသုံးစွဲခြင်း၊ ငွေစုဆောင်းခြင်း စီမံခန့်ခွဲမှုနည်းဗျူဟာများ ဘယ်လိုရေးဆွဲ ဆောင်ရွက်မလဲ၊ Digital ငွေကြေးဝန်ဆောင်မှုများကို ဘယ်လိုအသုံးပြုမလဲ၊ ငွေကြေးလုံခြုံမှုဆိုင်ရာ သတိပြုရမည့်အချက်များကို ဘယ်လိုလေ့လာသင်ယူမလဲ ဆိုသည့် စီးပွားရေးဆိုင်ရာ အသိအမြင် ဗဟုသုတများရရှိအောင် ငွေကြေးပညာတတ်ကျွမ်းမှုဆိုင်ရာစာပေများကို ရွေးချယ်ပြီး လေ့လာဖတ်မှတ်ရမည်ဖြစ်ပါသည်။ ထို့ပြင် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုပညာနှင့် ဗဟုသုတများ တိုးပွားရရှိအောင် ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှုပညာပေး Facebook Page များတွင် ဝင်ရောက်ဖတ်ရှုလေ့လာခြင်းနှင့် Online Webinar များအား တက်ရောက်နားထောင်ဆွေးနွေးခြင်းများကိုလည်း ဆောင်ရွက်ကြရန် လိုအပ်ပေသည်။

**ငွေကြေးကို စီမံခန့်ခွဲတတ်ရန် အထူးလိုအပ်**

ယခုအချိန်တွင် ငွေရေးကြေးရေးအခြေအနေများကို ကောင်းမွန်စွာ ထိန်းသိမ်းဆောင်ရွက်ရန် မိမိတို့၏ ငွေကြေးစီမံခန့်ခွဲမှုသည် အရေးပါသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်သည့်အတွက် ငွေကြေးကို စီမံခန့်ခွဲတတ်ရန် အထူးလိုအပ်ပါသည်။ မိမိတို့၏ အသုံးစရိတ်ကို ထိန်းထားနိုင်ရန် အပတ်စဉ် အသုံးစရိတ် သို့မဟုတ် လစဉ်အသုံးစရိတ်ကို ငွေပမာဏတစ်ခု သတ်မှတ်ရမည်ဖြစ်ပြီး လိုချင်သည့်အရာထက် အမှန်တကယ်လိုအပ်သည့်အရာများကိုသာ ဦးစားပေး ဝယ်ယူရန်၊ မလိုအပ်သည့် အသုံးစရိတ်များကို လျှော့ချ၍ မိမိလက်ဝယ်ရှိ ငွေကို မလိုအပ်ဘဲ လျော့နည်းမသွားအောင် ထိန်းသိမ်းရန်၊ ကျသင့်အခွန်အခများပေးဆောင်သည့်အခါ နောက်ကျကြေးလိုမျိုး မလိုအပ်ဘဲ အပိုထပ်မပေးရအောင် သတ်မှတ်ချိန်အတွင်း ပေးဆောင်ကြရန် လိုအပ်ပါသည်။ အလားတူ မိမိရရှိထားသည့် ဝင်ငွေထဲမှ ငွေတချို့ကို စုဆောင်းရန်အတွက် ချန်ထားပြီး မဖြစ်မနေ အရေးပေါ် လိုအပ်သည့်အခြေအနေ မရောက်မချင်း အဆိုပါငွေကို လုံးဝထုတ်သုံးခြင်းမပြုရန်၊ ယခုလက်ရှိအခြေအနေအရ သုံးလမှခြောက်လအထိ မိမိတွင် ပုံမှန်အသုံးစရိတ်များသုံးစွဲရန် မရှိပါက အဆိုပါ မသုံးစွဲဖြစ်ခဲ့သည့်ငွေကို အရေးပေါ်သုံးငွေအဖြစ် စုဆောင်းထားရန်၊ မိမိရရှိထားသည့် ဝင်ငွေကို မဖြစ်မနေလိုအပ်သည့်ကိစ္စအတွက် ငွေပမာဏ၊ လိုချင်/ဖြစ်ချင်သည့်ကိစ္စအတွက်ငွေပမာဏနှင့် စုဆောင်းရန်အတွက် ငွေပမာဏဆိုပြီး အချိုးကျ ခွဲဝေသတ်မှတ်ထားရန် အထူးလိုအပ်ပါသည်။

**ငွေကို ဘဏ်မှာ လုံခြုံစွာ စုဆောင်းထားပြီး Digital ငွေကြေးဝန်ဆောင်မှုကို အသုံးပြုပါ**

ကိုဗစ်-၁၉ ကပ်ရောဂါ အကျပ်အတည်းကာလအတွင်း မိမိတို့ပိုင်ဆိုင်သည့် ငွေကြေးများကို ဘဏ်တွင် မိမိကြိုက်နှစ်သက်ရာ ဘဏ်စာရင်းဖွင့်၍ လုံခြုံစွာ စုဆောင်း/အပ်နှံထိန်းသိမ်းထားပြီး မိမိမှာမဖြစ်မနေအရေးပေါ်ငွေကြေး အခက်အခဲရှိသဖြင့် ထုတ်ယူခြင်းမှအပ ဘဏ်တွင် စုဆောင်း/အပ်နှံထားသည့်ငွေကို ထုတ်ယူခြင်း မပြုလုပ်သင့်ပေ။ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်သည့်အနေဖြင့် နေ့စဉ်ငွေပေး/ငွေယူပြုလုပ်ရာတွင် ငွေစက္ကူကိုင်တွယ်ထိတွေ့မှုမရှိစေရန်နှင့် ငွေကြေးများကို အလွယ်တကူ စီမံခန့်ခွဲနိုင်စေရန် Online သို့မဟုတ် Mobile Banking စနစ်ဖြင့် Digital ငွေကြေးဝန်ဆောင်မှုကို အတတ်နိုင်ဆုံး အသုံးပြုကြရမည်ဖြစ်ပေသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း မိမိတို့၏ စီးပွားရေးလုပ်ငန်းအတွက်ဖြစ်စေ၊ အခြားကိစ္စအတွက်ဖြစ်စေ ချေးငွေများရယူမည်ဆိုပါက ချေးငွေမယူခင် ငွေချေးရယူမှုနည်းလမ်းများကို ဦးစွာလေ့လာပြီး လိုအပ်သည့်ငွေပမာဏကိုပဲ ချေးယူသင့်ပါသည်။ Credit Card အသုံးပြုနေသူများအနေဖြင့်လည်း ချေးငွေရယူမည်ဆိုပါက မိမိတို့ ကြိုတင်သုံးစွဲထားပြီးဖြစ်သောငွေ(အကြွေး)ကို အရင်ပြန်ဆပ်ရမည်ဆိုသည့်အချက်ကို ဦးစားပေး စဉ်းစားရမည်ဖြစ်ပါသည်။ မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ပြန်ဆပ်ရမည့်ချေးငွေသက်တမ်း၊ အတိုးနှုန်းများနှင့်ပတ်သက်၍ အခက်အခဲများရှိပါက အဆင်ပြေအောင် ကူညီပေးနိုင်စေရေးအတွက် ချေးငွေရယူထားသူများထံသို့ အကူအညီတောင်းခံကြရမည်ဖြစ်ပါသည်။

**ငွေစုဆောင်းခြင်း၏ အရေးပါမှု**

ငွေစုဆောင်းရာတွင် ရည်မှန်းချက်ပန်းတိုင်တစ်ခုထားရှိရမည်ဖြစ်ပြီး အဆိုပါ ရည်မှန်းချက်ပန်းတိုင်ကိုလည်း ကာလတို၊ ကာလလတ်၊ ကာလရှည်ဆိုပြီး ခွဲခြားသတ်မှတ်ကာ သတ်မှတ်ထားသည့်ကာလအလိုက် ဝင်ငွေကို တိုးပွားရရှိလာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေတိုးပွားလာသည်နှင့်အမျှ စုဆောင်းငွေကိုလည်း တိုးပြီးစုဆောင်းလာနိုင်မည်ဖြစ်ပါသည်။ ငွေစုဆောင်းခြင်းသည် လူပုဂ္ဂိုလ်တစ်ဦးတည်းအတွက်သာမက ဘဏ်/ ငွေကြေးအဖွဲ့အစည်းများအတွက်လည်း အရေးပါသည့်ကိစ္စရပ်လည်း ဖြစ်ပေသည်။ စုဆောင်းငွေကို မိမိအိမ်တွင် တစ်နည်းနည်းဖြင့် စုဆောင်းထားခြင်းမျိုးမပြုလုပ်ဘဲ ဘဏ်များတွင်ရှိသည့် Financial Products (ငွေကြေးစုဆောင်း/ အပ်နှံခြင်းဆိုင်ရာ ဆောင်ရွက်နိုင်သော နည်းလမ်း)များအနက်မှ မိမိကြိုက်နှစ်သက်ရာ နည်းလမ်းဖြင့် စာရင်းဖွင့်အပ်နှံမှုသာ(ဥပမာ- စာရင်းသေ၊ စာရင်းရှင်၊ Saving Book အစရှိသည်...) ဘဏ်/ငွေကြေးအဖွဲ့အစည်းများအနေဖြင့် Deposit ရရှိပြီး အခြား Customer များကို Customer Loan, Business Loan များ ထုတ်ချေးပေးနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ဝင်ငွေပိုကောင်းလာနိုင်စေရန် မိမိ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ကြရမည်ဖြစ်ရာ မိမိတွင် လိုအပ်နေသည့် ငွေကြေးဆိုင်ရာ Digital နည်းပညာ ဗဟုသုတများကို ရှာမှီးလေ့လာသင်ယူခြင်း၊ အခြားသူများသို့ ဝန်ဆောင်မှုပေးနိုင်ရန် မိမိ၏ကိုယ်ရည်ကိုယ်သွေးကို အဆင့်မြှင့်တင်ခြင်း၊ မှန်ကန်သည့် စိတ်နေသဘောထားနှင့် အလေ့အကျင့်တို့ကို ပျိုးထောင်ခြင်းတို့ဖြင့် မိမိ၏စွမ်းဆောင်ရည်ကို မြှင့်တင်ကြရမည်ဖြစ်ပါသည်။ အလားတူ မိမိတို့၏ အသုံးစရိတ်ကိုလည်း စီမံခန့်ခွဲရမည်ဖြစ်ရာ အသုံးစရိတ်သုံးစွဲမည်ဆိုပါက ဦးစွာ အသုံးစရိတ်ကို ဘယ်လောက်သုံးမည်ဆိုသည်ကို သတ်မှတ်ခြင်း၊ ဝယ်ယူလိုသည့်ပစ္စည်းများကို စိတ်ကူးဖြင့် ဝယ်ယူကြည့်ခြင်း၊ မိမိဝယ်ယူမည့်ပစ္စည်း သို့မဟုတ် ရယူမည့်ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မည့် လုပ်ဆောင်ချက်များသည် မိမိအတွက် အမှန်တကယ် လိုအပ်သလား/ မလိုအပ်ဘူးလား၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသည်တို့အတွက် အကျိုးရှိသလား/မရှိဘူးလား ဆိုသည်ကို တွေးခေါ်စဉ်းစားခြင်း၊ ဦးစားပေးရမည့် အစီအစဉ်အတိုင်း အသုံးစရိတ်ကို စဉ်းစားသုံးစွဲခြင်း၊ မိမိဝယ်ယူမည့်ပစ္စည်း သို့မဟုတ် ရယူမည့် ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မည့် လုပ်ဆောင်ချက်များသည် ဘယ်လောက်ကြာကြာ စိတ်ကျေနပ်မှုရနိုင်မလဲ၊ အကျိုးကျေးဇူးဘယ်လောက်များလဲ အစရှိသည့် အကျိုးအမြတ်ကို ထည့်သွင်းစဉ်းစားခြင်း၊ ပုံမှန်သုံးစွဲနေကျ အသုံးစရိတ်များကို လျှော့ချသုံးစွဲခြင်း၊ ဝင်ငွေတိုးလာနိုင်မည့်အရာများကို လုပ်ဆောင်ခြင်း စသည့် အချက်များဖြင့် မိမိတို့၏ အသုံးစရိတ်ကို စနစ်တကျစီမံခန့်ခွဲခြင်းသည် ငွေစုဆောင်းခြင်း၏ အရေးပါသည့်အခန်းကဏ္ဍပင် ဖြစ်ပေသည်။

**ငွေကို မိရိုးဖလာနည်းအတိုင်း စုဆောင်းနေကြသည့် အလေ့အထများကို တွေ့ရှိရ**

ရှေးယခင်ကပင် မြန်မာနိုင်ငံတွင် နေရာဒေသတော်တော်များများ၌ ငွေစုဆောင်းခြင်းကို ဘိုးဘွားတို့ လက်ဆင့်ကမ်းခဲ့သော မိရိုးဖလာ အလေ့အထများဖြစ်သည့် မိမိတို့အိမ်တွင် စုဘူးများဖြင့် စုဆောင်းခြင်း၊ အဖွဲ့ဖွဲ့၍ အလှည့်ကျယူသည့်စနစ်ဖြင့် စုဆောင်းခြင်း(စုမဲ)၊ ရွှေကို စုဆောင်းခြင်း၊ ကျေးလက်ဒေသများ၌ ကျွဲ၊ နွားတိရစ္ဆာန်များကို ဝယ်ယူမွေးမြူ၍ စုဆောင်းခြင်းများကို တွေ့ရှိရမည်ဖြစ်ပါသည်။ အများအားဖြင့် ဝန်ထမ်းများ၊ အခြေခံလက်လုပ်လက်စား အလုပ်သမားများ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များနှင့် တစ်ပိုင်တစ်နိုင် အိမ်ဆိုင်ဖွင့်လှစ်ရောင်းချသူများအနေဖြင့် ငွေကို အဖွဲ့လိုက် စုဆောင်းတတ်သည့် အလေ့အထရှိပြီး ထိုသို့စုဆောင်းရသည့် ရည်ရွယ်ချက်မှာ ၎င်းတို့၏လုပ်ငန်းတွင် အရင်းအနှီးပြုလုပ်ရန်၊ ကလေးများ၏ ပညာရေးစရိတ်အသုံးပြုရန်၊ အရေးပေါ်ကျန်းမာရေးကိစ္စများတွင် အသုံးပြုရန်၊ ၎င်းတို့၏လုပ်ငန်းအတွက် လိုအပ်သည့် ပစ္စည်းကိရိယာများ(ရင်းနှီးပစ္စည်း) ဝယ်ယူရန်နှင့် အဆောက်အအုံများ၊ အိမ်များပြင်ဆင်ရန် တို့ပင်ဖြစ်ကြောင်း စစ်တမ်းများအရ လေ့လာတွေ့ရှိရပါသည်။

**မိရိုးဖလာနည်းအတိုင်း ငွေကို ဘယ်လို စုဆောင်းကြသလဲ**

ငွေကို အိမ်မှာပဲ စုဘူးဖြင့်စုဆောင်းရာ၌ ၎င်းတို့၏ နေ့စဉ်ဝင်ငွေထဲမှ ငွေကျပ် ၁၀၀၀ မှ ၅၀၀၀ အထိ ပုံမှန်စုဆောင်းခြင်း၊ အဖွဲ့လိုက်စုဆောင်းရာတွင် စိတ်တူကိုယ်တူ ၁၀ ဦး သို့မဟုတ် ၁၅ ဦး အဖွဲ့ဖွဲ့၍ တစ်ဦးကို နေ့စဉ် ငွေကျပ် ၁၀၀၀ မှ ၅၀၀၀ အထိ စုပေါင်းထည့်ဝင်ပြီး အလှည့်ကျစနစ်ဖြင့် ရယူသုံးစွဲခြင်း၊ ရွှေစုဆောင်းနေသူများအနေဖြင့် ရွှေဈေးကျချိန်တွင် ရွှေကိုဝယ်ယူထားပြီး ရွှေဈေးတက်သည့်အချိန်တွင် ရွှေကိုပြန်လည်ထုတ်ရောင်းရာမှ ရရှိသည့်အကျိုးအမြတ်ကိုသုံးစွဲခြင်း၊ ကျေးလက်ဒေသများတွင် ဘဏ်၊ အသေးစားငွေကြေးဝန်ဆောင်မှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လေ့မရှိဘဲ ၎င်းတို့တွင်ရှိသည့်ငွေကို မပျောက်ပျက်စေရန် ကျွဲငယ်၊ နွားငယ်များအပါအဝင် အခြားတိရစ္ဆာန်များကို ဝယ်ယူမွေးမြူထားပြီး နောင်ကြီးပြင်းလာသည့်အခါ ပြန်လည်ထုတ်ရောင်းရာမှ ရရှိလာသည့် အကျိုးအမြတ်များကို သုံးစွဲခြင်း အစရှိသည့် နည်းလမ်းများဖြင့် ငွေကိုစုဆောင်းနေသည်ကို လေ့လာတွေ့ရှိရပါသည်။

**မိရိုးဖလာနည်းအတိုင်း ငွေစုဆောင်းခြင်းသည် မှားယွင်းလွဲချော်မှုများဖြစ်နိုင်**

အဆိုပါ မိရိုးဖလာ ငွေစုဆောင်းခြင်းသည် ဘဏ်တွင် ငွေစုဆောင်းခြင်းထက် လူမှုနယ်ပယ်အတွင်း ပြန့်ပွားလွယ်ခြင်း၊ လွယ်ကူစွာ စွမ်းဆောင်နိုင်ခြင်း၊ ကိုယ်တိုင်ဆောင်ရွက်ရခြင်းဖြစ်၍ စိတ်ချယုံကြည်ရခြင်း အစရှိသည့် အားသာချက်များရှိသော်လည်း စနစ်ကျသည့် ငွေကြေးဆိုင်ရာ အသိအမြင်ဗဟုသုတများမရှိသည့်အတွက် မှားယွင်းလွဲချော်မှုများဖြစ်နိုင်ခြင်း၊ အကျိုးအမြတ်ကို ကြိုတင်ခန့်မှန်း၍မရနိုင်ခြင်း အစရှိသည့် အခက်အခဲများနှင့် တွေ့ကြုံရနိုင်သည့်အတွက် လူအများက ငွေကို တရားဝင်ငွေကြေးလုပ်ငန်း၊ အဖွဲ့အစည်းများ၊ငွေစုငွေချေးသမဝါယမအသင်းများ၊ ဘဏ်များတွင် စုဆောင်းသည့်အလေ့အထကို ယခုထက်ပိုမို၍ ဆောင်ရွက်ကြစေရေး အားပေးတိုက်တွန်းသွားရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အချုပ်အားဖြင့်ဆိုရသော် ငွေစုဆောင်းရာတွင် Digital Platforms ကို အသုံးပြုပြီး Online Banking စနစ်ကို လူတိုင်းက အကျိုးရှိစွာ အသုံးပြုနိုင်အောင် နည်းလမ်းမျိုးစုံဖြင့် အားပေးတိုက်တွန်းသင့်ကြောင်း၊ တရားဝင်ငွေကြေးအဖွဲ့အစည်းများ၊ အသေးစားချေးငွေလုပ်ငန်းများ၊ ငွေစုငွေချေးသမဝါယမအသင်းများ၊ ဘဏ်များတွင် ငွေကိုစုဆောင်းကြရန် နည်းလမ်းမျိုးစုံဖြင့် အားပေးတိုက်တွန်းသင့်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ငွေစုဆောင်းခြင်း၏ အကျိုးကျေးဇူးများကို လက်တွေ့ခံစားရပြီး ခြိုးခြံချွေတာရေးနှင့် ငွေစုဆောင်းရေး၊ ဝင်ငွေရရှိမည့်အခွင့်အလမ်းများကို ကြိုးစားရှာဖွေဖန်တီးရေး စသဖြင့် ကောင်းမွန်သည့်အလေ့အကျင့်ကောင်းများကို ကိုဗစ်-၁၉ ကာလ နောက်ပိုင်းတွင်လည်း ဆက်လက်၍ လိုက်နာကျင့်သုံးသွားသင့်ကြောင်း၊ လိုအပ်မှုနှင့် လိုအင်ဆန္ဒများကို ခွဲခြားသိမြင်ပြီး အသုံးစရိတ်များအား ထိန်းချုပ်သွားသင့်ကြောင်း၊ ငွေကို တစိုက်မတ်မတ် စုဆောင်းလာအောင် အားပေးတိုက်တွန်းသည့် ကောင်းမွန်သော ဝန်ဆောင်မှုများကို ဖန်တီးလုပ်ဆောင်ပေးသင့်ကြောင်း၊ ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများ၊ သမဝါယမအသင်းများထံမှ ငွေစုဆောင်းခြင်းဆိုင်ရာ သတင်းအချက်အလက်နှင့် နည်းပညာများရယူ၍ အခြားဝင်ငွေရရှိမည့် အခွင့်အလမ်းများအပါအဝင် ငွေစုဆောင်းခြင်းကိုယခုထက်ပိုမို၍ အောင်မြင်အောင် ကြိုးစားရှာဖွေ ဖန်တီးဆောင်ရွက်သင့်ကြောင်း အကြံပြု တိုက်တွန်းလိုက်ရပေသည်။ ။

> **မိရိုးဖလာ ငွေစုဆောင်းခြင်းသည် လွယ်ကူစွာ စွမ်းဆောင်နိုင်ခြင်း၊ ကိုယ်တိုင်ဆောင်ရွက်ရခြင်းဖြစ်၍ စိတ်ချယုံကြည်ရခြင်း အစရှိသည့် အားသာချက်များရှိသော်လည်း စနစ်ကျသည့် ငွေကြေးဆိုင်ရာ အသိအမြင်ဗဟုသုတများမရှိသည့်အတွက် မှားယွင်းလွဲချော်မှုများဖြစ်နိုင်ခြင်း၊ အကျိုးအမြတ်ကို ကြိုတင်ခန့်မှန်း၍မရနိုင်ခြင်း အစရှိသည့် အခက်အခဲများနှင့် တွေ့ကြုံရနိုင်သည့်အတွက် လူအများက ငွေကို တရားဝင်ငွေကြေးလုပ်ငန်း၊ အဖွဲ့အစည်းများ၊ ငွေစုငွေချေးသမဝါယမအသင်းများ၊ ဘဏ်များတွင် စုဆောင်းသည့် အလေ့အထကို ယခုထက်ပိုမို၍ ဆောင်ရွက်ကြစေရန် လိုအပ်။**

# လူမှုဖူလုံရေး - ကဲဝဲလ် အထွေထွေရောဂါကု ဆေးခန်းဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၏ လူမှုဖူလုံရေး-ကဲဝဲလ် အထွေထွေရောဂါကုဆေးခန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်း (အထက်ဘလောက်)ရှိ တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးတွင် ပြုလုပ်သည်။

ရှေးဦးစွာ လူမှုဖူလုံရေး-ကဲဝဲလ် အထွေထွေရောဂါကု ဆေးခန်းကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်၊ လွှတ်တော်ကိုယ်စားလှယ်နှင့် လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဆေးခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့က အမှာစကားပြောကြားသည်။

ယင်းနောက် လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေးနှင့် ကဲဝဲလ်မက်ဒီကယ်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။



နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုအရ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန် လွယ်ကူမှုနှင့် ရင်းနှီးမြှုပ်နှံမှု အလားအလာကောင်းများ ဖော်ဆောင်လျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်များအနက် ရန်ကုန်တိုင်းဒေသကြီးတွင် စီးပွားရေးလုပ်ငန်းများ တိုးတက်များပြားလာပြီး အလုပ်လုပ်ကိုင်သည့် လုပ်သားဦးရေ အများဆုံးရှိသော တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ လူမှုဖူလုံရေး အကျုံးဝင်လုပ်ငန်းဌာနပေါင်း ၁၄၂၂ ဌာနမှ လုပ်သား အင်အားပေါင်း ၉၄၈၉၅၉ ဦးရှိသဖြင့် တစ်နိုင်ငံလုံးတွင်ရှိသည့် အာမခံအလုပ်သမားများ၏ ၇၀ ဒသမ ၅၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ **သတင်းစဉ်**

❖ **ဝေဘာဂီမှ**

ဒီဆေးရုံကြီး အမြန်ဆုံးပေါ်ပေါက်လာနိုင်ဖို့အတွက် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပြီးကြပ်မတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆေးရုံဆောက်လုပ်မည့် သတ်မှတ်နေရာအသီးသီးတွင် ပန္နက်တင်ပေးခဲ့ကြပြီး နံ့သာရည်များ သွန်းလောင်းပေးခဲ့ကြောင်း သိရသည်။

“ဆေးရုံကြီးဖြစ်လာပြီဆိုရင် လူနာတွေကုသနိုင်တဲ့၊ အထူးသဖြင့် ကိုဗစ်ရောဂါဖြစ်တဲ့သူက အသက်ရှူလမ်းကြောင်းကို ထိခိုက်တယ်။ ဒါကြောင့် ICU တို့လို အထူးကြပ်မတ်ကုသခန်းတွေ၊ အသက်ရှူရာမှာ အထောက်အကူဖြစ်တဲ့ အောက်ဆီဂျင်တို့လို အခြေခံဒီဇိုင်းတွေကို ဒီဇိုင်းစဆွဲကတည်းက ကျွန်တော်တို့လုပ်ထားပါတယ်” ဟု အေးရှားဝေါလ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က ပြောသည်။

ဝေဘာဂီကူးစက်ရောဂါအထူးကုဆေးရုံသစ်ကြီးကို အလျား ပေ ၂၀၀၊ အနံ ပေ ၆၀ ရှိ သုံးထပ်အဆောက်အအုံ ခုတင်၁၀၀ ဆံ့ ဆေးရုံအဖြစ် ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။ **မြင့်မောင်**

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် ဇန်နဝါရီ ၆**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် (၅) ပေမှ (၈)ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**



## ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ဆေး ဝယ်ယူရန်အတွက် ရောဝတီဖောင်ဒေးရှင်းက ငွေကျပ်နှစ်ဘီလီယံ လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၆**

ရောဝတီဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီက စီမံဆောင်ရွက်လျက်ရှိသော ကာကွယ်ဆေးများ ဝယ်ယူနိုင်ရန်အတွက် ငွေကျပ် နှစ်ဘီလီယံ လှူဒါန်းခဲ့သည်။

ရောဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ လက်တွဲ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါစတင်ဖြစ်ပွားသည့် မတ်လကတည်းက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ယခုအခါ ရောဂါကာကွယ်ဆေးများ ဝယ်ယူရန် အလှူငွေများ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ရောဝတီဖောင်ဒေးရှင်းသည် မတ်လကတည်းက ရောဂါကာကွယ်ကုသရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးနေသည့်အပြင် မြန်မာနိုင်ငံတစ်ဝန်းရှိ လိုအပ်သည့်နေရာများသို့ ရောဂါကာကွယ်ကုသရေးပစ္စည်းများကို လှူဒါန်းပေးလျက်ရှိသည်။ ထို့ပြင် ရောဂါကူးစက်မှုမြင့်တက်လာသည့်အချိန်တွင် ရောဂါကူးစက်ခံထားရသူများအား ကုသပေးရန် ခုတင် ၁၀၀၀ ဆံ့ ရောဝတီစင်တာ (ရန်ကုန်) နှင့် ခုတင် ၃၇၅ ဆံ့ ရောဝတီစင်တာ (မန္တလေး) အား တည်ဆောက်ပေးခဲ့သည့်အပြင် လူနာများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၏ နေ့စဉ်စားသောက်နေထိုင်မှုများအား တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။ ရောဝတီစင်တာများတွင် ကိုဗစ်ရောဂါပိုးကူးစက်ခံရသူ ၁၀၀၀၀ ကျော်အား လက်ခံကုသပေးနိုင်ခဲ့ပြီး လူဦးရေ ၂၀၀၀၀ ကျော်ကို ရောဂါပိုးရှိ၊ မရှိ စစ်ဆေးပေးနိုင်ခဲ့သည်။ ရောဝတီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဇော်ဇော်သည် ရောဂါကာကွယ်ကုသရေးလုပ်ငန်းများအတွက် ငွေကျပ် ၁၅ ဒသမ ၅ ဘီလီယံအကုန်အကျခံကာ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး စေတနာရှင်အလှူရှင်များ၏ လှူဒါန်းငွေ ၅ ဒသမ ၇ ဘီလီယံအပါအဝင် စုစုပေါင်း ၂၁ ဒသမ ၂ ဘီလီယံ အသုံးပြုထားပြီးဖြစ်ကြောင်း သိရသည်။

**သတင်း- ရဲရင့်ရှိုင်း၊ ဓာတ်ပုံ- ကိုမိုး**

## ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူနိုင်ရေးအတွက် ဒေင်အုပ်စု ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးချစ်ခိုင်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၆**

ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေစီမံခန့်ခွဲမှု ဆပ်ကော်မတီက ဖွင့်လှစ်ထားသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) ရှိ နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012 သို့ ဒေင်အုပ်စု ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးချစ်ခိုင်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းကို ယနေ့လှူဒါန်းခဲ့ကြောင်း သိရသည်။



အဆိုပါ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ဒေင်အုပ်စု ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးချစ်ခိုင်က “မြန်မာနိုင်ငံမှာ အားလုံးရင်ဆိုင်နေရတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကြီးကို ကိုယ်တတ်နိုင်သလောက် ပြည်သူပြည်သားတွေကို ကာကွယ်ပေးချင်လို့ အခုလို လှူဒါန်းဖြစ်တာ ဖြစ်ပါတယ်။ နိုင်ငံတော်ကလည်း လှူဒါန်းကြဖို့ ဖိတ်ခေါ်ထားပါတယ်။ ဒါကြောင့်မို့ ဘယ်လောက်ပဲတတ်နိုင်တတ်နိုင် နည်းသည်များသည်မဟုတ်ဘဲ တတ်နိုင်သလောက်လှူဒါန်းတယ်ဆိုရင် ကိုယ့်ပြည်သူပြည်သားတွေအတွက် ကိုဗစ်ရန်က ကာကွယ်ပေးနိုင်အောင် ကျွန်တော့်အနေနဲ့ လှူဒါန်းကြဖို့ ပြောကြားလိုပါတယ်။ ကျွန်တော်တို့နိုင်ငံ ဒီကပ်ရောဂါကနေ အမြန်ဆုံး ကာကွယ်ပေးနိုင်ပြီး၊ ဖွံ့ဖြိုးပြီးသာယာဝပြောတဲ့ နိုင်ငံဖြစ်လာဖို့လည်း ဆုတောင်းပါတယ်” ဟု ပြောသည်။

COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသည် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဝယ်ယူရရှိနိုင်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ဖွဲ့စည်းခဲ့ပြီး အဆိုပါဆပ်ကော်မတီမှ ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID – 19 Vaccination Fund) ကို မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) တွင် ဖွင့်လှစ်ထားသည်။

ကာကွယ်ဆေးဝယ်ယူရေးအတွက် ပြည်တွင်း၊ ပြည်ပမှ ပါဝင်လှူဒါန်းလိုသည့် ပြည်သူများ၊ အဖွဲ့အစည်းများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) ရှိ ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012) စာရင်းတွင် မည်သည့်နိုင်ငံခြားငွေအမျိုးအစားကိုမဆို ထည့်ဝင်လှူဒါန်းနိုင်ပြီး (မြန်မာကျပ်ငွေ စာရင်းအမှတ် OA 013733) တွင် မြန်မာကျပ်ငွေဖြင့် ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

နိုင်ငံတော်မှ ကိုဗစ်ကာကွယ်ဆေးဝယ်ယူရန် မတည်ရန်ပုံငွေကျပ်သန်းတစ်ထောင်နှင့် အမေရိကန်ဒေါ်လာ သန်း ၂၅၀ မတည်ထားကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-မင်းသစ်(MNA)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေး

**ကျောက်တံခါး ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျေးလက်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်က ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် RCနှစ်ထပ် မြို့နယ်ကျေးလက်ရုံး ဆောက်လုပ်မည့်အခြေအနေနှင့် ပြည်ထောင်စု ရန်ပုံငွေဖြင့် သမင်အင်းကုန်းကျေးရွာအုပ်စု ကျွဲတလင်းကျေးရွာ ကုန်ထုတ်လမ်း ဆောင်ရွက်မည့် အခြေအနေ၊ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် တောင်ပေါ်စုကျေးရွာအုပ်စု မြောက်စုကျေးရွာနှင့် အနန်းဘော်ကျေးရွာအုပ်စု လက်ပံကုန်းကျေးရွာ ကုန်ထုတ်လမ်းဆောင်ရွက်မည့် အခြေအနေတို့အား တာဝန်ယူဆောင်ရွက်မည့် ကုမ္ပဏီတာဝန်ရှိသူတို့က ဆွေးနွေးရာ တက်ရောက်လာကြသော ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာကော်မတီများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။ **နေလင်း**

## ပဲခူးတိုင်းဒေသကြီးအတွင်း ရေထွက်ကုန်ပစ္စည်းများ ဖြန့်ဖြူးနိုင်ရေးကိစ္စ ဆွေးနွေး

**ပဲခူး ဇန်နဝါရီ ၆။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရေချို/ ရေငန်၊ ငါး/ပုစွန် ရေထွက်ကုန်ပစ္စည်းများ ပြည်သူများ လွယ်လင့်တကူ စားသုံးနိုင်ရေးအတွက် ထုတ်လုပ်သူများနှင့်သမဝါယမဦးစီးဌာနတို့ ချိတ်ဆက်ပြီး ဖြန့်ဖြူးရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနတွင် ယနေ့နံနက် ၉ နာရီခွဲ၌ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းမြင့်၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှူး ဦးစိုင်းကျော်မင်း၊ တိုင်းဒေသကြီးသမဝါယမအသင်းချုပ်ဥက္ကဋ္ဌ ဦးတင်ထွဋ်၊ တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းတို့က တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# စည်းလုံးမှုကို ပြသရန် ဘိုင်ဒင်၏ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲသို့ သမ္မတဟောင်း ဂျော့ဂျ်ဒဗလျူဘုရှ် တက်ရောက်မည်



ဝါရှင်တန် ဇန်နဝါရီ ၆

ဒီမိုကရက်နှင့် ရီပတ်ဘလီကန်ပါတီတို့ကြား စည်းလုံးမှုကို ပြသရန် ရီပတ်ဘလီကန်သမ္မတဟောင်း ဂျော့ဂျ်ဒဗလျူဘုရှ်သည် ဇန်နဝါရီ ၂၀ ရက်တွင် ကျင်းပမည့် ဘိုင်ဒင်၏ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲသို့ တက်ရောက်မည်ဖြစ်ကြောင်း ဘုရှ်၏ပြောရေးဆိုခွင့်ရှိသူ ဖို့ဒ်က ယနေ့ အတည်ပြုခဲ့သည်။

ဘုရှ်သည်တစ်ဦးတည်းသော ရီပတ်ဘလီကန်သမ္မတဟောင်းတစ်ဦး ဖြစ်သည်။ ဘိုင်ဒင်၏ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲသို့ တက်ရောက်မည့် သမ္မတဟောင်း ဘုရှ်သည် သမ္မတရာထူးတာဝန်ကို နှစ်ကြိမ်ထမ်းဆောင်ပြီးနောက် ၂၀၀၉ ခုနှစ်မှ လက်ရှိကာလအထိ တက္ကဆက်စ်ပြည်နယ်တွင် ပြန်လည်အခြေချနေထိုင်လျက်ရှိသည်။ ၎င်းသည် သမ္မတထရမ့်နှင့် အိုဘားမားအစိုးရတို့ကြား နိုင်ငံရေးပွတ်တိုက်မှု ဖြစ်စဉ်များနှင့် ပတ်သက်မှုကင်းစွာ နေထိုင်ခဲ့သူဖြစ်သည်။

ညီဖြစ်သူ ဖလောရီဒါပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း ဂျက်ဘုရှ်သည် ရီပတ်ဘလီကန်ပါတီတွင်း ကျင်းပခဲ့သည့် ၂၀၁၆ သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတထရမ့်ကို အရေးနိမ့်ခဲ့သည်။ ၎င်း၏ဖခင်ဖြစ်သည့် အမေရိကန်နိုင်ငံ၏ ၄၁ ယောက်မြောက်သမ္မတဖြစ်သူ စီနီယာဘုရှ်သည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ကွယ်လွန်ခဲ့ပြီး အသုဘအခမ်းအနားသို့ ဂျင်မီကာတာ၊ ဘီလ်ကလင်တန်နှင့် အိုဘားမားတို့ တက်ရောက်ခဲ့သည်။

သမ္မတဟောင်းများထဲတွင် သက်ရှိထင်ရှားရှိသူဟူ၍ ဂျင်မီကာတာ၊ ဘီလ်ကလင်တန်၊ ဂျော့ဂျ်ဒဗလျူဘုရှ်နှင့် အိုဘားမားတို့သာ ကျန်ရှိတော့ပြီး ဘုရှ်မှလွဲ၍ ကျန်သမ္မတဟောင်းများအားလုံးမှာ ဒီမိုကရက်ပါတီဝင်များ ဖြစ်သည်။ သို့ရာတွင် အသက် (၉၆)နှစ် ရှိပြီဖြစ်သည့် ၃၆ ယောက်မြောက် သမ္မတဖြစ်သူ ဂျင်မီကာတာက ဘိုင်ဒင်၏ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲသို့ တက်ရောက်မည်မဟုတ်ကြောင်း သိရသည်။

**ကိုးကား – ဘလွန်းဘာ့ဂ်**
**ဘာသာပြန် – မေလှဲ့သင်း**

## စီးပွားရေးမူဝါဒဆိုင်ရာ အပြောင်းအလဲဖော်ဆောင်မည်ဟု ကင်ဂျုံအန် ပြောကြား

ပြုံယမ်း ဇန်နဝါရီ ၆

ကျင့်သုံးလျက်ရှိသည့် စီးပွားရေးမူဝါဒဆိုင်ရာ အကောင်အထည်ဖော်မှုအပိုင်းတွင် မအောင်မမြင်ဖြစ်ခဲ့ပြီးနောက် ရည်မှန်းချက်အသစ်များ ချမှတ်ပြီး မူဝါဒပိုင်းဆိုင်ရာ ထိရောက်တိုးတက်မှုရှိလာစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ယမန်နေ့က ပါတီညီလာခံအတွင်း၌ ပြောကြားခဲ့သည်။

ယမန်နေ့က စတင်ကျင်းပခဲ့သည့် အလုပ်သမားပါတီညီလာခံကို ကိုယ်စားလှယ် ၄၇၅၀ နှင့် စောင့်ကြည့်လေ့လာသူ ၂၀၀၀ နီးပါး တက်ရောက်ခဲ့ကြောင်း သိရသည်။ ယခုညီလာခံသည် ခေါင်းဆောင်ကင်ဂျုံအန် လက်ထက် ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ပြီး သမိုင်းတစ်လျှောက် ကျင်းပသည့် (၈) ကြိမ်မြောက်ညီလာခံအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် ချမှတ်ခဲ့သည့် ငါးနှစ်စီမံကိန်း စီးပွားရေးမူဝါဒ၌ ရည်မှန်းချက်အတိုင်း ခရီးမပေါက်ခဲ့ခြင်းကြောင့် စီးပွားရေးနှင့် အခြားဆက်စပ်မူဝါဒများကြား လိုက်လျောညီထွေဖြစ်မည့် ဦးတည်ချက်အသစ်များကို ချမှတ်ရန် လိုအပ်ကြောင်း ခေါင်းဆောင်ကင်က ပြောသည်။ မူဝါဒပိုင်း ဦးတည်ချက်နှင့် အကောင်အထည်ဖော်မှုတို့ကြား ကွာဟချက်နည်းပါးမှသာလျှင် အားကောင်းသည့် မူဝါဒတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။

အမေရိကန်နိုင်ငံ၏ စီးပွားရေးပိတ်ဆို့မှု၊ နွေကာလအတွင်း ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်နှင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နယ်စပ်ဂိတ်များ ပိတ်ပစ်ခဲ့မှုကြောင့် ခေါင်းဆောင်ကင်ဂျုံအန် တာဝန်ယူခဲ့သည့် ကိုးနှစ်တာကာလအတွင်း ၂၀၂၀ပြည့်နှစ်သည် မြောက်ကိုရီးယားနိုင်ငံအတွက် စီးပွားရေးကျဆင်းမှု အများဆုံးဖြစ်ပေါ်ခဲ့သည့် နှစ်ဖြစ်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီးပွားရေးကျဆင်းမှု ၉ ဒသမ ၃ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ကြောင်း ဆိုးလ်စီးပွားရေးသုတေသနအင်စတီကျူမှ ဆောင်ဂျေဂက်က ခန့်မှန်းထားသည်။ နယ်စပ်ဂိတ်များ ပိတ်ထားခဲ့မှုကြောင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုတန်ဖိုးတစ်ခုတည်းမှာပင် ၇၉ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကာ ကုန်ကြမ်းပြတ်လပ်မှုကြောင့် ပြည်တွင်း ကုန်ထုတ်လုပ်မှုနှုန်း၌လည်း စံချိန်တင်ကျဆင်းမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ကိုးကား – အေဂျေ**
**ဘာသာပြန် – မေလှဲ့သင်း**




## တိုကျိုမြို့နှင့် အနီးဝန်းကျင်ရှိ ခရိုင်သုံးခုကို အရေးပေါ်အခြေအနေကြေညာရန် ဂျပန်နိုင်ငံအစိုးရက ဇန်နဝါရီ ၇ ရက်တွင် ဆုံးဖြတ်မည်

တိုကျို ဇန်နဝါရီ ၆

ဂျပန်ဝန်ကြီးချုပ် ဆူဂါသည် ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေး တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စီးပွားရေး ပြန်လည်ရှင်သန်ရေးဝန်ကြီး နီရှိမူရာယာဆူတိုရှိ၊ ကျန်းမာရေးဝန်ကြီး တာမူရာနိုရီဟီဆာတို့နှင့် ယနေ့တွင် တွေ့ဆုံခဲ့ပြီး ဂျပန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် တိုကျိုမြို့နှင့် အနီးဝန်းကျင်ရှိ ခရိုင်သုံးခုတွင် အရေးပေါ်အခြေအနေတစ်ရပ် ကြေညာရေးနှင့်စပ်လျဉ်း၍ ဇန်နဝါရီ ၇ ရက်တွင် ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အရေးပေါ်ကြေညာချက်သည် ဇန်နဝါရီ ၈ ရက်မှစတင်ကာ ဖေဖော်ဝါရီ ၇ ရက်အထိ သက်ရောက်မှုရှိမည်ဖြစ်ကြောင်းလည်း သိရသည်။ တိုကျိုမြို့နှင့် အနီးဝန်းကျင်ရှိ ခရိုင်သုံးခုဖြစ်သည့် ကာနာဂါဝါ၊ ဆိုင်းတမနှင့် ချီဘာခရိုင်တို့တွင် သက်ရောက်မည့် အရေးပေါ်ကြေညာချက်အောက်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကိုဗစ်-၁၉ ရောဂါ အစီအမံများနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို တွက်ချက်ရာတွင် မြန်မြန်ဆန်ဆန် ဆောင်ရွက်ရန်လည်း ဝန်ကြီးချုပ်ဆူဂါက ဝန်ကြီးများအား ပြောကြားခဲ့ကြောင်း သိရသည်။

တိုကျိုမြို့နှင့် အနီးဝန်းကျင်ရှိ ခရိုင်သုံးခုမှ မြို့တော်ဝန်လေးဦးကလည်း ပြည်သူများအနေဖြင့် ည ၈ နာရီနောက်ပိုင်း မလိုအပ်ဘဲအပြင်ထွက်ခြင်းကို ရှောင်ကြဉ်ရန်နှင့် ဘားများနှင့် စားသောက်ဆိုင်များကိုလည်း ည ၈ နာရီတွင် ပိတ်သိမ်းရန် တောင်းဆိုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ လက်ရှိတွင် ဂျပန်နိုင်ငံ၏ နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက် ၅၀၀၀ နှင့် အထက်တွင်ရှိနေပြီး မြို့တော်တိုကျို၌ ဇန်နဝါရီ ၆ ရက်တစ်ရက်တည်းမှာပင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၉၁ ဦးရှိခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အလင်းသစ်**

## ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သတင်းထောက် ၆၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရ

ဂျီနီဗာ ဇန်နဝါရီ ၆

၂၀၂၀ ပြည့်နှစ် မတ် ၁ ရက်မှ စ၍ ၁၀ လတာအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် တစ်လလျှင် ပျမ်းမျှအားဖြင့် သတင်းထောက် ၆၀ နှုန်း သို့မဟုတ် တစ်ရက်လျှင် ပျမ်းမျှအားဖြင့် သတင်းထောက် နှစ်ဦးနှုန်းဖြင့် သေဆုံးခဲ့ကြောင်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် သတင်းမီဒီယာ သင်္ကေတလှုပ်ရှားမှုအဖွဲ့ (Press Emblem Campaign-PEC)က ပြောကြားသည်။

အဆိုပါသေဆုံးမှုများကို ကာကွယ်၍ ရနိုင်ကြောင်း၊ သတင်းမီဒီယာများတွင် အလုပ်လုပ်ကိုင်လျက်ရှိကြသော သတင်းသမားများသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပထမဦးစားပေးအနေဖြင့် လက်ခံရရှိသင့်သလို သေဆုံးသွားသည့် သတင်းသမားများ၏ မိသားစုများအနေဖြင့်လည်း ငွေကြေးအကူအညီများကို လက်ခံရရှိသင့်ကြောင်း အဆိုပါအဖွဲ့၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

သတင်းထောက်များ၊ ကိုယ်ပိုင်လုပ်ငန်းဖြင့် အသက်မွေးသည့် သတင်းသမားများနှင့် ဓာတ်ပုံသတင်းထောက်များကဲ့သို့သော မီဒီယာလုပ်ငန်းတွင် လုပ်ကိုင်နေသူအများအပြားသည် ကိုဗစ်-၁၉ ရောဂါကာလအတွင်း နေအိမ်မှ အလုပ်မလုပ်နိုင်တော့ဘဲ ကိုယ်တိုင်ကွင်းဆင်းပြီး သတင်းရယူရခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ အဓိကကူးစက်ခံခဲ့ရခြင်း ဖြစ်ကြောင်း PEC ၏ အထွေထွေအတွင်းရေးမှူးချုပ် ဘလေးစ်လင်ပန်က အလေးအနက် ပြောကြားသည်။

လက်တင်အမေရိက၌ ၂၀၂၀ ပြည့်နှစ် ၁၀ လတာအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သတင်းထောက် ၃၀၃ ဦး သေဆုံးခဲ့ပြီး ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုမှာ သေဆုံးမှုအားလုံး၏ ထက်ဝက်ကျော်ရှိသည်။ ထို့အတူ ပီရူးနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သတင်းထောက် ၉၃ ဦး၊ ဘရာဇီးတွင် ၅၅ ဦးနှင့် အီကွေဒေါ်နိုင်ငံတွင် ၄၂ ဦး အသီးသီးသေဆုံးခဲ့ကြသည်။

ထို့အပြင် အိန္ဒိယနိုင်ငံတွင် သတင်းထောက် ၅၃ ဦး၊ မက္ကဆီကိုတွင် ၄၅ ဦး၊ ဘင်္ဂလားဒေ့ရှ်တွင် ၄၁ ဦး၊ အီတလီတွင် ၃၇ ဦးနှင့် အမေရိကန်ပြည်ထောင်စုတွင် ၃၁ ဦး စသည်ဖြင့် မီဒီယာလုပ်ငန်းလုပ်ဆောင်နေကြစဉ် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးခဲ့ကြကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**

## ဖိလစ်ပိုင်ပြည်သူ သုံးပုံနှစ်ပုံကို ယခုနှစ်အတွင်း ကာကွယ်ဆေးထိုးနှံပေးမည်



မနီလာ ဇန်နဝါရီ ၆

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို လူဦးရေ သုံးပုံနှစ်ပုံခန့်အား ယခုနှစ်အတွင်း ထိုးနှံပေးရန် ဖိလစ်ပိုင်အစိုးရက စီစဉ်လျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် ကိုဗစ်ကာကွယ်ဆေး ရရှိရန်မှာ နိုင်ငံအားလုံးအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်သော်လည်း ဖိလစ်ပိုင်အစိုးရက နိုင်ငံ၏ လူဦးရေသုံးပုံနှစ်ပုံအတွက် လုံလောက်စေမည့် ကာကွယ်ဆေး အနည်းဆုံး ၁၄၈ သန်း ရရှိစေရန် ကာကွယ်ဆေးထုတ်လုပ်သည့် ကုမ္ပဏီများဖြစ်သည့် Novavax, Moderna, AstraZeneca, Pfizer, Johnson & Johnson, Sinovac Biotech and the Gamaleya အင်စတီကျူတို့နှင့် ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။

“ကျွန်တော်တို့အနေနဲ့ ကာကွယ်ဆေးထုတ်လုပ်တဲ့ ကုမ္ပဏီတွေကနေ ကာကွယ်ဆေး ၁၄၈ သန်း ဝယ်ယူသွားပါမယ်။ ဒီဝယ်ယူမယ့် ကာကွယ်ဆေးအရေအတွက်ဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ကာကွယ်ဆေးထောက်ပံ့ရေးအစီအစဉ်ထဲမှာ ပါမှာမဟုတ်ပါဘူး”ဟု ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးမဟာဗျူဟာအဖွဲ့မှ တာဝန်ရှိသူ ကာလီတို ဂက်ဗက်စ်က ဆိုသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကာကွယ်ဆေးထောက်ပံ့ပေးမှုအစီအစဉ် COVAX အရ ဖိလစ်ပိုင်နိုင်ငံသည် ပြည်သူ ၂၃ သန်းအတွက် ကာကွယ်ဆေးရရှိမည်ဖြစ်သည်။

ကမ္ဘာ့ချမ်းသာသည့်နိုင်ငံများသည် ယခုရရှိနိုင်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအရေအတွက်၏ ၈၀ ရာခိုင်နှုန်းကို ဝယ်ယူပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကိုဗစ်ကာကွယ်ဆေးများကို ယခုနှစ် ပထမသုံးလပတ်အတွင်း စတင်ထိုးနှံပေးမည်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများ၊ သက်ကြီးရွယ်အိုများ၊ တပ်မတော်သားများ၊ ရဲအရာရှိများ၊ ကျောင်းဆရာ ဆရာမများနှင့် အစိုးရဝန်ထမ်းများအား ဦးစားပေးထိုးနှံသွားမည်ဖြစ်သည်။

ထိရောက်မှုရှိပြီး ဘေးကင်းသည့် ကိုဗစ်ကာကွယ်ဆေးကို ပြည်သူများအား အခမဲ့ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သမ္မတ ဒူတာတေးက ကတိပြုပြောကြားထားကြောင်း ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးမဟာဗျူဟာ အဖွဲ့မှ တာဝန်ရှိသူ ကာလီတိုဂက်ဗက်စ်က ဆိုသည်။

လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၈၀၇၃၇ ဦးနှင့် သေဆုံးသူ ၉၃၄၇ ဦးရှိကြောင်း သိရသည်။

**ကိုးကား – စီအင်န်အေ**
**ဘာသာပြန် – အောင်ကျော်ကျော်**





# ဂျာမနီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များ ပိုမိုတင်းကျပ်

**ဘာလင် ဇန်နဝါရီ ၆**

ဂျာမနီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုထိန်းချုပ်ရေးကို အထောက်အပံ့ဖြစ်စေရန် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များကို ပိုမိုတင်းကျပ်ရန် ဆုံးဖြတ်ခဲ့ပြီး လက်လီအရောင်းဆိုင်အားလုံးနီးပါးကိုလည်း ယခုလကုန်ပိုင်းအထိ ဆက်လက်ပိတ်ထားမည်ဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ် မာကယ်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

ထို့ပြင် ဂျာမနီနိုင်ငံ၌ ပြီးခဲ့သည့်တစ်ပတ်ကျော်ကာလအတွင်း လူဦးရေ တစ်သိန်းလျှင် ၂၀၀ နှုန်းအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် ဒေသများတွင်မူ ခရီးသွားလာခွင့်ကို နေအိမ်မှ ၁၅ ကီလိုမီတာအတွင်းသာ သွားရောက်ရန် ကန့်သတ်ထားမည်ဖြစ်ကြောင်းလည်း ဝန်ကြီးချုပ်မာကယ်က ပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံ၌ စားသောက်ဆိုင်များကိုလည်း ပါဆယ်စနစ်ဖြင့် ရောင်းချသော ဆိုင်များကိုသာ ခွင့်ပြုပေးခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကတည်းက လက်လီအရောင်းဆိုင်များနှင့် စာသင်ကျောင်းအားလုံးကို ပိတ်ထားခဲ့ကြောင်းလည်း သိရသည်။ သို့ရာတွင် အဆိုပါကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များက ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိန်းချုပ်ရာတွင် ထိရောက်မှုမရှိခဲ့ကြောင်း သိရသည်။

ဂျာမနီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၆ ရက်တွင် စတင်ခဲ့ပြီး ကာကွယ်ဆေးထိုးရန် ဆန္ဒရှိသူများအားလုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရရှိရန်မှာ နွေရာသီကာလအထိ ကြာမြင့်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အလင်းသစ်**

# ဘရာဇီးနိုင်ငံ၏ ကိုဗစ်ကာလ ငွေကြေးထောက်ပံ့ရေးအစီအစဉ် ယခုလတွင် အဆုံးသတ်

**ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၆**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်း ပြည်သူများအား ထောက်ပံ့ပေးလျက်ရှိသည့် ငွေကြေးထောက်ပံ့မှုအစီအစဉ်သည် ယခုလတွင် အဆုံးသတ်သွားပြီဖြစ်ကြောင်း ဘရာဇီးသမ္မတ ဘော်ဆိုနာရိုက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ နှစ်သိန်းနီးပါးရှိပြီး အဆိုပါရောဂါကူးစက်ပျံ့နှံ့မှုကြောင့် စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသည့် ပြည်သူများအား ထောက်ပံ့ပေးသည့် ငွေကြေးထောက်ပံ့မှုအစီအစဉ်သည်လည်း ရပ်တန့်သွားပြီဖြစ်သည်။

"ကျွန်တော်တို့နိုင်ငံကတော့ ဒီရောဂါကပ်ကြီးအောက်မှာ ပြိုလဲသွားပြီ။ ကျွန်တော်လည်း ဘာမှမတတ်နိုင်တော့ပါဘူး"ဟု သမ္မတဘော်ဆိုနာရိုက မီဒီယာများအား ပြောကြားခဲ့သည်။

ပြည်သူများအား အခွန်လျှော့ချ ကောက်ခံမည့်အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရန် သမ္မတဘော်ဆိုနာရိုက ဆိုခဲ့သည်။

နိုင်ငံ၏ စီးပွားရေးပျက်ကပ်ဆိုက်ခဲ့ခြင်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရန် ပြည်နယ်အုပ်ချုပ်ရေးမှူးများက ၎င်းတို့၏ ပြည်နယ်များအတွင်း ခရီးသွားလာခွင့် ပိတ်ပင်မှုများ ချမှတ်လုပ်ဆောင်ခဲ့ခြင်းကြောင့် ဖြစ်သည်ဟု သမ္မတ ဘော်ဆိုနာရိုက ဆိုသည်။



နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် လူသေဆုံးမှုနှုန်း မြင့်တက်ခဲ့သော်လည်း နိုင်ငံ၏ လူဦးရေသုံးပုံတစ်ပုံဖြစ်သည့် ၆၈ သန်းသော ပြည်သူများအား ကျန်းမာရေးဆိုင်ရာ အရေးပေါ်အကူအညီများကို ကိုးလတိုင်တိုင် ပေးခဲ့ခြင်းအတွက် သမ္မတ ဘော်ဆိုနာရိုသည် ပြည်သူများ၏ ချစ်ခင်နှစ်သက်မှုကို ဆက်လက်ရရှိနေမြဲဖြစ်သည်။

သို့သော် အဆိုပါကူညီထောက်ပံ့မှုများသည် နိုင်ငံ၏ကြွေးမြီများနှင့် စီးပွားရေးကျဆင်းမှုတို့ကြောင့် ယခုလတွင် အဆုံးသတ်သွားခဲ့ရပြီဖြစ်သည်။

ဘရာဇီးနိုင်ငံ၏ အဓိကအခက်အခဲသည် "ငွေကြေးပြဿနာမဟုတ်ပါဘူး၊ တိကျရှင်းလင်းတဲ့ အစီအစဉ်မရှိသေးတာပဲ ဖြစ်ပါတယ်။ လက်ရှိအချိန်အထိ ပြည်သူတွေကို ဘယ်အချိန်မှာ ကိုဗစ်ကာကွယ်ဆေး ထိုးပေးမယ်ဆိုတဲ့ တိကျတဲ့နေ့ရက်ကို မပြောနိုင်သေးပါဘူး"ဟု Getulio Vargas ဖောင်ဒေးရှင်း၏ လူမှုရေးမူဝါဒများဆိုင်ရာစင်တာမှ ဒါရိုက်တာ မာဆီလိုနီရီက ပြောကြားခဲ့သည်။

လက်ရှိအချိန်အထိ ဘရာဇီးနိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၈၁၂၀၀၇ ဦးရှိပြီး သေဆုံးသူ ၁၉၇၇၇၇ ဦးရှိကြောင်း သိရသည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# Pfizer ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံသည့်ရက်မှစ၍ ၂၁ ရက်မှ ၂၈ ရက်ကြား ဒုတိယအကြိမ်ထိုးနှံရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြံပြု

**ဂျီနီဗာ ဇန်နဝါရီ ၆**

လက်ရှိ ကမ္ဘာ့နိုင်ငံအများအပြားတွင် အသုံးပြုမှုအများဆုံး Pfizer ကာကွယ်ဆေးကို စတင်ထိုးနှံသည့်ရက်မှစ၍ ၂၁ ရက်မှ ၂၈ ရက်အတွင်း ဒုတိယအကြိမ် ထိုးနှံခြင်းက ဆေး၏ အာနိသင်ကို အပြည့်အဝ ရရှိနိုင်မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ယမန်နေ့တွင် အကြံပြုခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် မကြာသေးမီကပင် Pfizer ကာကွယ်ဆေးကို အတည်ပြုခဲ့ပြီးနောက် ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးရမည့်ကာလကိုလည်း ဆက်လက်အကြံပြုခဲ့ခြင်း ဖြစ်သည်။ "ကျွန်တော်တို့ဘက်က ပေးမယ့် နောက်ထပ်အကြံပြုချက်တစ်ခုကတော့ Pfizer ဆေး ဒုတိယအကြိမ် ထိုးနှံမှုကို ၂၁ ရက်မှ ၂၈ ရက်အတွင်း ဆောင်ရွက်ဖို့ ဖြစ်ပါတယ်"ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကျွမ်းကျင်ပညာရှင်များ အကြံပေးအဖွဲ့ (SAGE) ဥက္ကဋ္ဌ ခရာဗီတိုက ဆိုခဲ့သည်။

ကမ္ဘာတစ်ဝန်း ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် နေ့စဉ်ကူးစက်မှုနှုန်းနှင့် သေဆုံးမှုနှုန်းများ မြင့်တက်လျက်ရှိခြင်းကြောင့် ကာကွယ်ဆေး ထိုးနှံပေးနိုင်မှုအရေအတွက် ပိုမိုလိုအပ်လာချိန်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယင်းကဲ့သို့ အကြံပြုခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် နိုင်ငံအလိုက် ကူးစက်မှုနှုန်းအပေါ်အခြေခံ၍ ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံပေးမှုကြားကာလအချိန်ကို လိုအပ်သလို အလျှော့အတင်း လုပ်နိုင်ကြောင်း ခရာဗီတိုက ဆိုသည်။

၎င်းက "အချို့နိုင်ငံတွေမှာတော့ရောဂါကူးစက်မှုနှုန်းက အလွန်များနေတဲ့အတွက် လူများများကို ကာကွယ်ဆေးဖြန့်ထိုးထားပေးလို့ရအောင် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးမှုကို ရက်သတ္တပတ်အနည်းငယ် ရွှေ့ဆိုင်းထားတာမျိုး၊ အနေအထားပေါ်မူတည်ပြီး ဆောင်ရွက်ကြရတာမျိုးလည်း ရှိနိုင်ပါတယ်"ဟု ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

**ကိုးကား- အမ်အက်စ်အမ်**
**ဘာသာပြန်- မေလှဲ့သင်း**




# ဩစတြေးလျနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ယခင်စီစဉ်ထားသည့်အချိန်ထက် စော၍ ထိုးနှံပေးမည်

**မဲလ်ဘုန်း ဇန်နဝါရီ ၆**

ဩစတြေးလျနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ဘေးကင်းလုံခြုံမှု အချက်အလက်များကို အကဲဖြတ်ဆောင်ရွက်ပြီးနောက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ယခင်က စီစဉ်ထားသည့်အချိန်ထက်စော၍ထိုးနှံပေးမည်ဖြစ်ကြောင်း ဩစတြေးလျ ကျန်းမာရေးဝန်ကြီး ဂရက်ဟန့်က ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံ အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုကို မတ်လကုန်တွင် စတင်မည့်အစား မတ်လအစပိုင်းတွင် စတင်ထိုးနှံပေးမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဂရက်ဟန့်က ရေဒီယိုအစီအစဉ်တစ်ရပ်တွင် ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကိုလည်း ဂျပန်၊ တောင်ကိုရီးယားနှင့် နယူးဇီလန် အပါအဝင် ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်ရာတွင် အောင်မြင်မှုရရှိနေသည့် အခြားသော နိုင်ငံများနည်းတူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဂရက်ဟန့်က ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံ အစိုးရသည် အမေရိကန် သို့မဟုတ် ဗြိတိန်နိုင်ငံတို့ကဲ့သို့သော နိုင်ငံများထက် ကာကွယ်ဆေးထိုးနှံမှု နောက်ကျလိမ့်မည်ဆိုသောကြောင့်လည်း ဝေဖန်မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ ရှေ့တန်းမှ ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် အသက်အရွယ်ကြီးရင့်သူများသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမဆုံးရရှိမည်ဖြစ်ပြီး အောက်တိုဘာလတွင် နိုင်ငံလူဦးရေအားလုံးကို ကာကွယ်ဆေး ထိုးပေးနိုင်မည်ဟုလည်း မျှော်လင့်ထားကြောင်း သိရသည်။

**ကိုးကား- ဖိုင်နန်ရှယ်တိုင်းမ်**
**ဘာသာပြန်- အလင်းသစ်**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၈၆၉၆၈၆၈၅ ဦး |
| သေဆုံးသူ | ၁၈၇၈၈၈၆ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၆၁၆၇၆၈၇၇ ဦး |

# ဗြိတိန်၌ ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမည့် အချိန် ပြောင်းလဲခဲ့ခြင်းအတွက် ဆေးသိပ္ပံပညာရှင်များက အစိုးရကို ဝေဖန်

**လန်ဒန် ဇန်နဝါရီ ၆**

ဗြိတိန်နိုင်ငံတွင် ဒုတိယအကြိမ်မြောက် ကာကွယ်ဆေးထိုးရန် အချိန်ကာလ ရွှေ့ဆိုင်းခဲ့ခြင်းကြောင့် ဗြိတိန်ဆေးသိပ္ပံပညာရှင်များက အစိုးရ၏ ကာကွယ်ဆေးအစီအစဉ်ပြောင်းလဲခဲ့ခြင်းအပေါ် ဝေဖန်ခဲ့သည်။

ဗြိတိန်၌ ကာကွယ်ဆေး ထိုးနှံပေးမှုလုပ်ငန်းစဉ်ကို Pfizer ကာကွယ်ဆေး ထိုးနှံပေးခြင်းဖြင့် ဒီဇင်ဘာလဆန်း၌ စောစောစီးစီး စတင်နိုင်ခဲ့သည်။ Pfizer ဆေး ဒုတိယအကြိမ် ထိုးနှံပေးမှုကို ပထမအကြိမ်ထိုးနှံမှုခံယူပြီး ၂၁ ရက်အကြာတွင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း Pfizer ဆေးကုမ္ပဏီဘက်မှ အကြံပြုထားသည်။ သို့ရာတွင် ပထမအကြိမ် ကာကွယ်ဆေးထိုးနှံမှု ခံယူထားပြီးသူများ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံရမည့်အချိန် ရောက်ရှိလာချိန်တွင် ဗြိတိန်အစိုးရက ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးမည့်ကာလကို ရက်သတ္တလေးပတ်မှ ၁၂ ပတ်ကြား ကြာမြင့်မည်ဟု ပြောင်းလဲသတ်မှတ်ခဲ့သည်။

ယင်းသို့ အချိန်ကာလပြောင်းလဲသတ်မှတ်မှုသည် ကာကွယ်ဆေး၏ နောက်ဆုံးအဆင့် စမ်းသပ်ချက်များမှရရှိလာသည့် အချက်အလက်များကို အခြေမခံဘဲ ယူဆချက်သက်သက်ဖြင့် ဆောင်ရွက်နေသည်ဟု ဗြိတိန်ဆေးသိပ္ပံပညာရှင်များက ဝေဖန်ခဲ့သည်။

နော်တင်ဟမ်၊ မန်ချက်စတာနှင့် ဒီမောင့်ဖို့ဒ်တက္ကသိုလ်တို့မှ ဆေးပညာရှင်များက "ကာကွယ်ဆေးဆိုင်ရာတွဲဖက်ကော်မတီ ( JCVI) အနေနဲ့ ကာကွယ်ဆေးနှစ်လုံး ထိုးနှံပေးမှုကြားကာလကို လေးပတ်ကနေ ၁၂ ပတ်အထိ ကြာမြင့်မယ်လို့ ဆုံးဖြတ်ချက်ချလိုက်တာက စမ်းသပ်မှုတွေ လုပ်ဆောင်စဉ်က အချက်အလက်တွေကို အခြေခံခဲ့တာမဟုတ်ပါဘူး။ တကယ်လို့ ဒုတိယအကြိမ်ထိုးရမယ့်ဆေးကို ၂၁ ရက်အတွင်း မထိုးရင် ဘာဖြစ်လာမလဲဆိုတာကို စွန့်စားမှုသက်သက်နဲ့ ဆုံးဖြတ်ခဲ့တာပါ။ အထိရောက်ဆုံး အာနိသင်ရရှိမယ့် အချိန်ကာလကို ပြောင်းလဲဖို့အတွက် လုံလောက်တဲ့ ပြန်လည်သုံးသပ်ချက်တွေ ဆောင်ရွက်ထားတာမရှိဘူး"ဟု ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံတစ်ဝန်း ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုနှင့်အတူ ရောဂါပိုးကူးစက်ခံရသူဦးရေ များပြားလာမှုအပြင် ကာကွယ်ဆေးရရှိမှု ပမာဏ မလုံလောက်ခြင်းတို့ကြောင့် ကာကွယ်ဆေးထိုးနှံပေးမှု အချိန်စာရင်းကို အပြောင်းအလဲ လုပ်ခဲ့ရခြင်းဖြစ်ကြောင်း JCVI က တုံ့ပြန်ခဲ့သည်။ ပထမတစ်ကြိမ် ကာကွယ်ဆေးထိုးနှံမှု ခံယူထားပြီးသူများအနေဖြင့် ရောဂါကူးစက်မှု၊ ဆေးရုံတက်ရောက်ကုသရမှုနှင့် သေဆုံးမှုတို့တွင် အတိုင်းအတာတစ်ရပ်အထိ ကာကွယ်မှုရှိထားပြီးဖြစ်ကြောင်း JCVI မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သို့ရာတွင် ဗြိတိန်၌ ကာကွယ်ဆေးထိုးနှံမှုခံယူထားသူများက ထိခိုက်လွယ်သည့် အုပ်စုသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် ကာကွယ်ဆေး၏ အာနိသင် အပြည့်အဝ ရရှိနိုင်ခြေနည်းပါးနိုင်ဖွယ်ရှိနေသည်။ **ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- မေလှဲ့သင်း**







## ရှားငံမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရှားငံမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၁ ဘီလီယံကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများသိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၄ ရက် မွန်းလွဲပိုင်းက ရှားငံမြို့နယ် ရှားငံ-ကျောက်ဆည်သွား ကားလမ်း ကျောက်ဂူပြင်ကျေးရွာအနီးတွင် စောင့်ဆိုင်းနေစဉ် ကြိုတင်သတင်းရထားသော စိုင်းမြင့်ဆန်း(ခ) အိုက်ကျွတ်မောင်းနှင်ပြီး ချမ်းသာလိုက်ပါလာသည့် ၁၂ ဘီးယာဉ်အား စစ်ဆေးရာဖွေရာ ငွေကျပ် ၁ ဒသမ ၁ဘီလီယံ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၂ ဒသမ ၅၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးဖော်ထုတ်ချက်အရ ညနေပိုင်းတွင် နောင်ချိုမြို့နယ် မိုင်တိုင်အမှတ် (၈၀/၄) အနီးတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ခိုင်းသူ စိန်ရွှေနှင့် ရန်ကြားစင် တို့အား ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် စိုင်းမြင့်ဆန်း(ခ) အိုက်ကျွတ်၊ ချမ်းသာ၊ စိန်ရွှေနှင့် ရန်ကြားစင်တို့အား ဥပဒေအရအမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြပါရှိသည်။

သတင်းစဉ်



စိုင်းမြင့်ဆန်း(ခ) အိုက်ကျွတ်၊ ချမ်းသာ၊ စိန်ရွှေနှင့် ရန်ကြားစင်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက်၌ ရှေးဟောင်းငွေဒင်္ဂါးပြား ၁၇၂ ပြား တူးဖော်တွေ့ရှိ

**တနင်္သာရီ ဇန်နဝါရီ ၆**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက် သုခလမ်း အိမ်အမှတ်(၇)နေ ဦးသီဟအေးသည် နေအိမ်အဟောင်းကိုဖျက်၍ အသစ်ဆောက်လုပ်ရန် မြေတူးစဉ် နံနက် ၁၀ နာရီခန့်က အိမ်အဟောင်း၏ အိမ်ဦးတိုင်အရင်း၌ ရှေးဟောင်းငွေဒင်္ဂါးပြားများ တူးဖော်တွေ့ရှိခဲ့သည်။

သတင်းအရ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းဇော်ဦး၊ သတင်းရဲတပ်ဖွဲ့မှ ရဲအုပ်စောမြင့်ဦး၊ ချောင်းငယ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်စည်ဖြိုးတို့က သွားရောက်ကြည့်ရှုစစ်ဆေးရာ စဥ့်အိုးအတွင်းတွင် ရှေးဟောင်းငွေဒင်္ဂါးပြားများကို တူးဖော်တွေ့ရှိကြောင်း သိရသည်။

တူးဖော်တွေ့ရှိခဲ့သည့် ငွေဒင်္ဂါးပြားများမှာ ခေါင်းဘက်တွင် VICTORIA QUEEN စာတန်းနှင့် ဘုရင်မဦးခေါင်းပုံနှင့် ပန်းဘက်တွင် EAST INDIA COMPANY ONE RUPEE 1840 စာတန်းပါ အလေးချိန် ၁၁ ဒသမ ၆ ဂရမ်ခန့် (သုည ဒသမ ၇၅ ကျပ်သားခန့်) ရှိ ငွေဒင်္ဂါးပြား ၅၀ အပါအဝင် စုစုပေါင်းငွေဒင်္ဂါးပြား ၁၇၂ ပြား အလေးချိန် ၁၄၃၅ ဒသမ ၉ ဂရမ်ခန့် (၉၂ ဒသမ ၇၅ ကျပ်သားခန့်) ဖြစ်ပြီး ၎င်းငွေဒင်္ဂါးပြားများကို တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက် သုခလမ်းရှိ ဦးသီဟအေး၏ မိခင်ဖြစ်သူ ဒေါ်သောင်းရီ၏နေအိမ်၌ ထိန်းသိမ်းထားရှိကာ ရှေးဟောင်းငွေဒင်္ဂါးပြားများ တွေ့ရှိမှုအား တနင်္သာရီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနိုင်က တိုင်းဒေသကြီး ရှေးဟောင်းသုတေသနဦးစီးဌာနသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

## သုံးဘီးတစ်စီးအရှိန်လွန်တိမ်းမှောက်၊ ယာဉ်မောင်းသေဆုံး



**ကသာ ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကျွန်းသစ်ခွဲသားများ တင်ဆောင်လာသော သုံးဘီးတစ်စီး အရှိန်လွန်တိမ်းမှောက်ရာ ယာဉ်မောင်းသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ နံနက် ၆ နာရီခွဲ က ဝန်းသိုမြို့နယ် အာမခံကျေးရွာအနီးတွင် ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်းသတင်းအရ ဝန်းသိုမြို့မရဲစခန်းမှ ဒုရဲအုပ်စည်သူဝင်းနှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ဂျိုးတောင်မှ ကောလင်းဘက်သို့ ကျွန်းခွဲသားများတင်ဆောင်ပြီး ကန့်ဘလူမြို့နယ် ကြခတ်အိုက်ရွာနေ ကျော်လင်းအောင် မောင်းနှင်လာသည့် သုံးဘီးယာဉ်တိမ်းမှောက်ကာ ယာဉ်မောင်းသေဆုံးသွားကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကျော်လင်းအောင်အား အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

အေးမြသက်ထား

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၆**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ဝေန်မြစ်အတွင်း၌ သဘော်နှင့် ပဲ့ထောင်တိုက်မိ လူတစ်ဦးပျောက်ဆုံး

**ပုသိမ် ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ငဝန်မြစ်ကြောင်းအတွင်း၌ ယနေ့ နံနက်ပိုင်းက ခရီးသည်တင် သဘော်နှင့် ပဲ့ထောင်တိုက်မှုကြောင့် ပဲ့ထောင်နစ်မြုပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျော်မျိုးသူမောင်းနှင်ပြီး လူရှစ်ဦး လိုက်ပါလာသည့် ပဲ့ထောင်နှင့် ကျောက်ငူဆိပ်ဘက်မှ ဦးစိုးလွင်မောင်းနှင်လာသော ခရီးသည်တင်သဘော်တို့တိုက်မိခဲ့ရာ ပဲ့ထောင်နစ်မြုပ်ပြီး ၎င်းပဲ့ထောင်ပေါ် လိုက်ပါလာသူတစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပဲ့ထောင်နှင့် သဘော်မောင်းနှင်သူနှစ်ဦးကို သဘော်ကျဉ်းနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်မောင်မြင့်(ပြန်/ဆက်)

# ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

**တစ်ကမ္ဘာလုံးတွင် ဖြစ်ပေါ်လျက်ရှိသည့် Sharing Economy နှင့် အနာဂတ်တွင် အရေးပါမှုဆိုင်ရာ ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေအစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဇန်နဝါရီ ၆ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့ရာ ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး။** ။ ဒီအစီအစဉ်မှာ တစ်ကမ္ဘာလုံးမှာ ဖြစ်ပေါ်နေတဲ့ Sharing Economy ရဲ့ အကြောင်းတွေ၊ အနာဂတ်မှာ Sharing Economy ရဲ့ အရေးပါပုံတွေကို ဆွေးနွေးသွားမယ့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အစီအစဉ်ကနေ ကြိုဆိုပါတယ်။

ဒီနေ့အစီအစဉ်မှာ **ရောဝတီဘဏ်ရဲ့ ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းဆိုင်ရာ အုပ်ချုပ်မှုဒါရိုက်တာ ဦးချစ်ထွန်းဖေနဲ့ Oway Group ရဲ့ ဥက္ကဋ္ဌ ဦးနေအောင်**တို့က ပါဝင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမဆုံးမေးခွန်းအနေနဲ့ Sharing Economy ဆိုတာဘာလဲ၊ Sharing Economy ကို မြန်မာနိုင်ငံမှာ ဘယ်လိုအသုံးပြုနိုင်သလဲဆိုတာ ဦးချစ်ထွန်းဖေက ရှင်းပြပေးပါဦး။

**ဦးချစ်ထွန်းဖေ။** ။ Sharing Economy ဆိုတာ တကယ်တမ်းက ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် ကုန်ပစ္စည်း သို့မဟုတ် ဝေမျှအသုံးပြုနိုင်မယ့် အရင်းအမြစ်တွေကို သုံးစွဲနေတဲ့သူအချင်းချင်း ကိုယ်တိုင်ပါဝင်ပြီး ဝန်ဆောင်မှုလုပ်ငန်းတွေမှာ မိမိက ကုန်ပစ္စည်းသုံးစွဲသူအနေနဲ့ရော၊ ထုတ်လုပ်သူအနေနဲ့ရော၊ အကျိုးဆောင်သူအနေနဲ့ရော ပူးပေါင်းပြီး ပါဝင်နိုင်တဲ့ လူမှုအသိုက်အဝန်း အခြေပြုတဲ့ စီးပွားရေးပုံစံတစ်ခုဖြစ်ပါတယ်။

သီအိုရီကို ရှင်းပြတာက နည်းနည်းခက်ပါတယ်။ ဒါကြောင့် ဥပမာတစ်ခုနဲ့ ရှင်းပြချင်ပါတယ်။ မြန်မာနိုင်ငံက လယ်သမားကြီး ဦးသိန်းမောင်ဆိုကြပါစို့၊ သူ့မှာ လယ်ယာပိုင်ဆိုင်မှုတွေရှိတယ်။ သို့သော် ရာသီအလိုက် စိုက်ပျိုးထားတာတွေ ရိတ်သိမ်းဖို့အတွက် ရိတ်သိမ်းခြွေလှေ့စက်တွေ ဝယ်ထားတယ်။ သူ့အနေနဲ့ ဝယ်ယူထားတဲ့ စက်တွေကို တစ်နှစ်မှာ နှစ်ကြိမ်စိုက်ပျိုးတဲ့ သီးနှံတွေအတွက် အသုံးပြုပါတယ်။ ကျန်တဲ့အချိန်မှာ စက်တွေကို ဒီအတိုင်းထားပါတယ်။

### Sharing ကို စတင်အသုံးပြုလာခြင်းဖြစ်

ဒီလိုအခြေအနေမျိုးမှာ လယ်သမားကိုဖိုးထောင်က လယ်သမားကြီး ဦးသိန်းမောင်မှာ စက်တွေရှိတာကို သိတယ်။ ကိုဖိုးထောင်အနေနဲ့ လယ်ယာမြေတွေရှိတယ်။ သူ့ရဲ့လယ်ယာမြေမှာ စိုက်ပျိုးတဲ့အခါ အသုံးပြုဖို့အတွက် စက်တွေကို မဝယ်ယူဘဲ၊ ငှင်းအစား လယ်သမားကြီး ဦးသိန်းမောင်စီကနေ ငှားရမ်းအသုံးပြုဖို့ ကြိုးစားပါတယ်။ ဒါက Sharing ကို စတင်အသုံးပြုလာခြင်း ဖြစ်ပါတယ်။

ဒါပေမယ့် ကိုဖိုးထောင်အနေနဲ့ ဒီထက်တစ်ဆင့်ပိုပြီး အသုံးပြုချင်တာက သူ့လို လိုအပ်နေတဲ့ တခြားလယ်သမားတွေကို ဒီလိုစက်မျိုးအသုံးပြုနိုင်ဖို့နဲ့ လယ်သမားကြီး ဦးသိန်းမောင်ကဲ့သို့ စက်တွေပိုနေတဲ့ လယ်သမားကြီးတွေအတွက် ကြားကနေ ဝန်ဆောင်မှုပေးချင်တာဖြစ်ပါတယ်။ စက်တွေပိုနေတဲ့ လယ်သမားတွေဆီကနေ စက်တွေကို ပိုက်ဆံပေးငှားရမ်းပြီး လိုအပ်နေတဲ့ လယ်သမားတွေအတွက် ဝန်ဆောင်မှုပေးတဲ့စနစ်မျိုးဖြစ်ပါတယ်။

ဒါကို မြန်မာနိုင်ငံမှာ အိုးဝေ(Oway)၊ Grab စတဲ့ တက္ကစီအငှားယာဉ်လုပ်ငန်းတွေမှာ Sharing Economy ကို တွေ့နေရပါပြီ၊ အားလုံးမြင်သာဖို့အတွက် စိုက်ပျိုးရေးကဏ္ဍကနေ ဥပမာပေးခဲ့ခြင်း ဖြစ်ပါတယ်။

Sharing လို့ပြောတဲ့အခါ ရုံးအဆောက်အအုံတွေ၊ စက်ပစ္စည်းယန္တရားတွေ၊ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ပိုနေတဲ့ အရင်းအမြစ်တွေကို မိမိသာမက တခြားသူတွေကိုလည်း ဒါတွေကို ဝေမျှရောင်းချခြင်း၊ တခြားသူတွေကလည်း ပိုနေတာတွေကို စနစ်တစ်ခုထဲမှာထည့်ပြီး ပိုမိုရောင်းချနိုင်တယ်ဆိုရင် စီးပွားရေးရဲ့အသုံးချမှုက ပိုမိုထိရောက်မှုရှိပါတယ်။ အရေးကြီးဆုံးက ပြည်တွင်းမှာ အလုပ်အကိုင်နဲ့ ဈေးမျှတပြီး တန်ဖိုးရှိတဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေရရှိနိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်က Sharing Economy ၏ အခြေခံသဘောတရားဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ Sharing Economy နဲ့ပတ်သက်ပြီး ဦးနေအောင်ရဲ့အမြင်ကို ဆွေးနွေးပေးပါဦး။

**ဦးနေအောင်။** ။ Sharing Economy ဆိုတာ နာမည်အတိုင်းပါပဲ မိမိမှာရှိတဲ့ ပစ္စည်းတွေကို ဝေမျှအသုံးပြုတာပါ။ မိမိမှာ အိမ်တွေရှိတယ်ဆိုရင် တစ်နှစ်သို့မဟုတ် တစ်လငှားရမ်းပေးတယ်။ ဒီလိုပဲ မိမိမှာမော်တော်ယာဉ်တွေအများကြီးရှိပြီး ပိုနေတယ်ဆိုရင် ပြန်ပြီးငှားလို့ရပါတယ်။ တစ်ချိန်တည်းမှာ အချိန်ပိုတွေရှိလာတယ်။ ဒါတွေကို တခြားလုပ်ငန်းတွေမှာ အချိန်ပိုင်းအနေနဲ့ ဝင်ရောက်လုပ်ကိုင်ပြီး မိမိတတ်ကျွမ်းနားလည်တဲ့ Expertise ကို Sharing လုပ်လာကြပါတယ်။



ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်တွင် ရောဝတီဘဏ်၏ ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းဆိုင်ရာ အုပ်ချုပ်မှုဒါရိုက်တာ ဦးချစ်ထွန်းဖေနှင့် Oway Group ၏ ဥက္ကဋ္ဌ ဦးနေအောင်တို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

အခုက ဂလိုဘယ်မှာဖြစ်နေတာက ပေါက်မြောက်အောင်မြင်နေတဲ့ဈေးအကြီးဆုံးဖြစ်တဲ့ Auto Sharing ဆိုတဲ့ မော်တော်ကား sharing ပါ။ မိမိမှာရှိနေတဲ့ကားတွေ၊ ပိုနေတဲ့ကားတွေ ပြန်ငှားကြတာပါ။ နောက် မိမိမှာ ဝင်ငွေအပိုရှိနေတယ်ဆိုပါစို့၊ မိမိက ဘဏ်တစ်ခု ပြန်ဖြစ်သွားပါတယ်။ ဘဏ်ရဲ့ အဓိကလုပ်ငန်းက ငွေချေးပေးတာဖြစ်ပါတယ်။ ဒီလိုမျိုး ပလက်ဖောင်းတွေရှိလာတဲ့အခါ မိမိမှာ ပိုနေတဲ့ငွေတွေကို ပြန်ချေးပေးတာရှိလာတယ်။ ဒါက မိမိမှာရှိတဲ့ အရင်းအမြစ်တွေကို ပြန်ပြီးအသုံးချပေးတာပါ။

နောက်တစ်ဆင့်က ဒစ်ဂျစ်တယ်အင်တာနက်နဲ့ ဘယ်လိုမျိုးပြန်ပြီးကိုက်ညီလဲဆိုတာကို စဉ်းစားရပါမယ်။ တကယ့် အင်တာနက်ရဲ့ အဓိကအချက်က ဘာလုပ်ပေးလဲဆိုရင် အင်တာနက်က လူတွေအများကြီးကို ဈေးနှုန်းသက်သက်သာသာနဲ့ ထိရောက်အောင်လုပ်ပေးတာပါ။ အင်တာနက်ကနေ လူတွေအများကြီးက ဈေးနှုန်းသက်သက်သာသာနဲ့ ကြည့်လို့ရတယ်။ ဒီဘက်မှာ မိမိရဲ့ ပိုနေတဲ့ ပစ္စည်းတွေရှိတယ်၊ ဝန်ဆောင်မှုတွေရှိတယ် ဒီနှစ်ခုကို ချိတ်ဆက်လိုက်တဲ့အခါမှာ Sharing Economy ဆိုတာ ဖြစ်လာတာပါ။

ဒါပေမယ့် ဘာကိုပြန်ခက်လာလဲဆိုတော့ ဥပမာ–ဟိုတယ်တစ်ခုမှာ ဝန်ဆောင်မှုအမျိုးမျိုးရှိပေမယ့် မိမိအနေနဲ့ တစ်ရက် သို့မဟုတ် နှစ်ရက် သွားရောက်ငှားရမ်းတဲ့အခါမှာ ဘယ်ဟိုတယ်က ဘယ်လိုမျိုး ဝန်ဆောင်မှုမျိုးရှိပြီး မိမိတို့ ငှားရမ်းမှုလိုတဲ့ပုံစံနဲ့ ကိုက်ညီမှု ရှိ၊ မရှိဆိုတဲ့ အခက်အခဲတစ်ခုရှိလာပါတယ်။ ဒါကို ဖြည့်ဆည်းပြီး ချိတ်ဆက်ဆောင်ရွက်ပေးမယ့် Market Place ဆိုတဲ့ ပလက်ဖောင်းတစ်ခု ပေါ်ပေါက်လာပါတယ်။

ဒါက အိမ်တစ်လုံး ငှားရမ်းလိုတဲ့အခါ သူတို့ကနေပြီး အိမ်ငှားရမ်းပေးမယ့်သူရဲ့ အိမ်ပုံစံ ဓာတ်ပုံတွေ၊ အချက်အလက်တွေကို တောင်းယူပြီး ဒါတွေက အမှန်တကယ်ဟုတ်၊ မဟုတ်ဆိုတာကို လိုက်လံစစ်ဆေးပါတယ်။ ဒီလိုစစ်ဆေးပြီး မှန်ကန်တယ်ဆိုရင် လာရောက်နေထိုင်မယ့်သူတွေရဲ့ အချက်အလက်တွေကို အိမ်ပိုင်ရှင်တွေကို ပြသပြီး နှစ်ဦးနှစ်ဖက်အဆင်ပြေအောင် ညှိနှိုင်းဖြေရှင်းပေးတဲ့ဝန်ဆောင်မှုကို ဆောင်ရွက်ပေးပါတယ်။

ဒီလိုမျိုးဆောင်ရွက်ပေးတဲ့ လုပ်ငန်းတွေအနေနဲ့ မော်တော်ကားအငှားဝန်ဆောင်မှု၊ အိမ်အငှားဝန်ဆောင်မှု စတဲ့ အောင်မြင်တဲ့ လုပ်ငန်းတွေအနေနဲ့ရှိပါတယ်။ ဒါပေမယ့် ဒီလုပ်ငန်းတွေက Limited မဖြစ်နေပါဘူး။ ဒီဘက်က အင်တာနက်နဲ့ မိမိမှာရှိနေတဲ့ ပစ္စည်းတွေနဲ့ ပေါင်းလိုက်ရင် Sharing Economy ဆိုတာ ဖြစ်လာပါတယ်။

**အစီအစဉ်မှူး။** ။ တစ်ကမ္ဘာလုံးမှာဖြစ်ပေါ်နေတဲ့ Sharing Economy ရဲ့အကြောင်းနဲ့ အနာဂတ်မှာ Sharing Economy ရဲ့ အရေးပါမှုတွေကို ဦးချစ်ထွန်းဖေက ဆွေးနွေးပေးပါဦး။

**ဦးချစ်ထွန်းဖေ။** ။ လက်ရှိ ခန့်မှန်းထားတာက ၂၀၂၅ ခုနှစ်အထိမှာ Sharing Economy စုပေါင်းဝေငှဆောင်ရွက်တဲ့စီးပွားရေးစနစ်က အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၃၅ သန်းအထိ ကြီးမားတဲ့ပမာဏရှိမယ်လို့ ခန့်မှန်းထားကြပါတယ်။ အမေရိကန်လိုနိုင်ငံမျိုးမှာ လူဦးရေသန်းပေါင်း ၈၀ ကျော်လောက်အထိ Sharing Economy ကို အခု ၂၀၂၁ ခုနှစ်မှာ စတင်သုံးစွဲနေကြတာကို သုတေသန အချက်အလက်တွေအရ သိကြရပါတယ်။

တစ်ကမ္ဘာလုံးသာမက အခု မြန်မာနိုင်ငံမှာလည်း ရောက်ရှိနေပါပြီ။ အခုဆိုရင် Oway တို့၊ Grab တို့နဲ့ အခြားကုန်စည်တွေဆိုရင် ဒီပလက်ဖောင်းတွေကို သုံးစွဲနေပြီဖြစ်ပါတယ်။ မိမိရဲ့ရုံးနေရာကို ရေရှည်ငှားစရာမလိုဘဲ၊ လိုမှစားပွဲခုံယူပြီး ငှားလို့ရတယ်ဆိုတဲ့ စနစ်မျိုးတွေ ကျွန်တော်တို့နိုင်ငံမှာ ပေါ်နေပါပြီ။ ဒါက အနာဂတ်မှာ ဒီထက်ပိုပြီး သုံးစွဲမှုတွေ မြင့်လာမယ့်သဘောလို့ ကျွန်တော်ထင်ပါတယ်။

### ပိုမိုရောက်ရှိလာကြ

ဘာကြောင့် Sharing Economy က အနာဂတ်မှာ အရေးပါနိုင်သလဲဆိုတော့ နံပါတ်တစ်က ကိုဗစ်–၁၉ ဖြစ်ပွားတဲ့အခါမှာ လူတော်တော်များများက ဒစ်ဂျစ်တယ်၊ အင်တာနက်၊ ဖေ့စ်ဘွတ်တွေပေါ်ကို ပိုမိုရောက်ရှိလာကြပါတယ်။ ဘာပဲလုပ်လုပ် မိုလ်ဘိုင်းဖုန်းနဲ့ ဝယ်မယ်၊ ပေးမယ်။ ကျွန်တော်ထင်တယ် ၂၀၂၁ ခုနှစ်နောက်ပိုင်းမှာ ဒစ်ဂျစ်တယ်သုံးစွဲမှုက ပိုပြီးများပြားလာမှာ ဖြစ်ပါတယ်။

ဒီအခါမှာ Sharing Economy က ဘာအခွင့်အလမ်းတွေပေးသလဲဆိုတော့ တစ်ဖက်ကလည်း အရင်းအမြစ်တွေရှိနေတယ်။ ဒါကို ထိထိရောက်ရောက်နဲ့ ဝေမျှနိုင်ဖို့နဲ့ ပါဝင်တဲ့သူတွေအားလုံးအကျိုးကျေးဇူးရရှိဖို့ပါ။ အဓိကကျွန်တော်တို့နိုင်ငံမှာ နေထိုင်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေရဖို့ လိုအပ်ပါတယ်။ Sharing Economy ရဲ့ အားသာချက်တစ်ခုက ပြည်တွင်းမှာ ထိုက်သင့်တဲ့ အလုပ်အကိုင်တွေဖန်တီးပေးဖို့ ပါပါတယ်။

စနစ်တစ်ခုဖြစ်တဲ့အတွက် ဒါတွေအားလုံးကို ဘယ်သူက ရောင်းတယ်။ ဘယ်သူ့ကို ရောင်းတယ်။ ပွင့်လင်းမြင်သာမှုရှိတဲ့အတွက် ဒီစနစ်က Check and Balance လုပ်နိုင်မှာဖြစ်ပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေမှာ မျှတတဲ့ ပြိုင်ဆိုင်မှုဖြစ်လာပြီး အခွင့်အလမ်းသစ်တွေ ပေါ်လာနိုင်တဲ့ အနေအထား ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့အတွက် သုံးစွဲမှုအနေအထားက ပိုပြီးများပြားလာနိုင်ပါတယ်။

နောက်ပြီး ပြည်တွင်းလုပ်ငန်းရှင်တွေအတွက် အခွင့်အရေးတွေရလာနိုင်တယ်။ တချို့ဟာတွေမှာ ကျွန်တော်တို့က Crowd Funding၊ Crowd Sourcing လို့ခေါ်ပါတယ်။ ကျွန်တော်တို့က ငွေကြေးမတတ်နိုင်ဘူး၊ ပစ္စည်းတစ်ခုဝယ်ချင်တယ်။ စုပေါင်းပြီးဝယ်နိုင်တဲ့ စနစ်မျိုး၊ စုပေါင်းငွေချေးတဲ့စနစ်လိုမျိုးတွေ ဖြစ်လာပါတယ်။ အရင်က မရှိဘူးလားဆိုတော့ရှိပါတယ်။ ဒါပေမယ့် စနစ်တစ်ခုမရှိတဲ့အတွက် လိမ်သွားမှာ၊ သူ့ကိုစောင့်ကြည့်ရမှာရှိပါတယ်။ ဒီနေ့ခေတ်မှာ နည်းပညာတွေပေါ်လာပြီ ပိုမိုကောင်းမွန်တဲ့ ထိန်းကျောင်းတဲ့စနစ်တွေ ပါလာတဲ့အတွက် စုပေါင်းဆောင်ရွက်တဲ့ စနစ်တွေက Sharing Economy မှာ သုံးစွဲမှုပိုမိုများပြားလာမှာဖြစ်ပါတယ်။

### ကျွမ်းကျင်မှုတွေကို ရနိုင်

နောက်တစ်ခုအရေးကြီးတဲ့အပိုင်းက တီထွင်ကြံဆခြင်းဖြစ်ပါတယ်။ Sharing Economy မှာ Gig Economy လို့ခေါ်ပါတယ်။ ပစ္စည်းတွေ ရောင်းရုံမဟုတ်ပါဘူး။ လူတွေရဲ့ အစွမ်းအစ၊ အရည်အချင်း၊ ဥပမာ–ကွန်ပျူတာသမားတွေဆိုရင် ပရိုဂရမ်မာလိုမျိုး၊ စီမံခန့်ခွဲမှုနဲ့ပတ်သက်လို့ အကြံပေးတဲ့သူတွေ၊ စာရင်းအင်းပညာရှင်ဖြစ်မယ်။ ဒီလိုလူတွေက သူတို့ရဲ့ပိုနေတဲ့အချိန်ကို သူတို့ရတဲ့ လုပ်ငန်းတွေကအတွေ့အကြုံတွေကို ဒီလိုပလက်ဖောင်းတွေ၊ အွန်လိုင်းတွေကနေတစ်ဆင့် မျှဝေနိုင်ပါတယ်။ လူတွေရဲ့ ကျွမ်းကျင်မှုတွေကို ရနိုင်ပါတယ်။

ဈေးကြီးကြီးတွေနဲ့ လုပ်ရမယ့်အစား လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန်နဲ့ ရနိုင်ပါတယ်။ ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုဆိုရာမှာ လူတွေရဲ့ ဉာဏ်ရည်ဉာဏ်သွေးနဲ့ ပတ်သက်တဲ့ အတွေ့အကြုံတွေကို Sharing Economy မှာ ပလက်ဖောင်းပေါ်ကနေ ဝေမျှချင်တဲ့သူကလည်း ဝေမျှနိုင်ပါတယ်။ ဒါကို ဒီနေ့ခေတ်သင်ကြားမှုတွေမှာ အများကြီး တွေ့နေရပါတယ်။

Marketing ဆရာတွေ၊ ဒစ်ဂျစ်တယ်နည်းပညာနဲ့ ပတ်သက်တဲ့ပုဂ္ဂိုလ်တွေ၊ Management နဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေရဲ့ အွန်လိုင်းကနေ သင်ကြားမှုတွေကို လွယ်လွယ်ကူကူနဲ့ ကိုယ်သိတဲ့အရာကို မျှဝေပြီး ပိုက်ဆံရှာလို့ရသလို သူများရဲ့သင်ကြားမှုကို ကျွန်တော်တို့က သက်သက်သာသာနဲ့ ဒစ်ဂျစ်တယ်ပေါ်ကနေ သင်ကြားလို့ရပါတယ်။

### လုပ်ဆောင်လာကြ

ဒါတွေက Sharing Economy ရဲ့ အစိတ်အပိုင်းတွေဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပညာရေးကို ဦးစားပေးကြတဲ့သူတွေ များတဲ့အတွက်ကြောင့် Sharing Economy လို့ပြောရင် ကုန်ပစ္စည်းတွေသာမက ဒါတွေကို လုပ်ဆောင်လာကြပါတယ်။ အနာဂတ်ကို တွေးထားတာက တီထွင်ကြံဆမှုတွေ၊ ပြည်တွင်းမှာ အလုပ်အကိုင်ဖန်တီးမှုတွေ၊ ပညာရပ်ပိုင်းဆိုင်ရာတွေကို အသုံးချပြီး ဥပမာ – Uber နဲ့ Grab တို့က နိုင်ငံပေါင်း ၈၀ ကျော်လောက်မှာ Operate လုပ်ပါတယ်။

မြန်မာနိုင်ငံအတွင်းသာမက အာဆီယံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ စတဲ့ ဒေသတွင်းနိုင်ငံတွေနဲ့ပါ ချိတ်ဆက်ထားတဲ့ Value Chain တန်ဖိုးရှိတဲ့အရာကို အသုံးချပြီး Sharing Economy ကို တစ်စိတ်တစ်ဒေသအနေနဲ့ ပြည်တွင်းစီးပွားရေးတွေကို ဖန်တီးနိုင်မယ့် အနာဂတ်မျိုးလို့ ကျွန်တော်ထင်ပါတယ်။

အနာဂတ်မှာ တစ်ကမ္ဘာလုံးနဲ့ပတ်သက်တဲ့ အခွင့်အလမ်းတွေဖြစ်သလို မြန်မာနိုင်ငံအတွက် နည်းပညာတွေနဲ့အတူ ပွင့်လင်းလာပြီး အထူးသဖြင့် အသေးစား၊ အလတ်စားလုပ်ငန်းရှင်တွေအတွက် ပိုမိုကောင်းမွန်တဲ့ ချမ်းသာမှုကို ဖော်ဆောင်ပေးနိုင်တဲ့ အရာတွေထဲမှာ Sharing Economy က တစ်ခုအပါအဝင်ဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်။

**အစီအစဉ်မှူး။** ။ ဒစ်ဂျစ်တယ်စီးပွားရေးနဲ့ ပတ်သက်ပြီး လက်တွေ့ကျတဲ့ ရှုထောင့်၊ အမြင်တွေကို ဆွေးနွေးပေးပါဦး။

**ဦးနေအောင်။** ။ အခုက မြန်မာနိုင်ငံမှာ Sharing Economy တစ်ခုကို အောင်မြင်အောင် ဘယ်လိုထမ်းဆောင်မလဲ၊ အချိန်တစ်ခုသတ်မှတ်ပြီး ဒီနှစ်ကို ဘယ်လိုလုပ်မယ်၊ နောင်နှစ်ကို ဘယ်လိုလုပ်မယ်၊ ဘယ်လိုအခက်အခဲတွေဖြစ်တတ်သလဲဆိုတော့ ကျွန်တော်တို့မှာ အလားအလာရှိပါတယ်။ တကယ်လုပ်ဆောင်ရာမှာက ဘယ်လိုအခက်အခဲတွေ ဖြစ်လာနိုင်သလဲဆိုတာ ဖြစ်ပါတယ်။

e–Commerce အကြောင်း နည်းနည်းပြောချင်ပါတယ်။ Trend က အတူတူပါ။ အခုက ဘယ်လိုဖြစ်နေသလဲဆိုတော့ အင်တာနက်က လူတွေအများကြီးအထိ ပျံ့နှံ့နိုင်တယ်။ ဝန်ဆောင်မှုတွေ ပေးနိုင်တယ်။ ဈေးရောင်းချမှုတွေလည်း ဖြစ်လာနိုင်တယ်။ ငွေပေးချေမှုတွေကလည်း ပေါ်လာတယ်။ အခုထိ အခက်အခဲဖြစ်နေတာက ယုံကြည်စိတ်ချမှု၊ ပွင့်လင်းမြင်သာမှု ဒါတွေက အရေးကြီးနေပါတယ်။

စာမျက်နှာ ၁၆ သို့ *




## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ COVID-19 Antigen Test Kit များ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၆**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ကိုရီးယားသမ္မတနိုင်ငံ အခြေစိုက် KYOBO Life Insurance မှ COVID-19 Antigen Test Kit များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဧဝကလမ်း အမှတ်(၅)ရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်**

ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ Deputy Chief of Mission / Minister Counsellor Mr. Hahm Jeonghan တို့က အမှာစကားပြောကြားပြီး KYOBO Life Insurance မှ Mr. Songchul Yoon က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းထံ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ Deputy Chief of Mission /Minister Counsellor Mr. Hahm Jeonghan နှင့် KYOBO Life Insurance မှ Mr. Songchul Yoon တို့က COVID-19 Antigen Test Kit များ ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ COVID-19 Antigen Test Kit များ ပေးအပ်လှူဒါန်းရာတွင် KYOBO Life Insurance မှ အမေရိကန်ဒေါ်လာ ၃၇၀၀၀ နှင့်ညီမျှသော COVID-19 Antigen Test Kits အခု ၅၀၀၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-ဇော်မင်းလတ်**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၁၅၇၉၆၄၁ | ၁၂၈၆၂၂၁၆ | ၃၆၅၆၆၄ |
| ၂။ | အိန္ဒိယ | ၁၀၃၇၅၄၇၈ | ၉၉၉၇၂၇၂ | ၁၅၀၁၅၁ |
| ၃။ | ဘရာဇီး | ၇၈၁၂၀၀၇ | ၆၉၆၃၄၀၇ | ၁၉၇၇၇၇ |
| ၄။ | ရုရှား | ၃၃၀၈၆၀၁ | ၂၆၈၅၇၂၃ | ၅၉၉၅၁ |
| ၅။ | ဗြိတိန် | ၂၇၇၄၄၇၉ | စိစစ်ဆဲ | ၇၆၃၀၅ |
| ၆။ | ပြင်သစ် | ၂၆၈၀၂၃၉ | ၁၉၇၅၀၃ | ၆၆၂၈၂ |
| ၇။ | တူရကီ | ၂၂၇၀၁၀၁ | ၂၁၅၅၃၃၈ | ၂၁၈၇၉ |
| ၈။ | အီတလီ | ၂၁၈၁၆၁၉ | ၁၅၃၆၁၂၉ | ၇၆၃၂၉ |
| ၉။ | စပိန် | ၁၉၈၂၅၄၄ | စိစစ်ဆဲ | ၅၁၄၃၀ |
| ၁၀။ | ဂျာမနီ | ၁၈၁၄၅၆၅ | ၁၄၅၁၀၀၀ | ၃၇၁၈၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၇၈၈၄၀၂ | ၆၅၂၅၁၃ | ၂၃၂၉၆ |
| ၂။ | ဖိလစ်ပိုင် | ၄၈၀၇၃၇ | ၄၄၈၇၀၀ | ၉၃၄၇ |
| ၃။ | မြန်မာ | ၁၂၈၁၇၈ | ၁၁၁၄၀၁ | ၂၇၈၅ |
| ၄။ | မလေးရှား | ၁၂၅၄၃၈ | ၁၀၀၅၇၈ | ၅၁၃ |
| ၅။ | စင်ကာပူ | ၅၈၇၈၀ | ၅၈၅၁၇ | ၂၉ |
| ၆။ | ထိုင်း | ၉၃၃၁ | ၄၄၁၈ | ၆၆ |
| ၇။ | ဗီယက်နမ် | ၁၅၀၅ | ၁၃၅၃ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၃၈၃ | ၃၆၂ | ၀ |
| ၉။ | ဘရူနိုင်း | ၁၇၂ | ၁၄၉ | ၃ |
| ၁၀။ | လာအို | ၄၁ | ၄၀ | ၀ |

✻ စာမျက်နှာ ၁၅ မှ

ဒါတွေကို ပိုပြီးလွယ်လွယ်ကူကူဖြစ်အောင် ဘယ်လိုလုပ်ကြမလဲ။ ဒါက အရေးကြီးတဲ့ တစ်ခုဖြစ်နေပါတယ်။ e-Commerce နောက်ပိုင်းမှာ ဝယ်တဲ့ဘက်မှာရော၊ ရောင်းတဲ့ဘက်မှာပါ အခက်အခဲတော်တော်များများကို တွေ့ရပါတယ်။ ဒါက မြန်မာနိုင်ငံ သာမက နိုင်ငံတိုင်းမှာ ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းတစ်ခုက Register မလုပ်ထားလို့ဖြစ်ဖြစ်၊ ဘယ်သူက ရောင်းတယ်ဆိုတာ မသိထားလို့ဖြစ်ဖြစ် အခက်အခဲဖြစ်တတ်တာမျိုးတွေ ရှိပါတယ်။

Industry တစ်ခုပေါ်လာဖို့ဆိုရင် Role တစ်ခု လိုအပ်ပါတယ်။ နှစ်ဖက်စလုံးအတွက် ညီမျှတဲ့ Regulation တစ်ခု လိုအပ်ပါတယ်။ အစိုးရဘက်က ဘယ်လိုထိန်းကျောင်းမှုတွေလုပ်မလဲ။ ဒီလိုမဟုတ်ရင် ကိုယ်တိုင် ဘယ်လိုထိန်းကျောင်း ဆောင်ရွက်မလဲ။ ဒီလိုလုပ်ခြင်းဖြင့် ယုံကြည်စိတ်ချမှုတွေ ပိုများလာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုယုံကြည်စိတ်ချမှုတွေ မရှိရင် အလုပ်တွေက မအောင်မြင်နိုင်ပါဘူး။

Over Regulation ဖြစ်နေရင် Industry တိုးတက်ဖို့ ခက်ခဲနိုင်သလို Under Regulation ဖြစ်နေရင် Industry အတွက် တိုးတက်သင့်သလောက် မတိုးတက်ဘဲဖြစ်တတ်ပါတယ်။ ဒါက အစိုးရအနေနဲ့ ထိန်းကျောင်းပေးဖို့ လိုတာက နှစ်ဖက်စလုံး Transparent ရှိရှိ အလုပ်လုပ်နိုင်ဖို့နဲ့ စနစ်တွေရှိဖို့လိုပါတယ်။

ဥပမာ-တစ်ရက်ကို အခု ၁၀၀ ရောင်းရတယ်။ ဝန်ဆောင်မှုတွေလည်း ပေးနိုင်တယ်။ ဒါပေမယ့် တစ်ခု၊ နှစ်ခုလောက် ဆုံးရှုံးနစ်နာမှုတွေဖြစ်သွားရင် အဲဒီစီးပွားရေးအကုန်လုံးက အခက်အခဲ ဖြစ်သွားတာမျိုး ရှိတတ်ပါတယ်။ အလားအလာလည်း ရှိနေပါတယ်။

အဓိက Sharing Economy ဆိုတာက လူတိုင်း၊ လူတိုင်း ဘယ်သူမဆို ကိုယ်က အကုန်မသုံးဘူး။ အထူးသဖြင့် ကားဆိုရင် ဝယ်မှာလား၊ ခဏပဲငှားသုံးမှာလား ဒီလိုအတွေ့အကြုံတွေဖြစ်လာပါတယ်။ မြန်မာနိုင်ငံမှာ တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ ဝန်ဆောင်မှုတွေ ပိုပြီးပေးနိုင်မယ်ဆိုရင် Private Economy နဲ့ Market Place မှာ တကယ်လုပ်ဆောင်နေတဲ့သူတွေရော၊ အစိုးရရော အားလုံးအတူတူတွဲပြီး လုပ်ဆောင်လိုက်မယ်ဆိုရင် အောင်မြင်မှု ပိုပြီးမြန်ဆန်လာတာကို တွေ့ရပါတယ်။ အခုအခြေအနေဆိုရင်ပိုပြီး အလားအလာကောင်းတာကို မြင်တွေ့ရပါတယ်။ ကျေးဇူးတင်ပါတယ်။

## ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် သင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဇန်နဝါရီ ၆**
နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံတွင် ပြစ်ဒဏ်ကျခံပြီးဖြစ်သည့် ထိန်းသိမ်းခံမြန်မာနိုင်ငံသား ၆၁ ဦးအပါအဝင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စုစုပေါင်း ၁၇၄ ဦးအား ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(အောက်ပုံ)**

ထို့ပြင် စင်ကာပူနိုင်ငံတွင် စာချုပ်သက်တမ်းကျော်လွန်၍ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၇၄ ဦးအား စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား လုပ်ငန်းရှင်များအဖွဲ့ချုပ်(MSESF)တို့က ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၇ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။



၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ၊ သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် သင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်းသိကောင်းစရာ အမေး၊ အဖြေ အစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၆**
ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ကာလအတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လည်ပတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြည်သူကို အသိပညာမျှဝေပေးမည့် “ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်းသိကောင်းစရာ အမေး/အဖြေအစီအစဉ်”ကို နိုဝင်ဘာ ၂၅ရက်မှစ၍ အပတ်စဉ်ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီ မိနစ် ၃၀ မှ ည ၇ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသလျက်ရှိသည်။

ဇန်နဝါရီ ၇ ရက် (ကြာသပတေးနေ့) ညနေတွင် Sharing Economy အသုံးပြုရာတွင် လိုက်နာသင့်သည့် အချက်များနှင့် နယ်ပယ်အသီးသီးရှိ Digital Platform အခွင့်အလမ်းများနှင့်ပတ်သက်ပြီး ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အစီအစဉ်အား Myanandar Residence Hotel & Yankin Heights Restaurant ၏ Executive Director ဦးသော်ဇင်အောင်ကြီးနှင့် (ကုန်စည်၏ Co-founder and CEO) ဒေါ်ဇာဖြူတင့်လွင်တို့က ဆွေးနွေးကြမည်ဖြစ်ရာ ၎င်းဆွေးနွေးချက်များကို ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုဗစ်-၁၉ ကောက်နုတ်ချက်နှင့် ထုတ်ပြန်ချက်



## ပြည်သူ့အကျိုးပြု ကိစ္စရပ်တွေ



လုပ်နည်းလုပ်ဟန်အရ စနစ်ဟောင်းကို လမ်းခွဲပြီး ပြည်သူ့အကျိုးပြုကိစ္စရပ်တွေထဲမှာ လမ်းပန်းဆက်သွယ်ရေး အပါအဝင် အခြေခံအဆောက်အအုံ ကောင်းမွန်အောင် တည်ဆောက်မှုတွေနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လျှပ်စစ်မီးလင်းရေးကိစ္စတွေလည်း ပါဝင်ပါတယ်။

ကျွန်မတို့ အစိုးရတာဝန်ယူချိန်မှာ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိနိုင်မှု (၃၄ ရာခိုင်နှုန်း)ပဲ ရှိခဲ့ပါတယ်။ ဒီကနေ့ဒီအချိန်မှာတော့ တစ်နိုင်ငံလုံးရဲ့ (၅၇ ရာခိုင်နှုန်း) နီးပါးရရှိနေပြီဖြစ်ပြီးတော့ ၂၀၂၅ ခုနှစ်မှာ တစ်နိုင်ငံလုံးရဲ့ (၇၅ ရာခိုင်နှုန်း)၊ ၂၀၃၀ ပြည့်နှစ်မှာ တစ်နိုင်ငံလုံး (၁၀၀ ရာခိုင်နှုန်း) ကျော်ရရှိလာအောင် ဆက်လက်ကြိုးပမ်းသွားမှာဖြစ်ကြောင်း အသိပေးလိုပါတယ်။

ဒါ့အပြင် လူတိုင်း လက်လှမ်းမီနိုင်တဲ့ ကျန်းမာရေး လွှမ်းခြုံမှု (Universal Health Coverage) ဆိုတာကလည်း ကျွန်မတို့ ကတိကဝတ်ပြုထားခဲ့တာပါ။ ရှေ့လာမယ့် (၅) နှစ်တာအတွင်းမှာ လိုအပ်တဲ့ဆေးဝါးပစ္စည်းတွေ၊ ကျန်းမာရေးအထောက်အကူ ပစ္စည်းတွေကို ပြည်တွင်းမှာပဲ ထုတ်လုပ်နိုင်ဖို့၊ နိုင်ငံတကာအဆင့်မီဆေးရုံတွေ၊ ဆေးခန်းတွေနဲ့ ဝန်ဆောင်မှုပေးနိုင်ဖို့၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ နည်းပညာတွေ တိုးတက်မြင့်မားလာဖို့၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုအဆင့်မြှင့်တင်ပြီး ပြည်ပထွက်ငွေ လျှော့ချနိုင်ဖို့အတွက် ကျန်းမာရေးအထောက်အကူပြုလုပ်ငန်းနယ်ပယ်မှာ ရင်းနှီးမြှုပ်နှံမှုတွေ တစ်ရှိန်ထိုးတိုးတက်လာဖို့ အထူးအစီအမံတွေ ချမှတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၁-၂၀၂၁ ရက်နေ့ နိုင်ငံတကာနှစ်သစ်ကူး အထိမ်းအမှတ် အခါသမယတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ဇန်နဝါရီ ၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၅၉၆ ဦး တွေ့ရှိ

### COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၆-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၅-၁-၂၀၂၁) ရက်နေ့ ည (၈:၀၀) နာရီမှ (၆-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၇,၂၇၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၉၆) ဦး** တွေ့ရှိရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၆-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၆၄၈) ခု | (၅၂) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၄၉၄) ခု | (၈၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၃၇၇) ခု | (၄၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၁၅၀) ခု | - |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၅၃၃) ခု | (၁၀) ဦး |
| ဆေးတက္ကသိုလ် (၁) (ရန်ကုန်) | (၇၂) ခု | (၁၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၅၈) ခု | (၉) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၄၁) ခု | (၁) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၈၀) ခု | (၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၁) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၀၄) ခု | (၁၀၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၄၂၉) ခု | (၂၆၉) ဦး |
| **စုစုပေါင်း** | (၁၇,၂၇၉) ခု | (၅၉၆) ဦး |

COVID-19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း (test positivity rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | ၂၈-၁၂-၂၀ | ၂၉-၁၂-၂၀ | ၃၀-၁၂-၂၀ | ၃၁-၁၂-၂၀ | ၁-၁-၂၁ | ၂-၁-၂၁ | ၃-၁-၂၁ | ၄-၁-၂၁ | ၅-၁-၂၁ | ၆-၁-၂၁ |
|---|---|---|---|---|---|---|---|---|---|---|
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၃.၄ | ၃.၄ | ၃.၅ | ၃.၇ | ၂.၆ | ၃.၆ | ၄.၁ | ၃.၅ | ၃.၃ | ၃.၅ |

မှတ်ချက်။ COVID-19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။
(၂၈-၁၂-၂၀၂၀) ရက်နေ့မှ (၆-၁-၂၀၂၁) ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာအရေအတွက်မှာ အနည်းဆုံး (၁၅,၇၃၅)ခုမှ အများဆုံး(၂၄,၀၀၇)ခုအထိဖြစ်ပြီး ပျမ်းမျှအရေအတွက်မှာ (၁၈,၁၆၃) ခု ဖြစ်ပါသည်။

*** ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် ပါးစပ်နှင့် နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားစီမံချက် (mask and face shield campaign) ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံး ထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။**

မြန်မာနိုင်ငံတွင် COVID-19 လူနာ ဖြစ်ပွား၊ သေဆုံးမှု အခြေအနေ
(၆-၁-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၇,၂၇၉) ဦး | (၁,၉၂၁,၆၆၈) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၅၉၆) ဦး | (၁၂၈,၁၇၈) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၅၉၆) ဦး | (၁၁၁,၄၀၁) ဦး |
| သေဆုံးလူနာ | (၁၉) ဦး | (၂,၇၈၅) ဦး |

- ယနေ့ သေဆုံးသူ (၁၉) ဦးအနက် ရောဂါအခံရှိသူ (၁၅) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါကုသရေး ဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၅၉၆) ဦးတွင် -
  - ဆေးရုံများ - (၄၀၈) ဦး
  - COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) - (၁၈၈) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သဖြင့် အသွားအလာကန့်သတ်ထားရှိရာ နေရာများမှဆင်းခွင့်ပေးခဲ့ကာ နေအိမ်များတွင် ဆက်လက်၍ အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၅၉၉) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၆-၁-၂၀၂၁) ရက်နေ့၊ ညနေ (၆)နာရီ

၁။ (၂၃-၃-၂၀၂၀)ရက်နေ့မှ (၅-၁-၂၀၂၁) ရက်နေ့အထိ တွေ့ရှိရသော ဓာတ်ခွဲအတည်ပြုလူနာ (၁၂၇,၅၈၂) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၅-၁-၂၁) အထိ | ၂၃-၁၂-၂၀ | ၂၄-၁၂-၂၀ | ၂၅-၁၂-၂၀ | ၂၆-၁၂-၂၀ | ၂၇-၁၂-၂၀ | ၂၈-၁၂-၂၀ | ၂၉-၁၂-၂၀ | ၃၀-၁၂-၂၀ | ၃၁-၁၂-၂၀ | ၁-၁-၂၁ | ၂-၁-၂၁ | ၃-၁-၂၁ | ၄-၁-၂၁ | ၅-၁-၂၁ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (က) | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁ | [illegible] | ၄,၄၁၉ | ၁၉ | ၅ | ၄၂ | ၁၇ | ၂၈ | ၇ | ၈ | ၂၃ | ၄ | ၆ | ၂၂ | ၁၀ | ၁၇ | ၁၆ |
| ၂ | ကမာရွတ် | [illegible] | ၂၀ | ၉ | ၃ | ၂၄ | ၉ | ၃ | ၁၂ | ၆ | ၇ | ၅ | ၁၀ | ၁၅ | ၃ | ၁၈ |
| ၃ | ဒဂုံမြို့သစ် (တောင်ပိုင်း) | [illegible] | ၁၂ | ၁၄ | ၆ | ၁၉ | ၂ | ၁၃ | ၁၄ | ၈ | ၁၆ | ၁၄ | ၆ | ၅ | ၃ | ၁၆ |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

စာမျက်နှာ ၁၉ သို့ ❖

# ကိုဗစ်-၁၉ ထုတ်ပြန်ချက်



❖ စာမျက်နှာ ၁၈ မှ

| | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

မှတ်ချက်။ - (၅-၁-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါကူးစက်ဖြစ်ပွားခဲ့သော မြို့နယ်စုစုပေါင်း (၃၀၁) မြို့နယ်ရှိပြီဖြစ်ပါသည်။

- အထက်ဖော်ပြပါစာရင်းတွင် မပါဝင်သော မြို့နယ်များသည် ယနေ့အထိ COVID–19 ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိသော မြို့နယ်များဖြစ်ပါသည်။

* ခေတ္တခွဲအတည်ပြုလူနာ၏ နေရပ်မြို့နယ်အား စုံစမ်းဆဲဖြစ်ပါသည်။

အထက်ပါစာရင်းဇယားများကို ယခုကဲ့သို့ထားရှိ၍ပေးပို့သော တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပြည်သူ့ကျန်းမာရေးပညာရှင်များကို အထူးကျေးဇူးတင်ပါသည်။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၁) ဖြင့် **"သီရိသုဓမ္မမဏိဇောတဓရဘွဲ့"** ထိုက်တန်စွာ ချီးမြှင့်ပေးအပ်ခံရသည့် **ကျေးဇူးရှင် မခင် နိုင်မေတင် (လူမှုထူးချွန်ဒုတိယ)**ဆင့် အား များစွာ ဂုဏ်ယူ ဝမ်းမြောက်ပါ၍ နောင်တွင်လည်း မိသားစုနှင့်အတူ လူမျိုး ဘာသာ၊ သာသနာအကျိုး ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ရန် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**သား ဦးမျိုးသီဟ + ဒေါက်တာမြတ်စုလွင် မိသားစု**
**သား အာကာမျိုး + မဖြိုးဇာခြည်ဝင်း မိသားစု**
**သား အာကာဖြိုး၊ မြေး ဖြိုးဝေယံဟိန်း မိသားစု**
**၁၇/A၊ သုဓမ္မလမ်း၊ ရန်ကုန်။**

## အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)အရ
သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့်



### သီရိသုဓမ္မမဏိဇောတဓရဘွဲ့

တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရပါသော

### နိုင်မေတင် (လူမှုထူးချွန်ဒုတိယဆု)

ချစ်ခင်ပွန်း အား လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်
နောင်တွင်လည်း လူမျိုး ဘာသာ၊ သာသနာအကျိုးကို မိသားစုနှင့်အတူ
ကျန်းမာ၊ ချမ်းသာ၊ အေးချမ်းစွာ ထမ်းရွက်နိုင်ရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ဇနီး
မိနုနုဆွေ (Managing Director)
"ရွှေဂန္ဓဝင်" ဆောက်လုပ်ရေး
၁၇/A၊ သုဓမ္မလမ်း၊ ရန်ကုန်။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂၄/၅၊မြေကွက်အမှတ်-၁၃/ခ၊ဧရိယာ(၂၀'x၆၀')၊မြေကွက်တည်နေရာ(၁၃/ခ)၊သရဖီလမ်း၊(၅)ရပ်ကွက်၊ရွှေပြည်သာ ဦးမောင်အေး(CF-၁၀၉၅၉၆)အမည်ပေါက်၊ပါမစ်မြေအားအမည်ပေါက်ဦးမောင်အေး(CF-၁၀၉၅၉၆)ထံမှအရပ်ကတိစာချုပ်ဖြင့်ဝယ်ယူခဲ့ သူဦးကျော်ကျော်(SPTA-၀၃၈၅၇၅)မှပါမစ်မှုရင်းတွင်မိသားစုဓာတ်ပုံ၊ရွှေ့ပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်အိမ်ရာဆောက်လုပ်နေထိုင်ခွင့်မှုရင်းနှင့်မြေနေရာချထားပေးခံရသူများ၏မှီခိုသူများစာရင်းမိတ္တူတို့အားတင်ပြ၍ပါမစ်မစ်မစုံဖြင့်နှစ်(၆၀)မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။
ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းးလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၁ ခုနှစ်၊ (၇၃) နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ် ( ၁ / ၂၀၂၁ ) ဖြင့် **"သီရိသုဓမ္မမဏိဇောတဓရဘွဲ့"** ထိုက်တန်စွာ ချီးမြှင့်ပေးအပ်ခံရခြင်းသည့် **"နိုင်မေတင်"** (လူမှုထူးချွန်ဒုတိယ)ဆင့်အား များစွာ ဂုဏ်ယူမိပါကြောင်း၊ ၊ နောင်တွင်လည်း လူမှုအကျိုး သာသနာ့အကျိုး ဆတက်ထမ်းပိုးတိုး၍ထမ်းဆောင်ဆောင်နိုင် ပါစေရန် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဇားအောက်သာသနာ့ရိပ်သာ(ထန်လျင်၊ ကျောက်တန်း)
သံဖြူရေပ်အသင်းသူ/အသင်းသားများ

### ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၁ ခုနှစ်၊ (၇၃) နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ် ( ၁ / ၂၀၂၁ ) ဖြင့် **"သီရိသုဓမ္မမဏိဇောတဓရဘွဲ့"** ထိုက်တန်စွာ ချီးမြှင့်ပေးအပ်ခံရခြင်းအပေါ် **"နိုင်မေတင်"** (လူမှုထူးချွန်ဒုတိယ)ဆင့်အား များစွာ ဂုဏ်ယူမိပါကြောင်း၊ ၊ နောင်တွင်လည်း စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် လူမျိုး၊ ဘာသာ၊ သာသနာ-အကျိုး ပိုမိုဆောင်ရွက်နိုင်ရန် ဆုမွန်ကောင်း၊ တောင်း၊လိုက်ပါသည်။

ဒေါက်တာယုနွယ်ဝင်းမိသားစု (မှုံရွှေဖုလဲ)
ဦးအေးဆောင်း + ချစ်ညီမ ဒေါ်ခင်အန်းကြည် မိသားစု

### ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ် ( ၁ / ၂၀၂၁ ) ဖြင့် **"သီရိသုဓမ္မမဏိဇောတဓရဘွဲ့"** ထိုက်တန်စွာ ချီးမြှင့်ပေးအပ်ခံရခြင်းအပေါ် **"နိုင်မေတင်"** (လူမှုထူးချွန်ဒုတိယ)ဆင့်အား အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း၊ နောင်တွင်လည်း လူမျိုး ဘာသာ၊ သာသနာအကျိုး ပိုမို၍ မိသားစုနှင့် အတူ ထမ်းဆောင်နိုင်ရန် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဒေါ်လေး - ဒေါ်အေးသီ၊ ဒေါ်အေးမိုမိသားစု
ညီ - ဦးဇော်နိုင် + ဒေါ်ယဉ်သိန်း မိသားစု
သံဖြူဇရပ်

ထာ ဝ ရ ကု သိုလ် ရ ယူ ဖို့ သစ် ပင် စိုက် ပျိုး ထိန်း သိမ်း စို့

# ဂုဏ်ယူဝမ်းမြောက်မိပါသည်

၂၀၂၁ ခုနှစ် (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၁)ဖြင့် သာသနာတော်ချီးမြှင့်ထောက်ပံ့ခြင်းဆိုင်ရာ အမြင့်ဆုံး ဘွဲ့တံဆိပ်ဖြစ်သည့်

**"အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ"** ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရပါသော

၁၉၇၂/၇၃ အ.ထ.က(၂)ဗဟန်း(နန်းယန်)ကျောင်းသားဟောင်း

**ဒေါက်တာတင့်စိုးလင်း**

(မန်နေဂျင်းဒါရိုက်တာ၊ ပွင့်ကောင်းနှင့်ခင်နွဲ့ရီကုမ္ပဏီလီမိတက်၊ ရွှေပုစွန်ကုမ္ပဏီလီမိတက်)

နှင့်

**"သီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရပါသော

၁၉၉၅/၉၆ အ.ထ.က(၂)ဗဟန်း(နန်းယန်)ကျောင်းသားဟောင်း

**ဦးကျော်မင်းထွန်း**

(ဥက္ကဋ္ဌ၊ Hitachi Soe Electric & Machinery Co.,Ltd) တို့အား

အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးကိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၁၉၆၅-၂၀၂၀ အ.ထ.က(၂)ဗဟန်း(နန်းယန်)ကျောင်းမှ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများ

## အထူးဂုဏ်ယူဝမ်းမြောက်မှတ်တမ်းတင်ဂုဏ်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၁ဖြင့် **အဂ္ဂမဟာသီရိသုဓမ္မသီဂီ** ဒေါ်နီလာရွှေ၏ခင်ပွန်း ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏ နာယက၊ **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးညွန့်ငွေ** (ကြာငါးခိုင်သက်န်းတိုက်)အား ၁၃၈၃ခု၊ နတ်တော်လပြည့်ကျော်(၆)ရက်၊ ၂၀၂၂ခုနှစ် ဇန်နဝါရီလ(၄)ရက် (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ မင်္ဂလာအချိန်အခါသမယတွင် **မဟာသဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်အပ်နှင်းခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အမျိုးဘာသာ သာသနာတော်အကျိုးများကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်ချုပ်နှင့် အမှုဆောင်အဖွဲ့
ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး

ရွှေမှုန်းကြေး
အကြောပြေ လိမ်းဆေးဆီ
လေဖြတ်၊ လေငန်း၊ ဒူးနာ၊ ခါးနာ၊ အဆစ်အမျက်နာကျင်ကိုက်ခဲခြင်း၊
ကျိုးပေါင်းတက်ခြင်းများအတွက် အစွမ်းထက် မြန်မာ့တိုင်းရင်းဆေး
TMR 007115(9619)

### အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကွင်းအမှတ် (၁၉၄)၊ ဦးပိုင်အမှတ် (၁/ခ/၁၇)ဟု ခေါ်တွင်သော တောင်နှင့်မြောက် (၄၆ပေx၆၁ပေ)၊ အရှေ့နှင့် အနောက်(၁၇၅ပေ)ရှိ မြေကွက်ပေါ်မှ မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏ (အနောက်)ဘက်အခြမ်း၊ (အလျား ၆၁ ½ ပေx အနံ၆၀ပေ) အကျယ်ရှိ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ ယခုအခေါ်အမှတ် (၈/၁၁၆)၊ ယခင်အခေါ်ခြံအမှတ်(၄)ဟု ခေါ်တွင်သော မြေနှင့် ယင်းမြေကွက်ပေါ်ရှိ မြေကွက်အတွင်းသို့ ဝင်ရာအလျား (၁၀)ပေလမ်းနှင့်အနံ (၁၁၅)ပေခန့် လမ်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ဒေါ်အေးသန်း အမည်ပေါက်ပြီး ဒေါ်အေးသန်းမှ "(၁၄-၉-၂၀၀၆)ရက်စွဲပါ မေတ္တာသက်သက်ဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်"အရ ရောင်းသူမှ လက်ရှိ ပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေ ဦးဟိန်းထက်ထွန်း [၁၂/အစန(နိုင်) ၂၁၄၃၄၈] မှ အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေကွက်အရောင်း အဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ကာလ အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုစုငြိမ်း LL.B.,D.B.L.,D.I.L
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၂၈၉
အမှတ်(၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁

### ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ် စီမံကိန်း၊ ကွင်းအမှတ်(၀၃)အုပ်စုအမှတ်(RA-3)၊ အကွက်အမှတ်(တ-၀၆)မြေကွက်အမှတ်(၀၃၁၅)ဧရိယာ(၁၀၀'x၁၀၀')ရှိသည့် ဒေါ်ချိုချိုမာ(၁၂/တတန(နိုင်)၀၈၇၇၉၉) အမည်ပေါက်ယာယီမြေပေးမိန့်အမျိုးအစားမြေကွက် အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ပါမြေကွက်ကိုယာယီမြေပေးမိန့်အမှတ်(၂၄၃၅/၂၀၂၀)တွင်တရားဝင် အမည်ပေါက်သူ-ဒေါ်ချိုချိုမာ(၁၂/တတန(နိုင်)၀၈၇၇၉၉)ကအရှုပ်အရှင်း ကင်းရှင်းစွာလက်ရှိထားပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိပါကြောင်းဝန်ခံကတိပြုသည့်အတွက်ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင် ဝယ်ယူရန်(စရန်ငွေ)များပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သတ်၍ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၁၄)ရက်အတွင်းတိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများ နှင့်တကွလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည် အထိကန့်ကွက်မည့်သူမရှိပါကအထက်ပါယာယီမြေပေးမိန့်မြေကွက်အရောင်း အဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

( လွှဲအပ်ညွှန်ကြားချက်များအရ )

ဦးသန့်ဇင် (LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

ဒေါ်ဟန်နွေနိုင်(LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၃၅၅၇)
Ph-09-4200 73685

အမှတ်(၅၀) ၀-ထပ်၊ အခန်း(D-2)၊ ဘက်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

### ရန်ကုန်မြို့၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်(၅)ယုဇနလမ်းနှင့်မိုလ်ဥက္ကာမလမ်းထောင့်၊မြေကွက် အမှတ်(၈၆၅)ဧရိယာ(၄၀'x၆၀')ရှိ ဦးရွှေသိမ်း(SRM-၀၁၁၉၆၉)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်နေအိမ် အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ပါအိမ်ခြံမြေကို နှစ်(၆၀)ဂရန်တွင်အမည်ပေါက်သူ-ဦးရွှေသိမ်း(SRM-၀၁၁၉၆၉)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာနှင့်အရောင်းအဝယ်ကတိစာချုပ် (အဆက်ဆက်)တို့အရဝယ်ယူပိုင်ဆိုင်ထားသူ-ဦးမောင်မောင်တင့်လွင်ဦး (၁၂/ရကန(နိုင်)၀၀၆၈၁)ကတရားဝင်ပိုင်ရှင်အဖြစ်လက်ရှိထားပိုင်ဆိုင်ပါကြောင်း နှင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်းဝန်ခံကတိပြုသည့်အတွက်ကျွန်ုပ်တို့၏ မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့်ပတ်သတ်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက် လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် နေ့ရက်ကျော်လွန်သည်အထိကန့်ကွက်မည့်သူမရှိပါက အထက်ပါအိမ်ခြံမြေ အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင်အောင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

( လွှဲအပ်ညွှန်ကြားချက်များအရ )

ဦးသန့်ဇင် (LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

ဒေါ်ဟန်နွေနိုင်(LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၃၅၅၇)
Ph-09-4200 73685

အမှတ်(၅၀) ၀-ထပ်၊ အခန်း(D-2)၊ ဘက်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

# "အထူးဝမ်းမြောက်ဂုဏ်ယူပူဇော်ခြင်း"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၄ရက်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၁)ဖြင့် နိုင်ငံတော်မှသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ကပ်လှူပူဇော်ရာတွင် ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့၊ ပဌ္ဌိမာရုံစာသင်တိုက်၊ ဆရာတော် **"ဒေါက်တာဘဒ္ဒန္တစိန္တိတာလင်္ကာရ"**အရှင်သူမြတ်အား **"မဟာဓမ္မကထိက ဗဟုဇနဟိတဓရ"** ဘွဲ့တံဆိပ်တော်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ပန်းတစ်ပွင့်တောင် သာသနာပြု တောရရိပ်သာကျောင်းတိုက်ဆရာတော် **"ဒေါက်တာဘဒ္ဒန္တပညာသာရ"** အရှင်သူမြတ်အား **"အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ"** ဘွဲ့ ဖြင့် လည်းကောင်း ကပ်လှူပူဇော်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်ဘုရား။ ဆရာတော်ဘုရားများ သက်တော်ရာကျော်ရှည်၍ သာသနာအကျိုးကို အဓွန့်ရှည်စွာ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူစွာဖြင့် သာဓု သာဓု သာဓု ခေါ်ပါသည်ဘုရား။

**သီဟသုဓမ္မသိင်္ဂီဒေါ်ဝင်းစိန်(ဝင်းမေတ္တာစက်ပစ္စည်းနှင့်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ကျိုက်လတ်မြို့**

**သီရိသုဓမ္မသိင်္ဂီဒေါ်စန်းစန်းဦး(မဥ္ဇူထွန်းမြင့်ကုမ္ပဏီလီမိတက်၊ ဘုတ်ဆုံမရေတ်သီးမှုန့်ရောင်းဝယ်ရေး)၊ ရန်ကုန်မြို့**

**သီဟသုဓမ္မသိင်္ဂီဒေါ်နွယ်နွယ်ဌေး (မုံရွာဘုတ်ဆုံနှင့်မောင်နှမများစတီးပစ္စည်းရောင်းဝယ်ရေး)၊ ရန်ကုန်မြို့**

# " အထူးဂုဏ်ယူဝမ်းမြောက်ခြင်း "

ဦးတင်မောင် (မန်နေးဂျင်းဒါရိုက်တာ – SANDHI BROTHERS TRADING CO.,LTD ၊ စန္ဒီဘယဆေးရောင်းဝယ်ရေး)၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) – ၁၉၉၆၊ သီရိသုဓမ္မမဏိဇောတဓရ–၂၀၀၆၊ စန္ဒီဘယဆေးမိသားစု ပရဟိတဖောင်ဒေးရှင်း (ဥက္ကဋ္ဌ)၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ နှစ်စဉ်ကြီးမှူးကျင်းပသည့် နှစ်ဦးဓမ္မသဘင်တရားပွဲဖြစ်မြောက်ရေး ဆပ်ကော်မတီ (ဒု–ဥက္ကဋ္ဌ)၊ တိုင်းကြက်ခြေနီအသင်း (ဒု–ဥက္ကဋ္ဌ)၊ မြန်မာနိုင်ငံ တိုင်းရင်းဆေး ထုတ်လုပ်သူများနှင့် တိုင်းရင်းဆေးဆရာများအသင်း (ဒု–ဥက္ကဋ္ဌ)၊ တိုင်းသာသနာနုဂ္ဂဟအသင်း (ဒု–ဥက္ကဋ္ဌ)၊ မေတ္တာပြည့်ဂသာသနာပြုအဖွဲ့ (ဒု–ဥက္ကဋ္ဌ)၊ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်ဒေသတွင် တည်ထားကိုးကွယ်ထားသည့် ဝိဇယ သိဒ္ဓိကျောက်စိမ်းစေတီတော် တည်ဆောက်ရေးကော်မတီ (ဒု–ဥက္ကဋ္ဌ) အား ၄–၁–၂၀၂၁ ရက်(တနင်္လာနေ့)တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)ဖြင့် နိုင်ငံတော်မှ ချီးမြှင့်ပေးအပ်သော သာသနာတော်ဆိုင်ရာ **သီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်မှ **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့ တံဆိပ်သို့ ထပ်ဆင့် တိုးမြှင့် ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နောင်တွင်လည်းလူမှုရေးအကျိုး၊ ဘာသာ၊ သာသနာအကျိုး ဆတက်ထမ်းပိုး ပိုမိုထမ်းရွက်နိုင်ပါစေကြောင်းနှင့် သာသနာတော်ကို ပိုမိုချီးမြှောက် ထောက်ပံ့နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဒါရိုက်တာများနှင့် ဝန်ထမ်းများ

စန္ဒီဘယဆေးရောင်းဝယ်ရေး – SANDHI BROTHERS TRADING CO.,LTD

## အထူးလှိုက်လှဲစွာ ဝမ်းမြောက် ဂုဏ်ပြုလွှာ



ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် သမ္မတရုံး
အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၁)အရ လူပုဂ္ဂိုလ်များအတွက်သာ
ပေးအပ်သည့် သာသနာတော်ဆိုင်ရာတွင် အမြင့်ဆုံး
ဘွဲ့တံဆိပ်ဖြစ်သော အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ် ချီးမြှင့်
အပ်နှင်းဂုဏ်ပြုခံရသည့် ဒေါ် ညွန့်ညွန့်နှင့်
Myo Naing-Nine Group of Companies ၏ MD
ဦးမျိုးမြင့်နှင့်ဒေါ် သန္တာဝင်း ဖနီးမောင်နှံအား
(၄-၁-၂၀၂၁)တွင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်မှ
ပေးအပ်သည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့်
(သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ် နှင့် သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်) တို့အား
ထိုက်ထိုက်တန်တန် ချီးမြှင့်ခံရသည့်အတွက် အထူးလှိုက်လှဲစွာ
ဝမ်းမြောက်ဂုဏ်ယူပါသည်။



U.MS.Co.Ltd
တစ်သုံးလုံး(၁၁၁)အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး
ဦးအောင်မြတ် မိသားစု
(မော်လမြိုင်)

**ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ (အထက်သဲကုန်ကျေးရွာ)၊ အထက်သဲကုန်ရပ်ကွက်၊ မင်္ဂလာသီရိလမ်း၊ အမှတ်(၈၁)သတ်မှတ်သည့်မြေအကျယ်အဝန်း(၅၅ပေx ပေ၁၀၀)ခန့်မှန်းထဲမှ ခေါင်းရင်းဘက်ခြမ်းမှ မြေအကျယ်အဝန်း(၃၃ပေxပေ၁၀၀ခန့်မှန်း)ရှိ ရွာမြေကွက်နှင့် ပတ်သက်၍**

### ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ ရွာမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဒေါ်မြင့်ဌေး [၁၂/မဘန(နိုင်)၁၁၀၀၉၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသန်းညွန့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၅၅၂၇)**

**ဦးနိုင်ထွဋ်လင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၃၅၅၄၅)**

**ဖူးပွင့်ဝေ Law Firm**
**အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၅၀၆၁၅၇၊ ၀၉–၇၈၅၅၀၆၁၅၇**

### သတိပေးတားမြစ်ခြင်း

**ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဦးအောင်မြတ်ပန်းခြံ၊ (၈)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အိမ်အမှတ်(၆၁၇/ခ)နှင့် (၆၁၈/က)၊ ပေ(၄၀x၆၀) အကျယ်မြေကွက်နှင့် မြေပေါ်ရှိ တစ်ထပ်တိုက်အပါအဝင် (၈)ရပ်ကွက်၊ နဝရတ်ဈေးမှ ဆိုင်ခန်းအမှတ်(၇–က/၄)၊ (၇–က/၅)၊ (၇–က/၆)၊ (၇–က/၇)၊ (၇–က/၈)နှင့် (၇–က/၉)၊** ဆိုင်ခန်း(၆)ခန်းသည် မိဘဖြစ်သူ ဦးထွန်းလှိုင်နှင့် ဒေါ်စောပုတို့၏ ပိုင်ဆိုင်မှုနှင့် မိသားစုပိုင် စီးပွားရေးလုပ်ငန်းများဖြစ်ပြီး၊ မွေးချင်း(၇)ဦးပိုင် အမွေဆိုင်ပစ္စည်းများဖြစ်ကြ၍ မွေးချင်းအစဉ်(၂)၊ (၃)၊ (၄)၊ ဒေါ်ခင်မေရီ၊ ဒေါ်ခင်မြရီနှင့် ဦးခင်မောင်ထွန်းတို့၏ ခွင့်ပြုသဘောတူညီမှုမပါရှိဘဲ မွေးချင်းအစဉ်(၅) ဒေါ်ခင်ခင်ထွေး (ခင်ပွန်း ဦးရဲလွင်)နှင့် (၆)ဒေါ်ခင်ထွေးရီ(ခင်ပွန်း ဦးအောင်ခိုင်)တို့က ၎င်းတို့၏ သဘောဆန္ဒသက်သက်ဖြင့် တစ်ထပ်တိုက်ကိုစည်ပင်ခွင့်ပြုချက်မဲ့ ဖြိုချခြင်း၊ မြေကိုခွဲဝေယူရန် စီစဉ်နေကြခြင်းအား ချက်ချင်းရပ်တန့်ရန်နှင့် ကျွန်ုပ်၏အမှုသည် ဒေါ်ခင်မေရီ၊ ဒေါ်ခင်မြရီနှင့် ဦးခင်မောင်ထွန်းတို့၏ သဘောဆန္ဒမပါဘဲ မိဘများ၏ အထက်ပါပိုင်ဆိုင်မှု မြေအိမ်နှင့် ဆိုင်(၆)ခန်းကို ရောင်းချ၊ ပေါင်နှံ၊ အမည်ပြောင်းခြင်း၊ ပေးကမ်း၊ လဲလှယ်၊ လှူဒါန်း၊ ငှားရမ်းခြင်း တစ်နည်းနည်းလွှဲပြောင်းခြင်း၊ ပြင်ဆင်ခြင်းအစရှိသည့် တစ်ရပ်ရပ် လုံးဝလုပ်ပိုင်ခွင့်မရှိပါကြောင်း ဒေါ်ခင်ခင်ထွေး၊ ဒေါ်ခင်ထွေးရီနှင့် အများသိရှိစေရန် ကြေညာအပ်ပါသည်။

(ခင်မေရီ)
[၁၂/လမန(နိုင်)
၀၅၂၃၅၅]

(ခင်မြရီ)
[၁၂/လမန(နိုင်)
၀၃၂၇၁၈]

ညွှန်ကြားချက်အရ–
(လှသိန်း)
အထက်တန်းရှေ့နေ
(စဉ်–၂၁၉၇၀)
အမှတ်–၄၃၈၊ သုမာလာ(၈)လမ်း၊
(၂)ရပ်ကွက်၊ မြောက်ဥက္ကလာပ၊
ရန်ကုန်မြို့။ ဖုန်း–၀၉–၄၅၅၀၇၀၆၄၉

(ခင်မောင်ထွန်း)
[၁၂/လမန(နိုင်)၀၂၆၉၄၀]
(ညွှန်ကြားချက် မှန်ကန်ပါသည်)

အိုဇုန်းလွှာနှင့် ရာသီဥတု ကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့

ကြေးမုံ ယနေ့ ဖတ်စရာ

သုနာပြုနှင့်သားဖွားဒီပလိုမာ (သုံးနှစ် သင်တန်း)နှင့် သားဖွားဒီပလိုမာ (နှစ်နှစ် သင်တန်း)နောက်ဆုံးနှစ်များ၌ အီလက်ထရွန်နစ်စနစ်သုံး သင်ကြားသင်ယူမှုပုံစံထည့်သွင်းကာ စတင်သင်ကြားမည့် အစီအစဉ်မိတ်ဆက်မှု အခမ်းအနားကျင်းပ
စာမျက်နှာ » ၇

- - - - - - - - - - - -

ငွေကြေးစုဆောင်း၊ နည်းကောင်းလမ်းပြ၊ ကိုဗစ်-၁၉ ကာလ
ဆောင်းပါး စာမျက်နှာ » ၁၀

- - - - - - - - - - - -

ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်
စာမျက်နှာ » ၁၅

- - - - - - - - - - - -

ဇန်နဝါရီ ၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၅၉၆ ဦး တွေ့ရှိ
စာမျက်နှာ » ၁၇



# ကိုကိုးကျွန်းဒေသဖွံ့ဖြိုးရေး လေးခါက်မြောက် YRTA သင်္ဘော ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှု၊ ရန်ကုန်တိုင်းဒေသကြီးမော်တော်ယာဉ်ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကိုကိုးကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေး လေးခါက်မြောက် YRTA သင်္ဘောကြီးသည် ယနေ့နံနက် အစောပိုင်းက မီးလင်းရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ တင်ဆောင်ကာ ရန်ကုန်မြို့ ဆူးလေဆိပ်ကမ်း အမှတ်( ၃)မှ စတင်ထွက်ခွာသွားကြောင်း သိရသည်။

**ပေါင်းစပ်ညှိနှိုင်းပေးမှုနဲ့ပြေးဆွဲ**

"ဒီကနေ့ ကိုကိုးကျွန်းကို ထွက်ခွာတာက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ ကျွန်တော်တို့ YRTA က ပေါင်းစပ်ညှိနှိုင်းပေးမှုနဲ့ ပြေးဆွဲပေးတဲ့ခရီးစဉ် ဖြစ်ပါတယ်။ အခုဆိုရင် ကိုကိုးကျွန်းမီးလင်းနေပါပြီ။ ဒီအခါမှာ ကျန်တဲ့ အထောက်အကူပြုလုပ်ငန်းတွေဆောင်ရွက်ဖို့၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ဖို့နဲ့ နောက်တစ်ခုက ဝန်ထမ်းတွေ ပါပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြောင်းရွှေ့တာဝန်ထမ်းဆောင်မယ့် ရဲတပ်ဖွဲ့ဝင်တွေ ပါပါတယ်။ အဲဒီလိုအဖွဲ့တွေစုပြီးတော့ ဒီနေ့ပို့ဆောင်ပေးတဲ့အစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်"ဟု YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ကြေးမုံသို့ ပြောသည်။ ခရီးစဉ်တွင် လိုက်ပါမည့်သူအားလုံး ကိုဗစ်-၁၉ ရောဂါ ကင်းရှင်းစေရန် ကွာရန်တင်း တစ်ပတ်ဝင်ရကြောင်း သိရသည်။

အဆိုပါခရီးစဉ်တွင် သင်္ဘောသားများအပါအဝင် ခရီးသည် ၆၁ ဦးနှင့် ကုန်တန်ချိန် ၃၅၀ တင်ဆောင်သွားကြောင်း သိရသည်။ ကိုကိုးကျွန်းမီးလင်းရေးနှင့်စပ်လျဉ်း၍ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်လတ်က "ကိုကိုးကျွန်းမြို့နယ်ကို အခုဆိုရင် ဆိုလာနဲ့ ၂၄ နာရီ မီးပေးနေပြီဖြစ်ပါတယ်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ✪



ခုတင် ၁၀၀ ဆံ့ ဆေးရုံပုံစံငယ်ကို တွေ့ရစဉ်။

# ဝေဘာဂီ ခုတင် ၁၀၀ ဆံ့ ဆေးရုံအဆောက်အအုံသစ် စတင်တည်ဆောက်

**ရန်ကုန် ဇန်နဝါရီ ၆**

အေးရှားဝေါလ်ဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းမည့် ခုတင် ၁၀၀ ဆံ့ ဝေဘာဂီဆေးရုံအဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီ အထူးကုဆေးရုံအနီး စီမံကိန်းမြေနေရာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် အေးရှားဝေါလ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က ဆေးရုံသစ်ဆောက်လုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားကာ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က ကျေးဇူးတင်စကားပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က “ဒီဆေးရုံက ပြည်သူကို အမြန်ဆုံးဝန်ဆောင်မှုပေးနိုင်တဲ့ ဆေးရုံတစ်ခုဖြစ်လာနိုင်ဖို့အတွက် အဘက်ဘက်ကနေ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့အတွက်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ကြားမှာ ဆွေးနွေးညှိနှိုင်းပေါင်းစပ်ထားပြီး ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့လည်း ညှိနှိုင်းပေါင်းစပ်ပြီး **စာမျက်နှာ ၁၁ ကော်လံ ၅ သို့** ❖

# တနိုင်းမြို့နယ်၌ ကန့်သတ်ထားရှိသူများအား ဓာတ်ခွဲနမူနာများ ရယူစစ်ဆေး

**တနိုင်း ဇန်နဝါရီ ၆**

ကချင်ပြည်နယ် တနိုင်းမြို့နယ် ဟူးကောင်းဂင်ဒိုင်မနေ့ာကွင်းအတွင်းရှိခန်းမ၌ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲနမူနာများရယူခြင်းနှင့် ကန့်သတ် ၁၄ ရက်ပြည့်မြောက်သူများအား နေအိမ်သို့ ပို့ဆောင်ခြင်းကို ယနေ့မွန်းလွဲ ၂ နာရီက ကျန်းမာရေးဝန်ထမ်းများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးရန်အတွက် ပြည်ပနှင့် ပြည်တွင်းရှိ အခြားမြို့နယ်များမှ နေရပ်သို့ပြန်လည်ရောက်ရှိလာသူ ၁၃ ဦးအား မြို့နယ် ဟူးကောင်းဂင်ဒိုင်မနေ့ာကွင်းအတွင်းရှိခန်းမ၌ ၁၄ ရက် ကန့်သတ်ထားရှိပြီး အဆိုပါကန့်သတ်ထားရှိသူများမှ အမျိုးသမီး ၁၀ ဦးအား ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုနိုင်ရေးအတွက် နှာခေါင်းနှင့်အာခေါင်တို့ဖတ်များ ရယူခဲ့သည်။

နေရပ်သို့ရောက်ရှိလာသူ အမျိုးသား သုံးဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၁၃ ဦးအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ ဓာတ်ခွဲအတည်ပြုနိုင်ရေးအတွက် နှာခေါင်းနှင့်အာခေါင်တို့ဖတ် ဓာတ်ခွဲနမူနာများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အဆင့်ဆင့်သို့ ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းထင်ကျော်(ပြန်/ဆက်)**

